# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့။ Monday, 11 September 2017 (၉၀၄၄)


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)



## နိုင်ငံတော်သမ္မတ ဦးထင်ကျော် အူလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုသခံယူမှု အောင်မြင်

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် လိုအပ်သည့်ကျန်းမာရေးဆေးစစ်မှုများ ခံယူရန်အတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ စက်တင်ဘာ ၈ ရက်တွင် သွားရောက်ခဲ့ကြောင်း၊ ယင်းသို့ ဆေးစစ်ခံယူမှုများ ပြုလုပ်ခဲ့ရာ၌ အူလမ်းကြောင်းတွင် (Colonic Polyp)တွေ့ရှိ၍ စက်တင်ဘာ ၁၀ ရက်တွင် လိုအပ်သည့် ခွဲစိတ်ကုသမှုများဆောင်ရွက်ခဲ့ရာ ခွဲစိတ်ကုသမှု အောင်မြင်မှုရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့ ချက်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

စာမျက်နှာ - ၃



သီလဝါအထူးစီးပွားရေးဇုန်(A)ရှိ Foster Electric Co.,Ltd. အား တွေ့ရစဉ်။

## သီလဝါအထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံလိုသူများအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ကူညီရန်အသင့်ရှိနေ

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်းရှိ မြန်မာ-ဂျပန် အစိုးရနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ဖော်ဆောင်နေသော သီလဝါအထူးစီးပွားရေးဇုန်တွင် ယခုအခါ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ယခင်ထက် ပိုမိုများပြားလာလျက်ရှိရာ ရင်းနှီးမြှုပ်နှံလိုသူ ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များအနေဖြင့် အကူအညီလိုအပ်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)မှ ပေးအပ်ရန် အသင့်ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) အတွင်းရေးမှူး ဦးအောင်နိုင်ဦးက "သီလဝါအထူးစီးပွားရေးဇုန်ကို စတင်ဖော်ဆောင်တုန်းက အခုလောက် မြန်မြန်ဆန်ဆန်ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ မထင်ခဲ့မိပါဘူး။ ခုဆိုရင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေက ယခင်ထက်ပိုမိုများပြားမြင့်တက်လာနေသလို

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖

## ပလတ်စတစ်စက်ရုံ(ရန်ကုန်)မှ ဂျပန်နိုင်ငံသို့ shopping bags များ တစ်လလျှင် တန် ၆၀ နီးပါးတင်ပို့



ပလတ်စတစ်အိတ်များထုတ်လုပ်လျက်ရှိသော မှော်ဘီမြို့နယ် အမှတ်(၁) ပလတ်စတစ်စက်ရုံ (ရန်ကုန်)လုပ်ငန်းခွင်အား တွေ့ရစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၀**

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းလက်အောက်ရှိ မှော်ဘီမြို့နယ် အမှတ်(၁)ပလတ်စတစ်စက်ရုံ(ရန်ကုန်) စက်ရုံခွဲမှ ထုတ်လုပ်လျက်ရှိသော ပလတ်စတစ်အိတ်များ (shopping bags) အား ပြည်တွင်းဖြန့်ဖြူးမှုသာမက နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံသို့ တစ်လလျှင် တန်ချိန် ၆၀ နီးပါး တင်ပို့နေပြီဖြစ်ကြောင်း အဆိုပါစက်ရုံမှ သိရသည်။

"ဈေးဝယ်ရင်သုံးတဲ့ ပလတ်စတစ်အိတ်တွေပေါ့။ ပြည်တွင်းထက် နိုင်ငံတကာကိုတင်ပို့နိုင်ဖို့ ကြိုးစားထုတ်လုပ်နေပါတယ်။ ဂျပန်ကိုတော့ ဈေးကွက်စဖောက်နေပါပြီ။ တစ်လကိုတန်ချိန် ၆၀ လောက် ကွန်တိန်နာကား

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ✪


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

## တည်ငြိမ်အေးချမ်းရေးတွင် ပူးပေါင်းပါဝင်

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက နယ်ခြားစောင့်ရဲစခန်း ၃၀ ကျော်အား တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အင်အားသုံးကာ အလစ်အငိုက်တိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းတို့ ဖြစ်ခဲ့သည်ကို ပြည်သူအားလုံး သိရှိကြပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ် စတင်ဖြစ်ပွားခဲ့သည့် ဩဂုတ် ၂၅ ရက်မှ ယနေ့ကာလအထိ ရခိုင်ပြည်နယ်မြောက်ပိုင်း အထူးသဖြင့် ဘူးသီးတောင်၊ မောင်တောဒေသ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ်နှိမ်နင်းရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရက်သတ္တသုံးပတ်နီးပါးကြာမြင့်လာပြီဖြစ်သော်လည်း အကြမ်းဖက်သမားများက ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့များအား အလစ်အငိုက် တိုက်ခိုက်မှုများ၊ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများ ယနေ့ထက်တိုင် ဖြစ်ပွားနေသေးသည်ကို တွေ့ရသည်။

ပုံမှန်အားဖြင့် နယ်မြေဒေသတစ်ခုတွင် ဖြစ်ပွားခဲ့သောအကြမ်းဖက်တိုက်ခိုက်မှုကို အလေးထားပြီး ဖြန့်ကြက်ရှင်းလင်းဆောင်ရွက်ရာ၌ အချိန်ကာလကြာမြင့်မှု၊ အကြမ်းဖက်တိုက်ခိုက်မှု နေ့စဉ်ဖြစ်ပွားမှုများ ဖြစ်လာစရာ အကြောင်းမရှိချေ။ သို့သော် ယခုဖြစ်စဉ်သည် နိုင်ငံအတွင်း သွေးရိုးသားရိုး ပေါ်ပေါက်လာသော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်မဟုတ်ဘဲ လူမျိုးရေး၊ နိုင်ငံရေးကိုအကြောင်းခံကာ နယ်မြေသိမ်းပိုက်ရရှိရေးအတွက် ကြိုတင်အကွက်ချစီစဉ်ဆောင်ရွက်ခဲ့ခြင်းနှင့် ထိုကိစ္စအပေါ်နိုင်ငံတကာက အာရုံစူးစိုက်လာအောင် တမင်လုပ်ကြံဖန်တီးခဲ့ခြင်းတို့အပြင် ဒေသခံပြည်သူများအား ခုတုံးလုပ်ကာ တိုက်ခိုက်မှုများဖြစ်သောကြောင့် အထူးသတိထားကိုင်တွယ်ဆောင်ရွက်နေရခြင်းဖြစ်သည်ကို နားလည်သိရှိကြလိမ့်မည်ဖြစ်သည်။

သို့သော် ဤအခြေအနေကို ဤအတိုင်းဆက်လက်ဆောင်ရွက်သောအခါ ကာလရှည်ကြာလာသည်နှင့်အမျှ ဘေးပယောဂများ၊ သွေးထိုးလှုံ့ဆော်မှုများ၊ မမှန်မကန်အသိပေးမှုများ၊ လူ့အသိုင်းအဝိုင်းအကြား အမုန်းတရားများ၊ ပဋိပက္ခများ၊ လူမှုစီးပွားထိခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်ပေသည်။ ထိုအခါ ဒေသခံပြည်သူများသာမက နိုင်ငံအတွက်ပါ ဆုံးရှုံးနစ်နာမှုများ ဆက်လက်ဖြစ်ပေါ်နိုင်သောကြောင့် အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းပပျောက်သွားစေရေးအတွက် ပိုမိုထိရောက်သော ရှင်းလင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ကိုင်မည့် နိုင်ငံတော်၏ဆောင်ရွက်မှုများကို ထောက်ခံရမည်သာဖြစ်သည်။

အစွန်းရောက်အကြမ်းဖက်သမားများကို ရှင်းလင်းဖယ်ရှားရမည်မှာ မြန်မာနိုင်ငံသာမဟုတ် ကြုံတွေ့ရသော နိုင်ငံတိုင်းနိုင်ငံတိုင်း ထိထိရောက်ရောက်နှိမ်နင်းကြမည်သာဖြစ်သည်။ သို့သော် အဆိုပါ အစွန်းရောက်အကြမ်းဖက်သမားများကို အကြောင်းပြု၍ ပြည်သူများအနေဖြင့် အထူးသတိထားဆင်ခြင်ကြရမည်ဖြစ်သလို မိမိနိုင်ငံတော်၏ ကျေးဇူးသစ္စာကိုလည်း စောင့်သိလေးစားကြရမည်ဖြစ်သည်။ အစွန်းရောက်အကြမ်းဖက်သမားများနှင့်မပတ်သက်သော်လည်း သွေးထိုးလှုံ့ဆော်သလို၊ မသိကျိုးကျွန်ပြုသလို၊ အားပေးထောက်ခံသလို မပြုလုပ်မိဖို့ အထူးအရေးကြီးပေသည်။

ယခုအခါ သက်ဆိုင်ရာအဖွဲ့အစည်းများက ဒေသန္တရအမိန့်များ ထုတ်ပြန်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အဟန့်အတားဖြစ်စေသော ပြစ်မှုကျူးလွန်သူများအား ဥပဒေအရ ထိရောက်စွာ အရေးယူခြင်း၊ အကြမ်းဖက်မှုနှင့်ပတ်သက်၍ပါဝင်လာပါက ပစ်ခတ်ထိန်းသိမ်းခြင်းတို့ကို ပြုလုပ်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် အထူးသတိထားဖို့လိုမည်ဖြစ်သည်။ ထို့အပြင် တယ်လီဖုန်းမက်ဆေ့ချ်များ၊ ဖေ့စ်ဘွတ်များ၊ မက်ဆင်ဂျာများမှတစ်ဆင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့် သွေးထိုးလှုံ့ဆော်မှု မပြုလုပ်မိဖို့လိုသလို ပြုလုပ်မိပါက ဥပဒေအရ အရေးယူခြင်းခံရနိုင်သည်ကို သတိထားရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်သော လုပ်ဆောင်မှုများ မပြုလုပ်မိစေရန် အထူးသတိထားကြရန်နှင့် နိုင်ငံတည်ငြိမ်အေးချမ်းလုံခြုံရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းပါသည်။ ။

# တစ်နိုင်ငံလုံး၌ သွေးရောဂါဖြစ်ပွားမှုကို သိနိုင်ရန် ဆေးရုံသတင်းအချက်အလက်ကောက်ယူမှုစနစ်၊ လူနာတစ်ဦးချင်းအလိုက် မှတ်တမ်းစနစ်များ ယခုထက်ပိုမိုကောင်းမွန်ရန် ဆောင်ရွက်ရမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

တစ်နိုင်ငံလုံးအနေဖြင့် သွေးရောဂါဖြစ်ပွားမှုအတိုင်းအတာကို သိရှိနိုင်ရန်အတွက် ဆေးရုံသတင်းအချက်အလက် ကောက်ယူမှုစနစ်၊ လူနာတစ်ဦးချင်းအလိုက် မှတ်တမ်းစနစ်များ ယခုထက်ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ရှိ MELIA Yangon Hotel ၌ ကျင်းပသည့် မြန်မာနိုင်ငံဆရာဝန်အသင်း၏ (၆) ကြိမ်မြောက် သွေးရောဂါ ပညာဆိုင်ရာ ညီလာခံအခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စု ဝန်ကြီးက ဆက်လက် ပြောကြားရာတွင် မြန်မာနိုင်ငံဆရာဝန်အသင်း သွေးရောဂါပညာဆိုင်ရာ အဖွဲ့အနေဖြင့် ဖွဲ့စည်းခဲ့သည်မှာ ၁၄ နှစ်နီးပါး ရှိပြီဖြစ်၍ အစဉ်အလာရှိသော အဖွဲ့တစ်ခု ဖြစ်ပါကြောင်း၊ အသင်း၏ သက်တမ်းရလာသည်နှင့်အမျှ အသင်းကြီးအနေဖြင့် မိမိတို့ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်ရှု၍ ပြည်သူတို့အတွက် အထူးသဖြင့် ဝေးလံခေါင်ခဲသောဒေသများမှ ပြည်သူများအတွက် ဝန်ဆောင်မှုများ ပိုမိုပေးအပ်နိုင်စေရေးအတွက် လုပ်ဆောင် ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ၌ ဒေသအလိုက် ကျား၊ မ အသက်အုပ်စုအလိုက် ဖြစ်ပွားလျက်ရှိသော သွေးရောဂါအမျိုးအစားများ၏ အတိုင်းအတာပမာဏကို သိရှိရန် လိုအပ်ပါကြောင်းနှင့် သိရှိမှုသာလျှင် ထိရောက်သော စီမံချက်များရေးဆွဲဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် သွေးရောဂါပညာရှင်များ ယခုထက်ပိုမိုပေါ်ထွက်လာစေရန် လိုအပ်လျက်ရှိပါကြောင်း၊ သွေးရောဂါပညာရပ်များ ပိုမိုပြန့်ပွားစေရန်အတွက် ယခုလက်ရှိ ပါမောက္ခများ၊ အငြိမ်းစား ပါမောက္ခကြီးများက ဦးဆောင်၍ သွေးရောဂါပညာရပ်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်ရသင်တန်းများ ပို့ချပေးခြင်း၊ နောက်ဆုံးပေါ် သွေးရောဂါကုသမှုဆိုင်ရာပညာရပ်များကို သတင်းလွှာအနေဖြင့် ဖြန့်ဝေခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အင်တာနက်ဝက်ဘ်ဆိုက်မှ ဖြန့်ဝေပေးခြင်းများကို ပြုလုပ်ပေးစေလိုပါကြောင်း၊ ဤကဲ့သို့ ပြုလုပ်ပေးခြင်းဖြင့် ဝေးလံခေါင်ခဲသော ဒေသရှိ ဆရာဝန်များ အနေဖြင့်လည်း နောက်ဆုံးပေါ် ကုထုံးများ၊ နည်းစနစ်များကို သိရှိနေမည်ဖြစ်ပြီး ယင်းဒေသရှိ ပြည်သူများအား အရည်အသွေးမီ ကုသမှုများ ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုညီလာခံသို့ တက်ရောက်လာသူ တက်သစ်စပညာရှင်များအနေဖြင့်လည်း အကြံဉာဏ်သစ်များ ရရှိလာမည်ဖြစ်ကြောင်း။




ဆေးတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နှီးနွယ်တက္ကသိုလ်များ၌ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးနည်းစနစ်များကို ပြန်လည်သုံးသပ်၍ သွေးရောဂါပညာရပ်ဆိုင်ရာ အခြေခံများနှင့် ပြည့်စုံစေပြီး အခြားဘာသာရပ်များတွင်လည်း အခြေခံကောင်းများ ရရှိစေရန် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ မြန်မာနိုင်ငံဆရာဝန်အသင်း သွေးရောဂါပညာအဖွဲ့နာယက ပါမောက္ခ ဒေါက်တာရဲမြက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌတို့က ဆေးနှင့်ဆေးပစ္စည်းပြခန်း ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆရာဝန်များ၊ ပညာရှင်များ တက်ရောက်ကြပြီး အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်း၊ မြန်မာနိုင်ငံတို့မှ ပါမောက္ခများ၊ ပညာရှင်များ တက်ရောက် ဆွေးနွေး၍ စာတမ်းများ ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**




## အမှုကြီးများနှင့် ယာဉ်တိုက်မှုအန္တရာယ် လျော့နည်းကျဆင်းရေး အသိပညာပေး

**ကျိုက်ထို စက်တင်ဘာ ၁၀**

ကျိုက်ထိုမြို့နယ်အတွင်း အမှုကြီးများ မဖြစ်ပေါ်စေရေးနှင့် ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းကျဆင်းရေးအတွက် စက်တင်ဘာလ ပထမပတ်က ကျိုက်ထိုမြို့နယ် ကံ့ကော်ရပ်ကွက် ကျိုက်ထီးရိုးဘုရားလမ်းဆုံ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျိုက်ထိုမြို့မစခန်းမှ ဒု-ရဲအုပ်ဝင်းကိုကိုနိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ရဲတပ်ကြပ်ကြီးထွန်းအေးသိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။ ထို့နောက် မော်တော်ယာဉ်မောင်းနှင်သူ၊ စီးနင်းလိုက်ပါသူ ခရီးသည်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြို့ဝင်/ထွက်ဂိတ်များ၌ နယ်မြေလုံခြုံရေး စစ်ဆေးဆောင်ရွက်

**ငါးသိုင်းချောင်း စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းနယ်မြေအတွင်းရှိ ဝဝန်မြစ်ကူးတံတားနှင့် ပုသိမ်-မုံရွာလမ်းမကြီးပေါ်ရှိ မြစ်ကူးချောင်းကူးတံတားများ၊ မြို့အဝင်အထွက်ဂိတ်များ၌ ငါးသိုင်းချောင်းနယ်မြေရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က နယ်မြေလုံခြုံရေးအတွက် စက်တင်ဘာ ၉ ရက် ညပိုင်းတွင် လှည့်ကင်းများ လှည့်လည်စစ်ဆေးခြင်း၊ ခရီးသည်တင်ယာဉ်နှင့်ကုန်တင်ယာဉ်များအား မြို့အဝင်အထွက်ဂိတ်များ၌ ရပ်တန့်စစ်ဆေးခြင်းနှင့် ခိုးဝင်ဘင်္ဂါလီများ ဖြတ်ကျော်ဝင်ရောက်မှုရှိ၊ မရှိစစ်ဆေးခြင်း၊ ဖောက်ခွဲဖျက်ဆီးမှုများမဖြစ်ပေါ်စေရေးအတွက်လှည့်လည်စစ်ဆေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ထူးခြားဖြစ်စဉ်အခြေအနေများဖြစ်ပေါ်လာပါကလည်း အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ပူးပေါင်းဆောင်ရွက်သွားကြရန် နယ်မြေရဲတပ်ဖွဲ့စခန်းမှူးရဲအုပ် ကျော်စိန်လှိုင်က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ငါးသိုင်းချောင်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့ ချက်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ



**ရန်ကုန် စက်တင်ဘာ ၁၀**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ခေါင်းဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံရုံး၏ ဖိတ်ကြားချက်အရ ချက်သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# တောင်ကြီးဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၁၃၂/၆၆/၁၁ KV, (2 x 50) MVA တောင်ကြီးဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးမြို့ အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က တောင်ကြီးခရိုင်အတွင်းရှိ တောင်ကြီး၊ အေးသာယာ၊ အောင်ပန်း၊ ဟဲဟိုး၊ ညောင်ရွှေ၊ ရွှေညောင်၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ အင်တော၊ ဟိုပုံး၊ ကျောက်တန်း၊ ဆီဆိုင်မြို့၊ ကျောက်တလုံးကြီးမြို့များနှင့် လွိုင်လင်ခရိုင် မိုင်းပွန်မြို့တို့ကို ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် ၁၃၂/၆၆/၁၁ KV, (2 x 50) MVA တောင်ကြီးဓာတ်အားခွဲရုံကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် လည်းကောင်း၊ ၁၃၂ KVဓာတ်အားခွဲရုံအတွက် ကလော-ပင်းပက် ဓာတ်အားလိုင်း အမှတ်(၁)နှင့် အမှတ်(၂)မှ အဝင်အထွက် ဓာတ်အားလိုင်းတည်ဆောက်ခြင်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် လည်းကောင်း စတင်တည်ဆောက်ခဲ့ပါကြောင်း၊ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး၍ ဧပြီ ၂၉ ရက်တွင် တောင်ကြီးပင်မဓာတ်အားခွဲရုံမှ ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့ပြီး တောင်ကြီးခရိုင်၏ ဓာတ်အားလိုအပ်ချက်ကို ကလောပင်မဓာတ်အားခွဲရုံနှင့် တောင်ကြီးပင်မဓာတ်အားခွဲရုံတို့မှ နိုင်နင်းစွာ ပို့လွှတ်ဖြန့်ဖြူးပေးနေပြီဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်အတွင်းသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ပြီဖြစ်၍ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိပြီး ဒေသခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စွမ်းအင်အရင်းအမြစ်အမျိုးမျိုးဖြစ်သည့် ရေအား၊ သဘာဝဓာတ်ငွေ့၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ကျောက်မီးသွေး စသည့် ဓာတ်အားထုတ်လုပ်ပေးနိုင်မည့် နည်းလမ်းများကို ချမှတ်ပြီး ၂၀၂၁ ခုနှစ်တွင် မဂ္ဂါဝပ် ၅၀၀၀ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ရေတို၊ ရေရှည် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ နိုင်ငံတော်မှ ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံဆောင်ရွက်ပေးခဲ့သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ၊ ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အထူးအားထည့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူများကလည်း စီမံကိန်းများပြီးစီးရေးကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြင့်ရရှိရေးအတွက် ၁၃၂/ ၆၆/၁၁ KV, (2 x 50) MVA တောင်ကြီးဓာတ်အားခွဲရုံ ဖွင့်လှစ်ခြင်းနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး ၁၃၂/၆၆/၁၁ KV, (2 x 50) MVA တောင်ကြီး ဓာတ်အားခွဲရုံကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး၊ ပြည်နယ် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ၁၃၂/ ၆၆/၁၁ KV, (2 x 50)MVA တောင်ကြီး ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဓာတ်အားခွဲရုံနှင့် Control Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



### ❂ ရွှေဖုံးမှ

လေးလုံးပုံမှန်ပို့နေရပါပြီ”ဟု စက်ရုံမှူး ဦးလန်းမျိုးက ပြောသည်။

စက်မှုဝန်ကြီးဌာနနှင့် သစ်လွင်အထွေထွေ စက်မှုလုပ်ငန်းကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါ New General Industry Co.,Ltd. မှ ထုတ်လုပ်သော shopping bags များကို မန္တလေး၊ ရှမ်း၊ ကရင်၊ မွန်၊ ပဲခူး၊ ဧရာဝတီ၊ မကွေး အစရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

“ပြည်တွင်းဈေးကွက်ထဲမှာ Sky blue တံဆိပ်ရယ်၊ Ever Green ရယ်၊ Rocket Red ရယ်ဆိုပြီး တံဆိပ်သုံးမျိုးထုတ်လုပ်ပါတယ်။ ဒီစက်ရုံက ပြည်တွင်းထက် ပြည်ပတင်ပို့မှုကို အဓိကထားဖို့ရှိတဲ့အတွက် ဂျပန်နိုင်ငံကို တင်ပို့တဲ့အခါမှာလည်း export quality ကို အရည်အသွေးမီအောင် ထုတ်လုပ်ပါတယ်”ဟု စက်ရုံမှူးက ပြောသည်။

နိုင်ငံတကာအဆင့်မီ စက်များဖြင့် စံချိန်စံညွှန်းအမီ ထုတ်လုပ်လျက်ရှိသည့် အဆိုပါစက်ရုံမှ ပြည်တွင်း၊ ပြည်ပသို့ ဖြန့်ဖြူးရောင်းချသည့် ပလတ်စတစ်အိတ်ထုတ်လုပ်မှုမှာ တစ်လလျှင် ပျမ်းမျှအားဖြင့် ၁၆၈ ဒသမ ၃၈ တန်ထုတ်လုပ်နိုင်ပြီး ၁၇၉ ဒသမ ၂၂ တန်ရောင်းချနိုင်ကာ တစ်နှစ်လျှင် နိုင်ငံတော်ဘဏ္ဍာငွေကျပ်သန်းပေါင်း ၃၆၀ နီးပါးရရှိကြောင်း သိရသည်။

အဆိုပါစက်ရုံမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်တွင်း၊ ပြည်ပသို့ စုစုပေါင်းတန်ချိန် ၁၆၂၅ ဒသမ ၈ တန်ထုတ်လုပ်နိုင်ခဲ့ပြီး ၁၆၀၈ ဒသမ ၂ တန် ဖြန့်ဖြူးရောင်းချနိုင်ခဲ့ကာ ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဧပြီလမှ ဩဂုတ်လအထိ စုစုပေါင်းတန်ချိန် ၈၄၁ ဒသမ ၉ တန်ထုတ်လုပ်နိုင်ပြီး ၈၉၆ ဒသမ ၁ တန် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ကိုမြကြီး**

### ❖ သီလဝါအထူးစီးပွားရေးဇုန်မှ

ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ စက်ရုံတွေ၊ အထည်ချုပ် စက်ရုံတွေ၊ ကားအပိုပစ္စည်းစက်ရုံတွေအပြင် အခြားကဏ္ဍအလိုက် ဖွင့်လှစ်လာတဲ့စက်ရုံတွေ အတော်ကိုများပြားလာပါပြီ။ ဒီအပေါ်မှာ ပြည်တွင်း မြန်မာလုပ်သားတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုကလည်း ယခင်ထက်မြင့်တက်လာသလို မြန်မာနိုင်ငံရဲ့ ပို့ကုန်/သွင်းကုန် ကိန်းဂဏန်းတွေမှာလည်း များစွာအထောက်အပံ့ပြုနေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယခုအခါဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရှိလာတဲ့အချိန်မှာ သီလဝါအထူးစီးပွားရေးဇုန်ကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေဝင်ရောက်လာတာဟာ အချိန်ကိုက်တယ်လို့ပြောရမှာပါ။ သီလဝါအထူးစီးပွားရေးဇုန်အပြင် အခြားအလားအလာကောင်းတဲ့ ဒေသတွေမှာလည်း လာရောက်ရင်းနှီးမြှုပ်နှံစေလိုပါတယ်။ ဒီအပေါ်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်တွေကို လိုအပ်တဲ့အကူအညီတွေ ပေးသွားဖို့ အဆင်သင့်ရှိနေပါတယ်”ဟု ပြောသည်။

လက်ရှိအနေအထားအရ သီလဝါအထူးစီးပွားရေးဇုန်သို့ ပြည်တွင်း၊ ပြည်ပဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများအဖြစ် ဟက်တာ ၄၀၀ ကျယ်ဝန်းသော ဇုန်(A)၌ စက်ရုံ အလုပ်ရုံများပါဝင်သော ကုမ္ပဏီ ၇၉ ခု၊ ၁၀၁ ဟက်တာ ကျယ်ဝန်းသော ဇုန်(B)၌ စက်ရုံအလုပ်ရုံများပါဝင်သော ကုမ္ပဏီ ငါးခုတို့ဖြင့် စုစုပေါင်း ကုမ္ပဏီ ၈၄ ခု ဝင်ရောက်ကာ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေကြောင်းသိရသည်။

ယခုအခါ တည်ဆောက်ပြီးစီးနေပြီဖြစ်သော စက်ရုံအလုပ်ရုံ ၃၀ ကျော်မှ လုပ်ငန်းများစတင်လည်ပတ်နေပြီဖြစ်ပြီး ကျန်ရှိနေသောအထူးစီးပွားရေးဇုန် (B)မှာ ယခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်သည် စီမံကိန်းဧရိယာ စုစုပေါင်း ဟက်တာ ၂၄၀၀ ကျယ်ဝန်းပြီး လုပ်ငန်းများကို ဇုန်အဆင့်အလိုက် ဖော်ဆောင်နေကြောင်း သီလဝါအထူးစီးပွားရေးဇုန်ဖော်ဆောင်ရေး မြန်မာ-ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်သည် သန်လျင်မြို့နယ်အပြင် အခြားဝန်းကျင်ဒေသများရှိ ဒေသခံလုပ်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်သော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ ထို့အပြင် လာရောက်ရင်းနှီးမြှုပ်နှံ တည်ဆောက်နေသော စက်ရုံအလုပ်ရုံများမှာ လူမှုပတ်ဝန်းကျင်ဒေသများတွင် သဘာဝဘေးဒဏ်များ ထိခိုက်နိုင်သည့်အခြေအနေများ ဖြစ်ပေါ်လာမည်(သို့) အများပြည်သူအတွက် ကျန်းမာရေးထိခိုက်နိုင်သည့် အခြေအနေများဖြစ်ပေါ်မည်ဆိုလျှင် စက်ရုံတည်ဆောက်ကာ ဝင်ရောက်ရင်းနှီးမြှုပ်နှံခွင့် ပြုမည်မဟုတ်ကြောင်း မြန်မာ-ဂျပန် သီလဝါအထူးစီးပွားရေးဇုန် ဖော်ဆောင်ရေးစီမံကိန်းရုံးမှ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံအစိုးရကြား ပူးပေါင်းဆောင်ရွက်နေသော စက်မှုဇုန်ကြီးဖြစ်ပြီး မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ၅၁ ရာခိုင်နှုန်းဖြစ်၍ ယင်းတို့ထဲတွင် ပြည်တွင်းကုမ္ပဏီကြီးများလည်း ပါဝင်ကြောင်း သိရသည်။ ဂျပန်နိုင်ငံအစိုးရဘက်မှ ၄၉ ရာခိုင်နှုန်းဖြစ်ကာ JICA အပြင် မစ်ဆူဘီရှီ၊ ဆူမီတိုမိုနှင့် ဘဏ်လုပ်ငန်းသုံးခုတို့ ပါဝင်ကြောင်း သီလဝါအထူးစီးပွားရေးဇုန်ဖော်ဆောင်ရေးစီမံကိန်းရုံးမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ပွင့်သစ္စာ**

# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လမြိုင် စက်တင်ဘာ ၁၀**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အကြိုအဖြစ် မော်လမြိုင်မြို့ အမှတ်(၃) အခြေခံပညာအထက် တန်းကျောင်းတွင် ယနေ့နံနက် ၇ နာရီမှ ၁၀ နာရီအထိ တပ်ဖွဲ့ဝင် ၂၀၆ ဦးတို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

ယင်းသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ပြည်နယ်/ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်အကူရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့ဝင်များ၊ ရထားရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးရေးရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ရဲတပ်ဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းရဲတပ်ဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်း စုပေါင်းဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း၊ ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးဇော်မိုး၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီး(ပ) (ဦး/ရေး/ထောက်) ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ ခေတ္တ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၊ အမှတ်(၁၂) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး ကျော်သူနှင့် ခေတ္တမော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းတို့အဖွဲ့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ လိုက်လံကြည့်ရှုပြီး ကိုယ်တိုင်ပါဝင်သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၃၀၇)**

■

ကြေးမုံ


# မော်စကိုမြို့တော် တည်ထောင်မှု နှစ် ၈၇၀ ပြည့်မြောက်ပြီ



**မော်စကို စက်တင်ဘာ ၁၀**

ရုရှားနိုင်ငံ မော်စကိုမြို့တော် တည်ထောင်ခြင်းနှစ် ၈၇၀ ပြည့် အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲအခမ်းအနားများကို စက်တင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ မြို့တော်အနှံ့အပြားတွင် ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

နေရာပေါင်း ၃၀၀ ကျော်တွင် အခမ်းအနားပေါင်း ၄၂၇ ခုကျင်းပရန် စီစဉ်ထားကြောင်း၊ အခမ်းအနားများသို့ ဧည့်သည် ၁၀ သန်းခန့် တက်ရောက်မည်ဟု ခန့်မှန်းရကြောင်း မော်စကိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ရင်ပြင်နီ၌ စက်တင်ဘာ ၉ ရက်က ပြုလုပ်သည့် ဂီတဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မော်စကိုမြို့သားများနှင့် ဧည့်ပရိသတ်အပေါင်းတို့အား မြို့တော်နေ့အထိမ်းအမှတ်နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

မြို့တော်သူမြို့တော်သားများ၏ လူနေမှုဘဝမြင့်မားတိုးတက်စေရေးအတွက် မော်စကိုတွင် အကြီးစားတည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိကြောင်း သမ္မတပူတင်က ပြောကြားသည်။

အရှေ့ဥရောပတွင် တည်ရှိသော မော်စကိုမြို့သည် ရုရှားနိုင်ငံ၏အကြီးဆုံးမြို့ဖြစ်ပြီး ကမ္ဘာ့အထင်ကရမြို့တော်ကြီးလည်း ဖြစ်သည်။

**ဆင်ဟွာ။**

## တရုတ်နိုင်ငံအရှေ့ပိုင်း ယီဝူမြို့မှ ဥရောပအလယ်ပိုင်းရှိ ချက်သမ္မတနိုင်ငံသို့ ပထမဆုံးအကြိမ် ကုန်ရထားခုတ်မောင်း

**ဟန်ကျိုး စက်တင်ဘာ ၁၀**




အဝတ်အစားများ၊ ရှူးဖိနပ်များ၊ ဦးထုပ်များနှင့် ခရစ္စမတ်အထိမ်းအမှတ်ပစ္စည်းများပါဝင်သော ကုန်သေတ္တာ ၈၈ လုံးကို တင်ဆောင်ထားသည့် ရထားတစ်စင်းသည် တရုတ်နိုင်ငံ ယီဝူမြို့မှ ချက်သမ္မတနိုင်ငံ ပရာဟာမြို့သို့ စက်တင်ဘာ ၁၀ ရက်နံနက်တွင် ထွက်ခွာသွားကြောင်း၊ ယီဝူမြို့မှ ပရာဟာမြို့သို့ ကုန်ရထားခုတ်မောင်းခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံမှသည် ဥရောပတိုက်အလယ်ပိုင်းရှိ ချက်သမ္မတနိုင်ငံအထိ ခုတ်မောင်းမည့် အဆိုပါကုန်တင်ရထားသည် မြို့တော်ပရာဟာသို့ ဆိုက်ရောက်ရန် ၁၆ ရက်ကြာမျှ ခရီးနှင်ရမည်ဖြစ်ပြီး လမ်းခရီးတွင် ကာဇက်စတန်၊ ရုရှား၊ ဘီလာရုစ်နှင့် ပိုလန်နိုင်ငံတို့ကို ဖြတ်သန်းကာ ခုတ်မောင်းရမည်ဖြစ်သည်။

ဩဂုတ် ၄ ရက်က မြို့တော်ပရာဟာမှ ထွက်ခွာလာသည့် ပထမဆုံးသော ကုန်ရထားသည် တရုတ်နိုင်ငံအရှေ့ပိုင်း ရှီကျန်းပြည်နယ် ယီဝူမြို့သို့ ဆိုက်ရောက်လာခဲ့သည်။

ကုန်သွယ်ရေးလုပ်ငန်း အချက်အချာပြုရာ ယီဝူမြို့ကို "ကမ္ဘာ့ဈေးခင်းကြီး"ဟု တင်စားခေါ်ဝေါ်ကြပြီး တရုတ်နိုင်ငံနှင့် ဥရောပအကြား ကုန်သွယ်မှုလုပ်ဆောင်နိုင်ရန် ကုန်ရထားခရီးစဉ်များကို ဖွင့်လှစ်ထားပြီဖြစ်သည်။

ယခုနှစ်အတွင်း တရုတ်နိုင်ငံနှင့် ဥရောပအကြား အကြိမ် ၁၀၀၀ မြောက် ကုန်ရထားခရီးစဉ်အဖြစ် မေ ၁၃ ရက်တွင် ယီဝူမြို့မှနေ၍ ဥရောပသို့ ကုန်ရထားတစ်စင်းထွက်ခွာသွားခဲ့သည်။

ယီဝူမြို့မှ ဥရောပမြို့ကြီးများသို့ ဆက်သွယ်ထားသော ရထားလမ်းများတွင် ဟမ်းဘတ်(ဂျာမနီ)၊ မက်ဒရစ်(စပိန်)၊ ရော့တာဒမ်(နယ်သာလန်)နှင့် ဝါဆော(ပိုလန်)တို့ပါဝင်သည်။

ယီဝူမြို့သည် ရှန်ဟိုင်းမြို့တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာတွင် တည်ရှိပြီး ယင်းမြို့မှနေ၍ ကာဇက်စတန်၊ ရုရှား၊ ဘီလာရုစ်၊ ပိုလန်၊ ဂျာမနီ၊ ဘယ်လ်ဂျီယမ်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံများသို့ ရထားလမ်းကွန်ရက်ချိတ်ဆက်ထားသည်။

**ဆင်ဟွာ။**

■

## မော်စကိုမြို့... 

## မက္ကဆီကိုငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၉၀ ထိ မြင့်တက်



**မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၀**

မက္ကဆီကိုနိုင်ငံတွင် လှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ကြောင့် သေဆုံးသူအရေအတွက်မှာ လူ ၉၀ ထိ မြင့်တက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်ဒဏ်အပြင်းထန်ဆုံးခံခဲ့ရသည့် အိုဆီကာပြည်နယ်တွင် ကယ်ဆယ်ရေးလုပ်သားများက စက်ယန္တရားများအသုံးပြုပြီး အပျက်အစီးများအားဖယ်ရှားကာ အပျက်အစီးများအောက်တွင် ပိမိနေသူများကို ကယ်ဆယ်လျက်ရှိသည်။

မက္ကဆီကိုအစိုးရ တာဝန်ချထားသော ဆရာဝန်များကလည်း ငလျင်ဒဏ်ခံပြည်သူများအား ဆေးဝါးကုသမှုများ ပေးလျက်ရှိသည်။

သေဆုံးသူ ၉၀ ရှိသည့်အနက် အိုဆီကာပြည်နယ်တစ်ခုတည်းတွင် ၇၁ ဦးခန့်ရှိပြီး ခြောက်ဦးပျောက်ဆုံးလျက်ရှိသည်။ ရဲအရာရှိတစ်ဦး၏ ရုပ်အလောင်းကို အပျက်အစီးများအောက်မှ တွေ့ရှိခဲ့သည်။

စားနပ်ရိက္ခာ တန်ချိန်ပေါင်းများစွာနှင့် ရေလီတာပေါင်းများစွာကို သမ္မတပီနာနီတိုက ထောက်ပံ့ပေးလျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များကိုပါ စေလွှတ်ခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် ငလျင်ဒဏ်ခံပြည်သူများအား လမ်းမများပေါ်နှင့် စာသင်ကျောင်းများတွင် ယာယီဒုက္ခသည် စခန်းများဖွင့်လှစ်ကာ လိုအပ်သည့်အကူအညီများ ပေးလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

■

## မောင်းသူမဲ့လေယာဉ်များ မှတ်ပုံတင်ရေးစနစ် ကုလသမဂ္ဂမြို့ပြလေကြောင်းအေဂျင်စီ အဆိုပြု

**မွန်ထရီယယ် စက်တင်ဘာ ၁၀**

ကမ္ဘာတစ်ဝန်းတွင် မောင်းသူမဲ့လေယာဉ်(ဒရုန်းလေယာဉ်) အသုံးပြုခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများကို တစ်ပြေးညီ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းမှုအဖြစ် ဒရုန်းလေယာဉ်မှတ်ပုံတင်ရေးစနစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ရေးအတွက် ကုလသမဂ္ဂလက်အောက်ခံ မြို့ပြလေကြောင်း အေဂျင်စီဖြစ်သော နိုင်ငံတကာမြို့ပြလေကြောင်း အဖွဲ့(အိုင်စီအေအို)က ထောက်ခံကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု၊ ဥရောပနှင့် တရုတ်နိုင်ငံတို့၌ မောင်းသူမဲ့လေယာဉ်များအသုံးပြုမှုတိုးပွားလာနေချိန်တွင် ဒရုန်းလေယာဉ်ဆိုင်ရာ တစ်ခုတည်းသော မှတ်ပုံတင်ရေးစနစ်တစ်ရပ်ကို ထူထောင်သင့်ကြောင်း အိုင်စီအေအိုက ပြောကြားသည်။

ဒရုန်းလေယာဉ်များ အသုံးတွင်ကျယ်လာခြင်းဖြင့် ပုဂ္ဂလိကလွတ်လပ်ခွင့် ထိပါးခံရသည်ဆိုသော စိုးရိမ်ပူပန်မှုများပေါ်ထွက်ခဲ့ပြီး ယင်းယာဉ်များနှင့် မြို့ပြလေကြောင်း ခရီးသည်တင်လေယာဉ်များတိုက်မိရာမှ မတော်တဆမှုများဖြစ်ပေါ်လာနိုင်သည်ဟူ၍လည်း သောကဖြစ်လာကြရသည်။

မောင်းသူမဲ့လေယာဉ်များအား ကွန်ပျူတာဒေတာဘေ့စ်စနစ်အသုံးပြု၍ တစ်နေရာတည်းတွင် မှတ်ပုံတင်ရန် အိုင်စီအေအိုက အဆိုပြုသော်လည်း ယင်းစနစ်ကိုမည်သူက တာဝန်ယူလုပ်ဆောင်မည်ဆိုခြင်းနှင့်ပတ်သက်၍ အတိအကျဖော်ပြထားခြင်းမရှိပေ။ သို့ရာတွင် အိုင်စီအေအိုအနေဖြင့် ယင်းစနစ်ကို တာဝန်ယူဆောင်ရွက်နိုင်ဖွယ်ရှိသည်။

မောင်းသူမဲ့လေယာဉ်အသုံးပြုသူများကမူ အိုင်စီအေအို၏ အဆိုပြုချက်ကို ဝိုင်းဝန်းကန့်ကွက်ကြဖွယ်ရှိသည်။ အမေရိကန်ဖက်ဒရယ်မြို့ပြလေကြောင်းဌာနက မောင်းသူမဲ့လေယာဉ်များ မှတ်ပုံတင်ရေးစနစ်တစ်ရပ်ကို ထူထောင်ရန် အဆိုပြုခဲ့စဉ်ကလည်း မောင်းသူမဲ့လေယာဉ်ဝါသနာရှင်များက တရားရုံးမှတစ်ဆင့် ကန့်ကွက်ခဲ့ကြသေးသည်။

မောင်းသူမဲ့လေယာဉ်များအား မှတ်ပုံတင်ရေး၊ ယင်းယာဉ်များ၏ ပျံသန်းမှုလမ်းကြောင်းကို ထောက်လှမ်းစောင့်ကြည့်ရေးစသည့် အကြောင်းရပ်များနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ရန် အိုင်စီအေအိုက စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ နှီးနှောဖလှယ်ပွဲတစ်ရပ်ကျင်းပရန် စီစဉ်ထားသည်။

**ရိုက်တာ။**



# အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများနှင့် နယ်စပ်ခြံစည်းရိုးကာရံရန်အတွက် ဒုတိယအကြိမ် အလှူငွေများပေးအပ်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများနှင့် နယ်စပ်ခြံစည်းရိုး ကာရံရန်အတွက် ဒုတိယအကြိမ် အလှူငွေများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် နယ်စပ်ခြံစည်းရိုးကာရံခြင်းအတွက် အလှူရှင်များဖြစ်ကြသည့် အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းက လှူဒါန်းငွေကျပ် သိန်း ၃၁၆၉၀၊ Gate Ways Group of Co.,Ltd. က လှူဒါန်းငွေကျပ် ၆၃၃၈ သိန်းကို လည်းကောင်း၊ ရန်ကုန်မြို့ တိပိဋကရမ်းပြဲ ဆရာတော်နှင့်အဖွဲ့က ငွေကျပ် သိန်း ၃၀၀၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်(ရုံးချုပ်)က ငွေကျပ် သိန်း ၂၀၀၊ မြန်မာ စီးပွားရေးကော်ပိုရေးရှင်းနှင့် မိတ်ဖက်ကုမ္ပဏီများက ငွေကျပ် ၁၈၂ သိန်းနှင့် တစ်ဦးချင်း အလှူရှင်နှစ်ဦးတို့က အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် Kythar Co.,Ltd. က ငွေကျပ် သိန်း ၁၀၀၀၊ ဖားကန့်ဒေသ ရခိုင်လူမှုရေးအဖွဲ့က ငွေကျပ် သိန်း ၁၅၀၀၊ မန္တလေး ရခိုင်လူမှုရေးအဖွဲ့က ငွေကျပ် သိန်း ၇၀၀၊ မီယာဝင်း ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၅၀၀၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်ပြည်နယ် ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ (ရန်ကုန်)က ငွေကျပ် သိန်း ၁၅၀၊ အေးရှားဝေါလ်ဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် Mytel စတုတ္ထမြောက် ဆက်သွယ်ရေးလုပ်ငန်း Co.,Ltd.က ငွေကျပ် သိန်း ၁၀၀၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၏ မိတ်ဖက်ကုမ္ပဏီ ၁၈ ခုက ငွေကျပ် ၆၃ သိန်း၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၀) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများက ငွေကျပ် သိန်း ၅၀၊ နှလုံးလှမေတ္တာရှင်များဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၅၀၊ မြဝတီဘဏ်လီမိတက်က ငွေကျပ် သိန်း ၅၀၊ ကြေးနီသတ္တုတွင်းလုပ်ငန်း (မုံရွာ)က ငွေကျပ် သိန်း ၅၀ နှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။



ယနေ့ ကျင်းပသည့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် စေတနာရှင် ပြည်သူများ၏ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် သိန်းပေါင်း ၄၃၆၀၃ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်း၊ ရသေ့တောင်မြို့နယ်အတွင်း ဒေသန္တရအမိန့် ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၁၀**

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာလာကြသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် အလှူငွေ၊ စားနပ်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို စစ်တွေမြို့သို့ လာရောက် ထောက်ပံ့လှူဒါန်းကြကြောင်းနှင့် ရသေ့တောင်မြို့နယ်အတွက် ဒေသန္တရ အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။



အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့သည် စက်တင်ဘာ ၈ ရက်က စစ်တွေမြို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်ခန်းမ၌ မောင်တောဒေသတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အလှူငွေကျပ် သိန်း ၂၀ နှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ရာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်မှူးက လက်ခံရယူသည်။

ထို့နောက် စစ်တွေမြို့ရှိ မဏိရတနာကျောင်းတိုက်၌ နေရပ်စွန့်ခွာ၍ ယာယီခိုလှုံနေကြသည့် တိုင်းရင်းသားပြည်သူ အိမ်ထောင်စု ၉၆ စုမှ လူဦးရေ ၃၁၃ ဦးတို့အတွက် စားနပ်ရိက္ခာများ၊ အဝတ်အထည်အသုံးအဆောင်ပစ္စည်းများနှင့် တစ်နေ့တာစားသောက်စရိတ် ကုန်ကျငွေကျပ် ငါးသိန်းကို ထောက်ပံ့လှူဒါန်းပြီး ခင်ပွန်းသည် သေဆုံးသည့် အမျိုးသမီးများ၊ မိသားစုဝင်များသေဆုံးပြီး တစ်ဦးတည်း ကျန်ရစ်ခဲ့သည့် အမျိုးသမီးငယ်နှစ်ဦးနှင့် သားနှစ်ဦးစလုံး သေဆုံးပြီး ကျန်ရစ်ခဲ့သည့် မိခင်တို့အတွက် ထောက်ပံ့ငွေငါးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ယနေ့တွင် ဘူးသီးတောင်မြို့ရှိ နေရပ်စွန့်ခွာလာကြသူ တိုင်းရင်းသားပြည်သူများ နေထိုင်ရာ ယာယီစခန်းများသို့ သွားရောက်ပြီး အလှူငွေနှင့် စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းကြသည်။

ဘူးသီးတောင်မြို့နယ် နယ်မြေ (၁၀)စေတီပြင်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သပြေတောကျေးရွာသို့ နယ်မြေရှင်းလင်းရန် သွားရောက်စဉ် ကျေးရွာအတွင်းရှိ နေအိမ် ၂၃၇ လုံး မီးလောင်ကျွမ်းနေပြီး ရွာသူရွာသားများမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။ အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၁၂၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်တင်ဘာ ၁၀ ရက် ရက်စွဲဖြင့် ဒေသန္တရအမိန့်(၁/၂၀၁၇)ကို မြို့နယ်အုပ်ချုပ်ရေးမှူးက လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာသည်။

အဆိုပါ ဒေသန္တရအမိန့်တွင် ရသေ့တောင်မြို့နယ် အတွင်း အကြမ်းဖက်ရန် ရည်ရွယ်ချက်ဖြင့် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ခြင်း၊ ပေါက်ကွဲအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများ ကိုင်ဆောင်ခြင်း၊ စုဆောင်းခြင်း၊ တိုက်ခိုက်ခြင်း၊ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ဝင်ရောက် လုယက်ခြင်း၊ ဆူပူမှုဖြစ်စေမည့် မမှန်သတင်းများ ထုတ်လွှင့်ခြင်းများ မပြုလုပ်ကြစေရန်နှင့် ထိုသို့ ပြုလုပ်ရန် သတင်းရရှိပါက ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များသို့ အမြန်ဆုံး သတင်းပေးပို့ကြရန် ဟူ၍ ပါရှိသည်။

ထို့အပြင် မြို့နယ်အတွင်း အကြမ်းဖက်ရန် ရည်ရွယ်ချက်ဖြင့် တားမြစ်ချက်များကို ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ဟန့်တားခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်ဟု စသည်ဖြင့် ဖော်ပြပါရှိသည်။

တောင်ပြိုလက်ဝဲ မြို့နယ်ရှိ နံ့သာတောင် ပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅၅ ဦး၊ ဆရာ ဆရာမ ခုနစ်ဦး၊ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်း သုံးဦး၊ ရွာသူရွာသား ၁၀၁ ဦး စုစုပေါင်း ၃၆၆ ဦးအား တပ်မတော်မော်တော်ယာဉ်ခြောက်စင်းနှင့် အရပ်ဘက် မော်တော်ယာဉ်တစ်စီးတို့ဖြင့် မောင်တောမြို့သို့ ပို့ဆောင်ပေးခဲ့ရာ မောင်တောမြို့ ဘုန်းတော်ကြီးကျောင်းသို့ ညနေ ၅ နာရီခွဲတွင် ရောက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## တောင်တွင်းကြီးမြို့နယ်တွင် လူအုပ်စုဖြင့် ဝိုင်းအုံမှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်များ အချိန်မီ တားဆီးနိုင် ဖမ်းဆီးမှုများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အုန်းတော(၁)ရပ်ကွက် တောင်တွင်း-မကွေး မော်တော်ကားလမ်းပေါ်ရှိ ဆိတ်သားသတ်လုပ်ငန်း လုပ်ကိုင်သူ ကိုဂျင်းနား၏ နေအိမ်အား လူငယ် ၅၀ ခန့်(စိစစ်ဆဲ)က ခဲများဖြင့် ပစ်ပေါက်ခဲ့ပြီး နိုင်ငံတော်သီချင်းသီဆို၍ ရွှေကြာအင်း(၁) ရပ်ကွက်ရှိ ဗလီဘက်သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသဖြင့် ည ၈ နာရီ ၅ မိနစ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်မော် ဦးစီး ရဲတပ်ဖွဲ့ဝင်အင်အား (၆+၄၀)ဦးက ဗလီအား ပိတ်ဆို့ကာကွယ်ခဲ့ရသည်။

ည ၉ နာရီခန့်တွင် ဗလီ၏မြောက်ဘက် တောင်တွင်း-မကွေးကားလမ်းပေါ်တွင် လေးခွများ၊ ကျောက်ခဲများ ကိုင်ဆောင်ထားသည့် လူ ၇၀ ခန့်သည် လည်းကောင်း၊ ဗလီ၏ အရှေ့တောင်ဘက်လမ်းမပေါ်မှ လာရောက်ကြည့်ရှုသူ လူ ၄၀၀ ခန့်သည်လည်းကောင်း စုဝေးရောက်ရှိလာ၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ဦးစီး လုံခြုံရေးအဖွဲ့များက လူစုခွဲရန် အသံချဲ့စက်ဖြင့် အကြိမ်ကြိမ်သတိပေးသော်လည်း လူစုမခွဲသဖြင့် ညာသံပေးပြီး ဒိုင်းများဖြင့် တွန်းထုတ်ခဲ့ရသည်။ ထိုသို့ ရဲတပ်ဖွဲ့ဝင်များက စနစ်တကျ လူစုခွဲခဲ့ရာ ည ၉ နာရီခွဲတွင် လူစုကွဲ၍ ထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်မှုမရှိခဲ့ဘဲ ခဲဖြင့် ပစ်ပေါက်သည့်အဖွဲ့မှ မောင်းတိုင်(၂)ရပ်ကွက်နေ နှင်းကိုကိုလင်း(၃၀)နှစ် (အဘ)ဦးဖိုးထောင်အား ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူအား စစ်ဆေးလျက်ရှိပြီး ကနဦးစိစစ်ချက်အရ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသည့် ကိစ္စရပ်များအပေါ် မကျေနပ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ရှာဖွေဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ည ၉ နာရီ ၄၀ မိနစ်တွင် တောင်တွင်းကြီးမြို့ အမှတ်(၇)လေ့ကျင့်ရေးတပ်မှ ဗိုလ်ကြီးနေမျိုးဦး ဦးစီးအင်အား (၁+၂၀) လာရောက်ပူးပေါင်း၍ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ပူးပေါင်းကာ လုံခြုံရေးတင်းတင်းကျပ်ကျပ် ဆောင်ရွက်ခဲ့သည်။

အလားတူ တောင်တွင်းကြီးမြို့ လုံခြုံရေးအား ပူးပေါင်းဆောင်ရွက်ရန် မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွန်း ဦးစီးအင်အား (၅+၂၅) ဦးသည် ည ၉ နာရီ ၁၀ မိနစ်တွင် မကွေးမြို့မှ ထွက်ခွာလာပြီး တောင်တွင်းကြီးမြို့ တည်ငြိမ်အေးချမ်းရေးနှင့် ပါဝင်ပတ်သက်သူများ ရှာဖွေဖမ်းဆီးရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ဆူပူမှုများ၊ ပဋိပက္ခများဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်သူများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူရန် ထုတ်ပြန်ထားပြီးဖြစ်သည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ဥပဒေနှင့်အညီ အေးချမ်းစွာနေထိုင်၍ ကူညီကြပါရန် တိုက်တွန်းထားကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဒေသခံလူနည်းစုတိုင်းရင်းသားများအား တွေ့ဆုံပြီး ၎င်းတို့၏အကြမ်းဖက်ခံရမှုနှင့် ခံစားချက်စကားသံများကိုနားထောင်၍ လိုအပ်ချက်များဖြည့်ဆည်း

**နေပြည်တော် စက်တင်ဘာ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ခံစားရသည့် ဒေသခံလူနည်းစုတိုင်းရင်းသားများဖြစ်သော မြို၊ သက်၊ ဒိုင်းနက်၊ ခမီ၊ ရခိုင်တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအားတွေ့ဆုံ၍ ၎င်းတို့၏ ခံစားချက်များ၊ စကားသံများကို နားထောင်ခဲ့သည်။

မြိုတိုင်းရင်းသားများက ပြောကြားရာတွင် မိမိတို့တိုင်းရင်းသားများသည် မောင်တောဒေသတွင် လူနည်းစုဖြစ်ကြောင်း၊ မိမိတို့ မြိုတိုင်းရင်းသားများ အသတ်ခံရသောဖြစ်စဉ်များကြောင့် ကြောက်ရွံ့နေကြောင်း၊ မိမိတို့သည် တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်သောကြောင့် အေးအေးချမ်းချမ်းဖြစ်လျှင် မိမိဒေသတွင်သာ နေထိုင်လိုကြောင်း၊ သို့သော် လူနည်းစုဖြစ်သောကြောင့် တိုင်းရင်းသားများစုပေါင်း၍ နေထိုင်လိုကြောင်း၊ မိမိတို့ မြိုတိုင်းရင်းသားများသာမက အခြားတိုင်းရင်းသားများနှင့်ပါ ပူးပေါင်း၍ နေထိုင်လိုကြောင်း၊ ကားလမ်းဘေးတွင် ရွာများတည်ပေးစေလိုကြောင်း ပြောကြားသည်။

ဒိုင်းနက် တိုင်းရင်းသားတစ်ဦးက ပြောကြားရာတွင်လည်း မိမိတို့သည် လူနည်းစုတိုင်းရင်းသားများဖြစ်ကြောင်း၊ မိမိတို့နေထိုင်သည့်ရွာတွင် လူဦးရေစုစုပေါင်း ၁၀၀ ကျော်သာရှိကြောင်း၊ မိမိတို့၏ ဘေးပတ်ဝန်းကျင်တွင် လူဦးရေသောင်းဂဏန်းရှိသော လူများစုဖြစ်သည့် ဘင်္ဂါလီများနေထိုင်ကြသဖြင့် လုံခြုံရေးကောင်းမွန်မှသာလျှင် မိမိဒေသတွင် နေထိုင်ဝံ့မည်ဖြစ်ကြောင်း ပြောကြားသည်။

သက်တိုင်းရင်းသားတစ်ဦးက မိမိတို့သည် လူနည်းစုများဖြစ်၍ အကြမ်းဖက်လုပ်ဆောင်သူများနှင့် နီးကပ်စွာ ဆက်လက်မနေထိုင်ဝံ့တော့ကြောင်း၊ ထို့ကြောင့် မိမိဒေသမှ စွန့်ခွာလာရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးအင်အားကောင်းမွန်ပြီး လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကောင်းမွန်ရန် လိုအပ်ကြောင်း၊ လုံခြုံမှုရှိမှ မိမိဒေသသို့ ပြန်ဝံ့မည်ဖြစ်ကြောင်း ပြောကြားသည်။

ဟိန္ဒူဘာသာဝင်တစ်ဦးက ခမောင်းဆိပ်ဟိန္ဒူရွာမှာ အိမ်ထောင်စု ၂၃စု၊ လူဦးရေ ၁၀၈ ဦးရှိရာ ၉၆ ဦးမှာ ပျောက်ဆုံးနေကြောင်း၊ အမျိုးသမီး ခြောက်ဦးနှင့် ကလေးသုံးဦးကို အကြမ်းဖက်သမားများက ခြိမ်းခြောက်ဖမ်းဆီးပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ခေါ်သွားကြောင်း၊ လမ်းခရီးတွင် ဟိန္ဒူဘာသာဝင်အမျိုးသမီးများ မုဒိမ်းကျင့်ခံရကြောင်း၊ ထို့ပြင် ခြိမ်းခြောက်ပြီး ဟိန္ဒူအမျိုးသားခင်ပွန်းများကို ရခိုင်တိုင်းရင်းသားများကသတ်ဖြတ်သည်ဟု ဗီဒီယိုတွေ့ဆုံခန်းတွင် အတင်းအကျပ်ပြောခိုင်းကြောင်း၊ ယင်းဗီဒီယိုများကို လူမှုကွန်ရက်များတွင် တင်ထား ကြောင်း၊ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဟိန္ဒူဘာသာဝင် အကြီးအကဲတစ်ဦးက ကယ်တင်ထားပြီးဖြစ်ကြောင်း၊ မိမိတို့အား ဖုန်းဆက်အကြောင်းကြား၍ သိရှိရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့ပြင် အိုးထိန်းရွာမှ ဟိန္ဒူဘာသာဝင် ၆၀၀ ကျော်ရှိသည့်အနက် ၄၉၅ ဦးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုတူပါလောင်ရွာသို့ ရောက်ရှိခိုလှုံနေကြောင်း၊ မိမိတို့နှင့် ဖုန်းအဆက်အသွယ်ရကြောင်း၊ ၁၄၄ ဦးမှာပျောက်ဆုံးနေကြောင်း၊ ထို့ကြောင့် ပျောက်ဆုံးနေသော ဟိန္ဒူဘာသာဝင်များအရေးကို ဆောင်ရွက်ပေးစေလိုကြောင်း”ပြောကြားသည်။

ရခိုင်တိုင်းရင်းသားများက ပြောကြားရာတွင် အကြမ်းဖက်သမားများက လမ်းများတွင် မိုင်းတွေထောင်ထားကြောင်း၊ မောင်တောမြို့ပေါ်တွင်ပင် အကြမ်းဖက်မီးရှို့သည့်ကိစ္စများ ဖြစ်ခဲ့ကြောင်း၊ မြို့ပေါ်ကိုလည်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားရွာများမှာ လူနည်းစုဖြစ်၍ ဆက်လက်မနေထိုင်ဝံ့ဘဲ နေရပ်စွန့်ခွာလာကြကြောင်း၊ ကိုယ့်မြေကိုယ့်ရေကို မစွန့်လွှတ်လိုကြောင်း၊ လုံခြုံရေးအပြည့်အဝချထားပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယခုလိုဖြစ်စဉ်များ၊ ရင်တွင်းခံစားချက်များကို ပြောကြားသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်း၍ အကောင်းဆုံးဆောင်ရွက်ပေးနေပါကြောင်း၊ မိမိတို့အစိုးရသည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားအရေးကိုဦးစားပေး၍ လက်တွေ့ဆောင်ရွက်လျက်ရှိကြောင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများကိုလည်း ဘေးဒုက္ခရောက်သူတိုင်းအား မျှတစွာခွဲခြားမှုမရှိဘဲ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအကြမ်းဖက်ဖြစ်စဉ်ကြောင့် လူနည်းစုတိုင်းရင်းသားများနှင့် မောင်တောဒေသလုံခြုံရေးအတွက် အားလုံးပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် လူနည်းစုတိုင်းရင်းသားများအတွက် ပညာရေး၊ ကျန်းမာရေး၊လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည်တို့တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်၍ အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မောင်တောမြို့ပေါ်စုရပ်များသို့ နေရပ်စွန့်ခွာလာကြသော လူနည်းစုတိုင်းရင်းသားပြည်သူ ၃၅၈၆ ဦးအတွက် လတ်တလောအသုံးစရိတ်အဖြစ် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၇၁၇၂၀၀၀ အား ထောက်ပံ့ပေးခဲ့သည်။



ထို့နောက် အမှတ်(၂)မူလွန်ကျောင်းသို့ သွားရောက်၍ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်နေသော ဟိန္ဒူဘာသာဝင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ကလေးများအား မုန့်နှင့်အရုပ်များ ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နေရပ်စွန့်ခွာလာရသော လူနည်းစုဒေသခံတိုင်းရင်းသားများဖြစ်သော ခမီ၊ မြို၊ ဒိုင်းနက်၊ ရခိုင်တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအားတွေ့ဆုံ၍ လူနည်းစုတိုင်းရင်းသားများ၏ စကားသံများကို နားထောင်ခဲ့သည်။

အများစု၏ တင်ပြချက်မှာ မိမိတို့ရခိုင်ဒေသတွင် ဒေသခံတိုင်းရင်းသားများနှင့် လူနည်းစုများဖြစ်သော ဒိုင်းနက်၊ သက်၊ မြို၊ ခမီ၊ ကရင်နှင့် ဟိန္ဒူဘာသာဝင်များသည် လူနည်းစုဖြစ်ကြပြီး လူများစုဖြစ်သော ဘင်္ဂါလီများ၏ အကြမ်းဖက်မှုကိုခံနေရခြင်းဖြစ်ကြောင်း၊ ဤအကြမ်းဖက်သမားများ၏ စတင်တိုက်ခိုက်မှုများ၊ အပြစ်မဲ့လူနည်းစုတိုင်းရင်းသားများအား ရက်စက်စွာသတ်ဖြတ်ခြင်းများသည် အလွန်ပင်ကြမ်းကြုတ်လှသဖြင့် ကြောက်ရွံ့တုန်လှုပ်ကြရပြီး ယခုတိုင် ကြောက်စိတ်ဖြင့် စိတ်ဒုက္ခခံစားနေရကြောင်း၊ လုံခြုံမှုကို ဆောင်ရွက်ပေးသော်လည်း စိတ်မချဖြစ်နေသေးကြောင်း ပြောကြားသွားသည်။

ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ပေါ် စုရပ်များသို့ နေရပ်စွန့်ခွာလာကြသော လူနည်းစုတိုင်းရင်းသားပြည်သူ ၂၃၂၉ ဦး အတွက် လတ်တလောအသုံးစရိတ်အဖြစ် ထောက်ပံ့ငွေကျပ် ၄၆၅၈၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မဏိရတနာကျောင်းတိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်ထံမှ ဩဝါဒခံယူခဲ့သည်။ ထို့နောက် နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းတိုက်တွင်ခိုလှုံနေသော မိသားစုများအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုကူညီရေးလုပ်ငန်း၊ ကလေးများအတွက် ကလေးပျော်နေရာများဖန်တီးပေးခြင်းနှင့် ကလေးများ ကျန်းမာကြံ့ခိုင်စေရန် ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများနှင့် အသက်နှစ်နှစ်အောက် ကလေးများအား ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ကလေးများအတွက် ကစားစရာအရုပ်များနှင့် မုန့်များ ပေးအပ်ခဲ့သည်။

ထို့နောက် စစ်တွေမြို့ပေါ်ရှိစုရပ်များတွင် ရောက်ရှိနေသော နေရပ်စွန့်ခွာလာကြသည့် တိုင်းရင်းသား ၅၃၆၅ ဦးအတွက် လတ်တလောအသုံးစရိတ်အဖြစ် ထောက်ပံ့ငွေကျပ် ၁၀၇၃၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရသေ့တောင်မြို့နယ် ယာယီစခန်းများရှိ တိုင်းရင်းသားများအတွက် ပညာသင်စရိတ်နှင့် စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့

**စစ်တွေ စက်တင်ဘာ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများ၌ ခေတ္တခိုလှုံနေထိုင်ကြသော မောင်တောဒေသမှ နေရပ်စွန့်ခွာလာကြသည့် တိုင်းရင်းသားများအတွက် ပညာသင်စရိတ်နှင့် တစ်ပတ်စာ စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့ပေးအပ်သည်။

ရှေးဦးစွာ ရသေ့တောင်မြို့နယ် အထကကျောင်း ယာယီကယ်ဆယ်ရေးစခန်းတွင် နေထိုင်ကြသည့် နေရပ်စွန့်ခွာမိသားစုဝင်များ၏ သားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေများနှင့် အိမ်ထောင်စုဝင်များအတွက် တစ်ပတ်စာ စားနပ်ရိက္ခာကုန်ကျစရိတ်များ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ရသေ့တောင်မြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်အားပေးစကားပြောကြားပြီး အသက်(၉၀)ကျော် အဘိုးအဘွားသုံးဦးတို့အား ထောက်ပံ့ငွေနှင့် စားနပ်ရိက္ခာများ၊ တာပေါ်လင်လိပ်များကို ထောက်ပံ့ပေးအပ်သည်။



“ပညာရေး ထောက်ပံ့စရိတ်အနေနဲ့ ကျောင်းဝတ်စုံနဲ့ ဗလာစာအုပ်တွေဝယ်ယူဖို့ ထောက်ပံ့ပေးတာပါ။ ဒီထောက်ပံ့ငွေတွေက ကျွန်တော်တို့ဌာနကို အများပြည်သူတွေ လှူဒါန်းထားတဲ့ ငွေတွေဖြစ်ပါတယ်။ စားသောက်စရိတ်တွေကိုတော့ ကျွန်တော်တို့ဌာနရဲ့ ဘတ်ဂျက်ငွေထဲကနေ ထောက်ပံ့ပေးတာဖြစ်ပါတယ်”ဟု အလှူငွေထောက်ပံ့ပေးအပ်ပွဲတွင် ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

မောင်တောဒေသမှ ရသေ့တောင်မြို့နယ်သို့ နေရပ်စွန့်ခွာရောက်ရှိလာကြသော ဒေသခံတိုင်းရင်းသား ၈၀၀ ကျော်ရှိပြီး ၎င်းတို့တွင် တောင်ပေါ်၊ ညောင်ချောင်းနှင့် သိမ်တောင်ကျေးရွာများမှ ဒိုင်းနက်လူမျိုးများ အများဆုံးပါဝင်ကြောင်း၊ ၎င်းတို့အတွက် နေ့စဉ်စားသောက်စရိတ်နှင့် ကျန်းမာရေးကိစ္စများကို ပြည့်စုံစွာ ထောက်ပံ့ကူညီပေးနေသည့်အပြင် ယခုအခါ ပညာဆက်လက်သင်ကြားရေးကိုလည်း စီစဉ်လျက်ရှိကြောင်း ရသေ့တောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ပြောကြားသည်။

ရသေ့တောင်မြို့ စေတီတောင်ဘုန်းတော်ကြီးကျောင်းတွင် ယာယီခိုလှုံနေထိုင်လျက်ရှိသည့် ဒိုင်းနက်လူမျိုး ဒေါ်ဖြူသာနုက “သိမ်တောင်ပြင်ကျေးရွာကနေ လာရောက်တိမ်းရှောင်နေတာပါ။ ဒီကိုရောက်ကတည်းက စားဝတ်နေရေး အဆင်ပြေပါတယ်။ အကုန်လုံးကလာပြီး စောင့်ရှောက်ပေးနေလို့ မေတ္တာပို့ပေးနေပါတယ်။ ဒါပေမယ့် ကိုယ့်နေရာကိုပဲ သတိရနေတယ်။ မိသားစုတွေကလည်း တကွဲတပြားဖြစ်နေတော့ စိုးရိမ်နေပါတယ်။ ဒါကြောင့် မိသားစုတွေ စုစုစည်းစည်း ပြန်နေချင်တဲ့အတွက် လုံလုံခြုံခြုံရှိအောင် လုပ်ပေးကြပါ”ဟု ပြောသည်။

ရသေ့တောင်မြို့နယ် ယာယီကယ်ဆယ်ရေးစခန်းတွင် နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအတွက် ထောက်ပံ့မှုများအနေဖြင့် ကျောင်းသားကျောင်းသူ ၂၀၃ ဦးအတွက် မူလတန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း၊ အလယ်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်း၊ အထက်တန်းကျောင်းသား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၅၉၅၀၀၀၊ အိမ်ထောင်စု ၂၂၂ စုမှ လူဦးရေ ၈၂၁ ဦးအတွက် တစ်ပတ်စာ စားနပ်ရိက္ခာဖိုးကုန်ကျငွေ ၁၇၂၅၄၃၄ ကျပ်နှင့် အသက်(၉၀)ကျော် အဘိုးအဘွားသုံးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း- မင်းထက်အောင်**
**ဓာတ်ပုံ- မောင်သွင်**

# မြဝင်း (ဒဿန)၏ "ခရေရိပ်စကားဝိုင်း"

**မြင့်ဆွေဦး**

ဆရာမြဝင်း (ဒဿန) သည် ပြည်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် အနားယူခဲ့သည်။ ဆရာမြဝင်း (ဒဿန)သည် မောင်လင်းကြည် အမည်ဖြင့် ကဗျာများရေးသားခဲ့ပြီး မြဝင်း(ဒဿန) ကလောင်အမည်ဖြင့် ဆောင်းပါးများရေးသားခဲ့သည်။

"ခရေရိပ်စကားဝိုင်း"ကို မြတ်ဆုမွန်စာပေက ၂၀၀၁ ခုနှစ်တွင် ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ပထမအကြိမ်ထုတ်ဝေသည့် "ခရေရိပ်စကားဝိုင်း" တွင် ဆောင်းပါး ၂၃ ပုဒ်သာပါရှိခဲ့သည်။ ဆောင်းပါးစုစည်းမှု နည်းလှသည်ဟု စာဖတ်သူတို့က အားမလိုအားမရ ဖြစ်ခဲ့ကြသည်။ ယခု ဒုတိယအကြိမ်ထုတ်ဝေရာတွင် ဆောင်းပါးကိုးပုဒ် ထပ်ဖြည့်ထားလေသည်။

ထိုဆောင်းပါးများကို ရေးရာ၌ ဆရာမြဝင်း(ဒဿန)တွင် ရည်ရွယ်ချက်တစ်ခုရှိသည်။ ထိုရည်ရွယ်ချက်မှာ အခြားမဟုတ်။ ရှေးဆရာတော်ကြီးများ ရေးသားခဲ့သော ကျမ်းစာများကို လူငယ်များ သတိပြုစေလိုခြင်းပင်ဖြစ်သည်။ တစ်နည်းဆိုရသော် လူငယ်များအား ဘာသာရေးအယူအဆများနှင့် စပ်လျဉ်း၍ လမ်းခုလတ်၌ ရပ်မနေဘဲ လမ်းဆုံးအထိ သွားစေလိုခြင်းပင် ဖြစ်သည်။

ဆရာမြဝင်းက "သူ့ဆောင်းပါးများကို ဖတ်၍ လူငယ်များ၌ ရှေးဟောင်းကျမ်းစာများကို ရှာဖွေဖတ်ရှုလိုစိတ်ဖြစ်ပေါ်ခဲ့လျှင်၊ တစ်နည်းဆိုရသော် လူငယ်များ၌ လမ်းဆုံးအထိ သွားလိုသောစိတ်ဖြစ်ပေါ်ခဲ့လျှင် ထိုဆောင်းပါးများကို ရေးရကျိုးနပ်ပြီ" ဟု ဆိုခဲ့လေသည်။

ဆရာမြဝင်းရေးသားဖော်ပြခဲ့သော စာအုပ်များမှာ အတော်ရှားပါးနေပြီဖြစ်သော စာအုပ်များဖြစ်သည်။ ဖတ်ရဖို့မဆိုထားဘိ၊ တွေ့ရဖို့၊ မြင်ရဖို့ပင် မလွယ်ကူသော စာအုပ်များဖြစ်သည်။ ဆရာမြဝင်းက ထိုစာအုပ်များကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာဖတ်ရှု၍ လူငယ်များ သတိမူမိစေရန် စေတနာဖြင့် ထိုဆောင်းပါးများကို ရေးသားခဲ့ခြင်းဖြစ်သည်။

"မိန်းမယောကျ်ား မတူငြား" ဆောင်းပါးတွင် မဃဒေဝလင်္ကာသစ်အကြောင်းကို ဆွေးနွေးတင်ပြထားသည်။ မဃဒေဝလင်္ကာသစ်တွင် မိန်းမတွေအကြောင်း မကောင်းရေးထားတာတွေပါသည်ဟု ဆိုသည်။

မဃဒေဝလင်္ကာတွင် "မယားဟူဘိ၊ ထိုဣတ္ထိနှင့်၊ မရှိမကောင်း၊ ရှိမကောင်းဘဲ၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်၏" ဆိုတာနှင့် ပတ်သက်၍ ဆရာမြဝင်းက ပြည့်ပြည့်စုံစုံတင်ပြပြီး ရှင်းလင်းထားလေသည်။

မဃဒေဝလင်္ကာကို အသေအချာဖတ်မကြည့်ရင်တော့ မန်လည်ဆရာတော်ကြီးက မိန်းမတွေကို တစ်ဖက်သတ်နှိမ်ပြီး ရေးထားတယ်လို့ ထင်စရာပါပဲ။ ဒါပေမယ့် မဃဒေဝလင်္ကာကို အသေအချာဖတ်ကြည့်ရင်တော့ အဲဒီလို မဟုတ်ဘူးဆိုတာတွေ့ရမှာပါ။ မန်လည်ဆရာတော်ကြီးဟာ သူ့ပကတိစိတ်ရင်းအတိုင်း ပြောစရာရှိရင် ခပ်ကြမ်းကြမ်းပြောတတ်ပါတယ်။

မဃဒေဝလင်္ကာကို ဖတ်ကြည့်ရင် "မိန်းမဟူသည်၊ အူတိုမယ်ရှင့်၊ တိုရှည်မသိ၊ အလိုရှိတိုင်း၊ ထင်မိထင်ရာ၊ ပြုတတ်ရှာ၏" ဆိုတဲ့ အဖွဲ့တွေ။နောက်ပြီးတော့ "မိန်းမဟူငြား၊ သဘောအားဖြင့်၊ ယောကျ်ားတကာ၊ ဆက်ဆံရာကြောင့်၊ ပမာမယွင်း၊ လှေနှင့်မြင်းလို၊ စီးနင်းသူနောက်၊ ကောက်ကောက်ချည်းသာ၊ ဆောင်ရာပါရှင့်" ဆိုတဲ့ အဖွဲ့တွေကို တွေ့ပါလိမ့်မယ်။

အဲဒါ ဆရာတော်ကြီးက ခပ်ဖော့ဖော့ရေးထားတာပါ။ အချို့နေရာတွေမှာ အဲဒီထက် ခပ်ကြမ်းကြမ်းရေးပါတယ်။ ဒါပေမယ့် ကျမ်းဂန်လွတ်ရေးထားတာ မဟုတ်ဘူးနော်။ ကျမ်းဂန်အထောက်အထားနဲ့ ရေးတာပါ။ အဲဒီလိုရေးလို့ ဆရာတော်ကြီးဟာ မိန်းမတွေကို တစ်ဖက်သတ်နှိမ်ပြီး ရေးတယ်ဆိုရင် မှားပါလိမ့်မယ်။ ဆရာတော်ကြီးဟာ မိန်းမတွေကို ပြောခဲ့သလို ယောကျ်ားတွေကိုလည်း ပြောတာပါပဲ။

ကျွန်တော်ရွတ်ပြပါ့မယ်။ နားထောင်ကြည့်ပါ။ "လူ့ရှာဌာန၊ လူ့လောက၌၊ မိန်းမတို့သာ၊ ကျင့်ယုတ်မာ၍၊ မိစ္ဆာဆိုးဝါး၊ မဟုတ်ငြားဘူး၊ ယောကျ်ားသည်လည်း၊ ပညာနည်းတို့၊ စောင့်စည်းမရှိ၊ မျိုးဣတ္ထိသို့၊ မသိကျေးဇူး၊ သူ့ဂုဏ်ထူးကို၊ ထိမ်မြှုးချေတတ်၊ ကျင့်မမြတ်တည့်"တဲ့။ နောက် "အနှစ်ပညာ၊ မရှိပါက၊ အင်္ဂါခြေလက်၊ ယောကျ်ားလျက်လည်း၊ မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊ မိုက်လုံးထွားသည်၊ နွားနှင့်ကျားနှင့် အတူတည်း" တဲ့။

ဆရာတော်ကြီးဟာ မိန်းမတွေအပေါ် တစ်ဖက်သတ်မနှိမ်တဲ့အပြင် မိန်းမတွေရဲ့ အရေးပါမှုကိုလည်း မဃဒေဝမှာ မှတ်တမ်းတင်ခဲ့ပါတယ်။ မဃဒေဝတစ်နေရာမှာ "ကိစ္စတသီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ ကြံမရသော်၊ မိန်းမကိုသာ၊ တိုင်ပင်ရာဟု၊ ပညာရှိများ၊ အစဉ်ကြားလျက်" လို့ ဆရာတော်ကြီး ရေးထားပါတယ်။

"မိုးမြေနှစ်ပါး ကောင်းတုံငြားမှ" ဆောင်းပါးမှာ မင်းဘူးဆရာတော် ဦးဩဘာသ၏ အဆုံးအမများကို တင်ပြထားသည်။ ဆရာဦးမြဝင်းသည် မင်္ဂလာလက်ထပ်ပွဲများတွင် မင်္ဂလာစကားပြောကြားခဲ့ရာ မင်းဘူးဆရာတော် ဦးဩဘာသ၏ အဆုံးအမကို ရွတ်ဆိုပြီး သတို့သားနှင့် သတို့သမီးကို ဆုံးမစကားပြောကြားခဲ့သည်။

ဆရာဦးမြဝင်းက မင်းဘူးဆရာတော် ဦးဩဘာသက ဝေဿန္တရာဇာတ်တော်ကြီးနိဂုံးမှာ နိဂုံးပိုဒ်စုံဆိုပြီး ပိုဒ်စုံရတု ၁၈ ပုဒ် ရေးခဲ့ပါတယ်။ ပိုဒ်စုံရတုအပိုဒ် (၇) မှာ လင်နှင့်မယားကိုဆုံးမထားပါတယ်။ ကျွန်တော်ရွတ်ပြပါ့မယ်။ "လင်နှင့်မယား၊ ဤနှစ်ပါးတွင်၊ လင်ကားမေဃ၊ ဒါရလယ်မြေ၊ ပုံနှုန်းချေသို့၊ မိုးမြေနှစ်ပါး၊ ကောင်းတုံငြားမှ၊ စပါးသီးနှံ၊ ဩဇာပြီးသို့၊ ထုံးနည်းပုံမှီ၊ နှစ်ဦးညီလျက်၊ ထိုထွန်လယ်ယာ၊ ဥစ္စာပစ္စည်း၊ ဆည်းပူးတိုင်ပင်၊ သတင်းရွှင်၍၊ချစ်ခင်ပေါင်းကြပါစေသောဝ်' တဲ့။ ဆရာတော်က လင်ကို မိုးနဲ့နှိုင်းထားပါတယ်။ မယားကို လယ်မြေနဲ့နှိုင်းထားပါတယ်။ မိုးမြေနှစ်ပါးကောင်းမှ စပါးသီးနှံ ကောင်းသလို၊ လင်နဲ့မယား နှစ်ဦးစလုံးကောင်းမှ ဥစ္စာပစ္စည်း တိုးပွားမှာဖြစ်တယ်လို့ ဆုံးမထားပါတယ်။

ဝေဿန္တရာဇာတ်တော်ကြီး၏နိဂုံးပိုဒ်စုံရတု ၁၈ ပုဒ်ထဲတွင် သားသမီးတွေကို ဆုံးမထားတာလည်း ပါဝင်သည်။ မိတ်ဆွေအချင်းချင်း မည်သို့ကျင့်ကြံနေထိုင်ရမည်ဟု ဆုံးမထားတာလည်း ပါဝင်သည်။ ဝေဿန္တရာဇာတ် နိဂုံးပိုဒ်စုံရတုမှာ သားသမီးကို ဆုံးမထားတာတွေပါလေသည်။ ကဏှာနှင့် ဇာလီကို ဥပမာပေးပြီး သားသမီးများကို ဆုံးမထားခြင်းဖြစ်သည်။




"သီဒါမက၊ ချမ်းကြည်လှသား၊ ဝက်တောင်မှာ၊ ဘုရားလျာလျှင်၊ မြင်ခါမက်လို့၊ ပုဏ္ဏားအိုအား၊ ကုသိုလ်မင်္ဂလာ၊ ပြုသောအခါ၌၊ ကဏှာဇာလီ၊ ရှုအိနုထွား၊ မင်းနှစ်ပါးလျှင်၊ ပုဏ္ဏားအမိုက်၊ ဒေါသရိုက်သား၊ ထိုက်ပါဘဲပင်၊ ရင်သွေးစင်ကို၊ ဖခင်ဘုရား၊ လှူဖြစ်အားဟု၊ စိတ်ထားမကွက်၊ မနှောင့်ယှက်သည်၊ ကိုယ်သတ်မမှတ်၊ သားကျင့်ဝတ်နှင့်၊ မလွတ်ရအောင်၊ ကျေးဇူးဆောင်သို့၊ လူ့ဘောင်မျိုးနွယ်၊ မိဘဝယ်လည်း၊ ထိုနွယ်ထုံးမှီး၊ လိမ္မာပြီးသား၊ သမီးသားကောင်း၊ သူအပေါင်းတို့၊ ညွတ်ပျောင်းကျိုးနွံ၊ လက်အောက်ခံ၍၊ နှုတ်လုံ့မထိုး၊ ချစ်မြတ်နိုးလျက်၊ ကျင့်ဝတ်ဝတ်ကုန်၊ အင်ငါးစုံနှင့် ကြည်ယုံဆပွား၊ မိဘအားကိုး၊ ခန့်ညားမလပ်၊ ကျေးဇူးဆပ်၍၊ စောင့်ကြပ်မယွင်း၊ လုပ်ကျွေးခြင်းဖြင့်၊ အထွင်းအေးကြပါစေ သောဝ်'

ဆရာမြဝင်းက "ဝေဿန္တရာမင်းကြီးက သားတော်နှင့် သမီးတော်တို့ကို ပုဏ္ဏားမိုက်ကို လှူပါတယ်။ သားတော် သမီးတော်တို့က ကိုယ့်ရင်သွေးစစ်ကို ပုဏ္ဏားမိုက်ကို လှူရမလားလို့ စိတ်မကွက်ဘူးတဲ့။ နှုတ်လုံ့မထိုးဘူးတဲ့။ သားသမီးကျင့်ဝတ်နှင့်အညီ မိဘကို ကျေးဇူးဆပ်ကြသတဲ့။ အဲဒီထုံးကို နှလုံးယူပြီး သားသမီးတွေဟာ မိဘတွေကို နှုတ်လုံ့မထိုးဘဲ မိဘကို မပြတ်ဆည်းကပ်ပြီး ကျေးဇူးဆပ်ကြပါတဲ့။ အဲဒီလို ပြုမူနေထိုင်ကြရင် အားလုံးအေးချမ်းကြမှာပါတဲ့"ဟု ရှင်းပြခဲ့လေသည်။

ဆရာမြဝင်းသည် "ကုက္ကို၊ ဆီးဖြူ၊ သတိမူလေ့" ဆောင်းပါးတွင် မြန်မာလူမျိုးများအစဉ်အလာလက်ခံလာသည့် အယူများကိုမှားသည်ဟု တောင်လေးလုံး ဆရာတော်ကြီးက ရေးသားတင်ပြခဲ့သည်။ အဲဒီအယူတွေကို မစွန့်ဘဲ စွဲစွဲမြဲမြဲ ယူနေတယ်ဆိုရင် နိယတမိစ္ဆာဒိဋ္ဌိဖြစ်သည်ဟု မိန့်တော်မူခဲ့ကြောင်းကို တင်ပြထားလေသည်။

ဆရာတော်ကြီးက "ဓမ္မနီတိရှုဘွယ်ကျမ်း"တွင် ထိုအယူမှားနေကြပုံကို ရေးသားခဲ့သည်။

"လူသေသော် ရက်လည်မှ အိမ်ကခွာသည်ဟူ၍လည်း အယူမှားကြသည်။ သေလွန်ပြီးနောက် အစားစားဦးမည်ဟု ခွက်နှင့်ထမင်း အလောင်းအပါးတွင် တည်ထားကြသည်။ မီးသင်္ဂြိုဟ်လည်း မီးငွေ့ပေါ်၌ အဝတ်ပုဆိုးဆွဲ၍ အိမ်သို့လိုက်ခဲ့ဟု ခေါ်သွားကြသည်။ သေပြီးသော သူတို့လားရာဘဝကို သိလိုသည်ဟူ၍ ဖုန်မှုန့်ပြာမှုန့်တို့ကို ဆန်ကောစသည်၌ကျင်း၍ ခင်းကြသည်။ ဤသို့ ယူကြပြုကြခြင်းသည်ကား မဟုတ်တန်သော အရာကိုပင် အဟုတ်ထင်သောကြောင့် တံလှပ်ကို ရေမှတ်သကဲ့သို့ ဖြစ်ချေသည်။" မြန်မာလူမျိုးတို့သည် သေသောသူသည် ရက်လည်သည့်နေ့ သန်းခေါင်ချိန်ကျမှ အိမ်ကထွက်သည်ဟု အစဉ်အလာမှတ်ယူခဲ့ကြသည်။ ထိုသို့ အလိုက်လွဲပြီးအလွဲလိုက်နေကြသည်ကို ဆရာတော်ကြီးက အောက်ပါအတိုင်း မိန့်ဆိုရေးသားခဲ့သည်။

"သေသော် စုတိစိတ်အဆုံး၌ ပဋိသန္ဓေစိတ်ဖြစ်၍ ဘဝခြားလေပြီးလျက် အိမ်မှာ ခုနစ်ရက်နေခြင်းစသည်တို့ကို အဘယ်သို့ပြုနိုင်ရာအံ့နည်း။ ပစ္စုပ္ပန်ဘဝအဆုံးသေခြင်း စုတိစိတ်ဖြစ်၍ ချုပ်သည်၏ အခြားမဲ့၌ ပဋိသန္ဓေစိတ် ဖြစ်မြဲဖြစ်သည်။ သေခြင်းစုတိနှင့် ပဋိသန္ဓေစိတ်သည် အကြားမရှိ။ ထို့ကြောင့် သေသောအဆုံး၌ ကံအားလျော်စွာ ဘဝတစ်ပါး၌ ပဋိသန္ဓေနေလေသည်ကို နှလုံးသွင်း၍ အကြင်လူတို့သည် သေပြီးသောအသက်ဝိညာဉ် အိမ်တွင် ခုနစ်ရက်နေပြီးမှ ဘဝတစ်ပါးသို့သွားသည်ဟု မှားသောအယူအဆရှိသည်ကို စွန့်ကုန်ရာ၏။ မစွန့်မူ၍ အမြဲယူက နိယတမိစ္ဆာဒိဋ္ဌိဖြစ်ရာသည်။"

"ဘဝဟောင်းက နာမ်ရုပ်ဘဝသစ်သို့ မပြောင်းကြောင်း၊ ကောင်းမှု မကောင်းမှုခံရ စံရသောအကြောင်းကို သိကုန်ရာသတည်း။ ထိုမှတစ်ပါး ဆီးဖြူကုက္ကိုခံပွင့်တို့ကို ဥပမာပြုသဖြင့်လည်း သိလည်းသိဖွယ်ရာသော အကြောင်းသည်ရှိ၏။ အသို့နည်း။ ဆီးဖြူကုက္ကိုခံပွင့်တို့သည် ပွင့်ပြီးလျှင် ကြွေပျောက်လေသည်။ အသီးမပေါ်လာသေး။ တစ်လခွဲကြာမှ အသီးပေါ်လာသည်။

ထို့အတူ လည်းကောင်း ဆီးဖြူကုက္ကိုခံပွင့်သည်နှင့် ကုသိုလ်၊ အကုသိုလ်ဖြစ်သည် နှင့်တူ၏။ တစ်လခွဲကြာမှ အသီးပေါ်လာသည်နှင့်ကား ချုပ်လေပြီးသော ကုသိုလ်၊ အကုသိုလ် အကျိုးပေး၍ နာမ်ရုပ် အသစ်ဖြစ်ခြင်း၊ ဆင်းရဲချမ်းသာပေါ်လာ ခံရ စံရသည်နှင့်တူ၏။ ထို့ကြောင့် ဘဝဟောင်း၌ ဝိညာဉ်နာမ်ရုပ်လည်း ဘဝသစ်သို့ မပြောင်းသော်လည်း အကြောင်းမကင်းသောကြောင့် ကောင်းကျိုးလည်း ချမ်းသာရသည်။ မကောင်းကျိုးလည်း ခံရသည်မှတ်ရာ၏။"

ဆရာမြဝင်း(ဒဿန)၏ 'ခရေရိပ်စကားဝိုင်း' စာစုများမှာ ရှေးရှေးဆရာတော်ကြီးများ ဟောပြောဆုံးမရေးသားခဲ့သည်တို့မှ ထုတ်နုတ်၍ ယနေ့ခေတ်လူငယ်တို့ သိလွယ်မြင်လွယ်အောင် ရေးသားထားခြင်း ဖြစ်သည်။

'ခရေရိပ်စကားဝိုင်း'ကို ဒုတိယအကြိမ်အဖြစ် အိပ်မက်ရိပ်စာပေမှ ထုတ်ဝေထားခြင်းဖြစ်သည်။ ။

---

## မိုးနှောင်းကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**မိုးနှောင်းကာလ သတ်မှတ်ခြင်း**

၂၀၁၇ ခုနှစ် မိုးနှောင်းကာလသည် စက်တင်ဘာ ၁ ရက် တော်သလင်းလဆန်း ၁၁ ရက်မှစ၍ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ အနောက်တောင် မုတ်သုံလေ ဆုတ်ခွာသည့်နေ့အထိ ဖြစ်သည်။

**မုတ်သုံလေ ဆုတ်ခွာသည့် အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာ ရှိပါသည်။ စက်တင်ဘာ ၁၅-၂၀ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာ ၂၁-၂၆ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊ အောက်တိုဘာ ၃-၈ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားဖွယ်ရာ ရှိသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းသုံးကြိမ် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးနှောင်းကာလ (စက်တင်ဘာလနှင့် အောက်တိုဘာလ)တွင် ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၊ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည်မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ ဂဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင်တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ကျော်လွန်ရောက်ရှိနိုင်သည်။ **(ကြေးမုံ)**

---

## စုပေါင်းလုပ်အားပေး

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ဦးစီးပြီး နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ နေပြည်တော်ရဲတပ်ဖွဲ့လက် အောက်ရှိ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများမှ ရဲတပ်ဖွဲ့ဝင် ၃၅၀ ခန့်တို့က ယမန်နေ့ နံနက် ၇ နာရီမှ ၁၀ နာရီအထိ နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးဝင်းအတွင်းရှိ ချုံနွယ်များ၊ မြက်ပင်များကို ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်း ပိတ်ဆို့နေသော အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းလုပ်အားပေးခဲ့ကြသည်။ **(ကြေးမုံ)**



## ပြည်တွင်းရေးရာ

### ❍ ဘင်္ဂါလီရွာမှ

**ရဲမှူးချုပ်သူရစန်းလွင် [အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူး]**

**မေး။ ။မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေမှာ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေ မီးရှို့ဖျက်ဆီးခဲ့တဲ့ ကျေးရွာတွေ ဘယ်လောက်ရှိသလဲ သိပါရစေ။**

ဖြေ။ ။အခုအခြေအနေမှာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ နယ်မြေရှင်းလင်းရေးဆောင်ရွက်နေတာကြောင့် နယ်မြေစာရင်းအတိအကျရဖို့ ခက်ခဲနေဦးမှာ ဖြစ်ပါတယ်။ ဒီစာရင်းအတိအကျကိုတော့ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ စည်ပင်ဦးစီးဌာနတွေနဲ့ ကျွန်တော်တို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ နှစ်စဉ် သုံးမျိုးစာရင်းကောက်ယူတဲ့ လူဝင်မှုကြီးကြပ်ရေးဌာနတို့ကနေ မြေပြင်ကွင်းဆင်းပြီး ရွာတွေမှာအိမ်ထောင်စုအမှတ်စဉ်ဘယ်လောက်ရှိတယ်၊ အရေအတွက် ဘယ်လောက်ကျန်တယ်၊ ဘယ်နှလုံး မီးလောင်တယ်ဆိုတာကို အဲဒီတော့မှပဲ အတိအကျပြောနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ARSA အစွန်းရောက်အကြမ်းဖက်သမားတွေနဲ့ သူတို့ကိုကူညီနေတဲ့ ဘင်္ဂါလီတွေဟာ မီးလောင်တဲ့နေရာတွေမှာ မီးငြိမ်းသတ်လို့မရအောင် အဖျက်အမှောင့်လုပ်ငန်းတွေဆောင်ရွက်နေတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ ။ဩဂုတ် ၂၅ ရက် ဖြစ်စဉ်ဖြစ်ပွားပြီးနောက်မှာ နေရပ်စွန့်ခွာတဲ့ ဘင်္ဂါလီကျေးရွာတွေနဲ့ တိုင်းရင်းသားကျေးရွာအချို့ကို ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့နဲ့ ဘင်္ဂါလီကျေးရွာသားတွေကိုယ်တိုင် ပူးပေါင်းမီးရှို့တယ်ဆိုတာတော့ သေချာတယ်။ ဘင်္ဂါလီရွာတွေ မီးလောင်တဲ့ဖြစ်စဉ်တွေမှာ လက်လုပ်မိုင်းပေါက်ကွဲတဲ့ဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် မီးငြိမ်းသတ်လို့မရအောင် အဖျက်အမှောင့်လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တယ်လို့ ပြောလို့ရပါတယ်။

**မေး။ ။အကြမ်းဖက်မှုဖြစ်ပွားခဲ့တဲ့ ဩဂုတ် ၂၅ ရက်ကနေ ယနေ့အချိန်အထိ မီးလောင်မှုတွေရှိနေတုန်းပဲလားဆိုတာကို သိပါရစေ။**

ဖြေ။ ။ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ နယ်မြေရှင်းလင်းရေးဆောင်ရွက်ရာမှာတော့ နေ့စဉ်လိုလို မီးလောင်တာတွေ တွေ့ရပါတယ်။ ဘင်္ဂါလီတွေ တော်တော်များများ နေရပ်စွန့်ခွာပြီးတဲ့နောက်ပိုင်းမှာတော့ မီးလောင်တာတွေ လျော့နည်းသွားတာကို တွေ့ရှိရပါတယ်။

**မေး။ ။ရွာတွေကို အကြမ်းဖက်သမားတွေက မီးရှို့တာလား၊ ဘင်္ဂါလီရွာသားတွေကိုယ်တိုင်ကရော မီးရှို့ပြီး ထွက်ပြေးနေတာလား အဲဒါလည်း ကွဲကွဲပြားပြား သိပါရစေ။**

ဖြေ။ ။မီးလောင်တဲ့ဖြစ်စဉ်တိုင်းမှာ အကြမ်းဖက်သမားတွေနဲ့ ဘင်္ဂါလီရွာသားတွေကိုယ်တိုင် သူတို့အိမ်ကို မီးရှို့ထွက်ပြေးတာတွေကို ကျွန်တော်တို့တွေ့ရပါတယ်။ လုံခြုံရေးအဖွဲ့တွေရဲ့ ပြောကြားချက်အရ သူတို့သွားပြီး ရွာတွေကိုရှင်းလင်းတဲ့အခါမှာ လက်လုပ်မိုင်းတွေဖောက်ခွဲတယ်၊ ပစ်ခတ်မှုတွေဖြစ်တယ်၊ ပြီးတဲ့အခါမှာ မီးလောင်တယ်၊ ပြီးရင်ထွက်ပြေးတယ်ဆိုတဲ့ ဖြစ်စဉ်တွေတက်လာတဲ့အတွက် ဒါဟာ အကြမ်းဖက်အဖွဲ့တွေ အကြမ်းဖက်မှုကို အားပေးတဲ့ရွာသားတွေဟာ ထင်ယောင်ထင်မှားဖြစ်အောင် သူတို့ကိုယ်တိုင် မီးရှို့တယ်လို့ ပြောလို့ရပါတယ်။

**မေး။ ။မီးလောင်တာတွေ၊ မီးရှို့တာတွေနဲ့ ပတ်သက်ပြီးတော့ နယ်ခြားစောင့်ရဲတပ်ဖွဲ့အနေနဲ့ရော ဘယ်လို ဖော်ထုတ်အရေးယူသွားမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။မီးလောင်တာနဲ့ပတ်သက်လို့ ဥပဒေနဲ့အညီ အမှုဖွင့်ပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။စက်တင်ဘာ ၇ ရက် ပြည်တွင်းပြည်ပ မီဒီယာတွေပါတဲ့အဖွဲ့က အလယ်သံကျော်ဘက် သတင်းသွားယူရင်း မီးလောင်နေတဲ့ ဂေါ်ဒူသာရကျေးရွာအနားမှာ တိုင်းရင်းသားအချို့ ပစ္စည်းတွေယူဆောင်လာတယ်ဆိုတာကို ပြည်ပသတင်းမီဒီယာတွေမှာ ဖော်ပြနေတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ပြောပြပေးပါ။**

ဖြေ။ ။ဒါနဲ့ပတ်သက်လို့ ရှုပ်ထွေးမှုတွေတော့ ရှိပါ



ရဲမှူးချုပ်သူရစန်းလွင်
[အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူး]

တယ်။ မီးလောင်တာနဲ့ပတ်သက်လို့ လက်ရှိတိုင်ကြားတာလည်း မရှိသေးဘူး။ မီးလောင်တဲ့ဖြစ်စဉ်အားလုံးမှာလည်း ဘင်္ဂါလီတွေက ထင်ယောင်ထင်မှားဖြစ်အောင် သူတို့အိမ်တွေကို မီးရှို့တယ်။ စွန့်ခွာထွက်ပြေးတယ်။ အဲဒီရွာတွေမှာ လူမရှိမှန်း တိုင်းရင်းသားတွေက သိတဲ့အတွက် သွားရောက်ယူဆောင်တယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်လို့ရပါတယ်။ ဒါကြောင့် မီးလောင်မှုနဲ့ ပတ်သက်လို့တော့ စုံစမ်းစစ်ဆေးပြီး ထိထိရောက်ရောက် အရေးယူသွားမှာပါ။

**မေး။ ။နယ်ခြားစောင့်တပ်ဖွဲ့အတွင်းမှာ ကျေးရွာတွေကို မီးမရှို့ရ၊ ပစ္စည်းမယူရဆိုတဲ့ ညွှန်ကြားချက်တွေ ထုတ်ပြန်ထားတာ ရှိပါသလား။ ပြစ်မှုကျူးလွန်တယ်ဆိုရင် ဘယ်လိုအရေးယူဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။မီးလောင်မှုဖြစ်စဉ်တွေမှာ ကိုယ့်ပစ္စည်းမဟုတ်ဘဲနဲ့ ယူဆောင်လို့ရှိရင် ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမယ်ဆိုတာကို အသိပေးပြောကြားပြီးဖြစ်ပါတယ်။ ဖောက်ဖျက်ကျူးလွန်ခဲ့ရင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ/နယ်ဘက်ဥပဒေတွေနဲ့ ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။

**မေး။ ။ရဲမှူးချုပ်ကြီးအနေနဲ့ ဘာများဖြည့်စွက်ပြောကြားချင်ပါသလဲ။**

ဖြေ။ ။ကျွန်တော်တို့အနေနဲ့က လုံခြုံရေးတာဝန်ထမ်းဆောင်နေရတာဖြစ်တဲ့အတွက် အမြန်ဆုံးတည်ငြိမ်အေးချမ်းတာကို လိုလားပါတယ်။ ဒီအချိန်မှာ ကြောက်ရွံ့မှုကြောင့် နေရပ်စွန့်ခွာတဲ့ တိုင်းရင်းသားတွေရော၊ အကြမ်းဖက်မှုမှာ ပါဝင်မှုမရှိတဲ့ ဘင်္ဂါလီတွေရော အမြန်ဆုံး အမိုးအကာအောက်ရောက်ရှိဖို့နဲ့ လူသားချင်းစာနာထောက်ထားပြီး သူတို့ရဲ့ ကျန်းမာရေး၊ စားဝတ်နေရေး၊ စာသင်ကျောင်းတွေ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုံခြုံရေးအဖွဲ့တွေနဲ့ ပြည်နယ်အစိုးရနဲ့အုပ်ချုပ်ရေးပိုင်းတွေ ညှိနှိုင်းပေါင်းစပ်သွားသင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

**ဦးရဲထွန်း(မောင်တောခရိုင်အုပ်ချုပ်ရေးမှူး)**

**မေး။ ။ARSA အစွန်းရောက်အကြမ်းဖက်သမားတွေကြောင့် မောင်တော၊ ဘူးသီးတောင်မှာ ပျက်စီးသွားတဲ့ မီးလောင်အိမ်ခြေ ဘယ်လောက်ရှိတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ခရိုင်စာရင်းချုပ်အနေနဲ့ မောင်တောရော



ဦးရဲထွန်း
(မောင်တောခရိုင်အုပ်ချုပ်ရေးမှူး)

ဘူးသီးတောင်ရော နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တွေဆီကရတဲ့ အချက်အလက်ရယ်၊ အုပ်ချုပ်ရေးအဖွဲ့တွေရဲ့ သတင်းတင်ပြချက်တွေအရဆိုရင်တော့ အိမ်ခြေပေါင်းတစ်သောင်းနီးပါးလောက် မီးလောင်ကျွမ်းခဲ့တာ တွေ့ရပါတယ်။

**မေး။ ။မီးလောင်ကျွမ်းခဲ့တဲ့နေအိမ်တွေက တိုင်းရင်းသားနေအိမ်တွေလား၊ ဘင်္ဂါလီနေအိမ်တွေချည်းပဲလား အဲဒါလေးသိပါရစေ။**

ဖြေ။ ။မီးလောင်ကျွမ်းတာနဲ့ပတ်သက်ပြီး တိုင်းရင်းသားအိမ်တွေလည်းပါတယ်။ ဟိန္ဒူဘာသာဝင်တွေရဲ့ အိမ်တွေလည်းပါတယ်။ ဘင်္ဂါလီအိမ်တွေလည်းပါတယ်။ ဖြစ်စဉ်ကြောင့် ဧရိယာအတွင်းမှာရှိတဲ့ ပြည်သူလူထုရဲ့ အိမ်တွေပါတာတွေ့ရပါတယ်။

**မေး။ ။မောင်တောမြို့ပေါ်မှာရော မီးလောင်မှုတွေ ရှိပါသလား၊ ဘယ်လောက်ပျက်စီးမှုရှိသလဲ၊ ဘယ်လိုပုံစံနဲ့မီးလောင်တယ်ဆိုတာလဲ သိပါရစေ။**

ဖြေ။ ။မောင်တောမြို့ပေါ်မှာလည်း လောင်ကျွမ်းမှုတွေ ရှိပါတယ်။ ဩဂုတ် ၂၅ ရက်ကစပြီး မောင်တောမြို့ပေါ်မှာ ပစ်ခတ်မှုဖြစ်ပြီးနောက်ပိုင်း ရပ်ကွက်(၄)၊ ရပ်ကွက်(၅)တွေ မီးလောင်ကျွမ်းတာ ရှိခဲ့ပါတယ်။ ခန့်မှန်းအိမ်ခြေ ၂၀၀ ကျော် ၃၀၀ လောက်ရှိပါတယ်။ အသေးစိတ်စာရင်းကတော့ သက်ဆိုင်ရာဌာနတွေနဲ့ပေါင်းပြီး ကွင်းဆင်းမှတ်တမ်း အတည်ပြုရေးအဖွဲ့တွေနဲ့ လုံခြုံမှုအခြေအနေပေါ်မူတည်ပြီး ဆက်လက်ကောက်ခံသွားမှာဖြစ်ပါတယ်။

**မေး။ ။မီးလောင်မှုဖြစ်စဉ်တွေမှာ မီးငြိမ်းသတ်လို့မရအောင် အကြမ်းဖက်အဖွဲ့တွေက နှောင့်ယှက်နေတယ်ဆိုတာ သိရပါတယ်၊ ဘယ်လိုပုံစံနဲ့နှောင့်ယှက်တာလဲဆိုတာ သိပါရစေ။**

ဖြေ။ ။မီးလောင်တဲ့ဖြစ်စဉ်တွေမှာ နေရာတစ်နေရာတည်းကနေပြီး လောင်ကျွမ်းတာမဟုတ်ဘဲ နေရာမျိုးစုံကနေ တစ်ချိန်တည်းတစ်ပြိုင်တည်း လောင်ကျွမ်းတာဖြစ်တဲ့အတွက် အတွင်းပိုင်းကို ကြိုကာပြီး မီးငြိမ်းသတ်တာလည်း မလုပ်နိုင်ဘူး။ လက်ရှိလောင်ကျွမ်းနေတဲ့နေရာကိုပဲ ရတဲ့အင်အားနဲ့ မီးသတ်ယာဉ်တွေနဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် နေရာအားလုံးကို မီးငြိမ်းသတ်ဖို့ဆိုတာ မလွယ်ကူပါဘူး။ မီးငြိမ်းသတ်နေတဲ့အချိန်မှာပဲ ပစ်ခတ်မှုတွေရှိတာဖြစ်တဲ့အတွက် ပြည်သူလူထုတွေအနေနဲ့လည်း ဝိုင်းဝန်းငြိမ်းသတ်ဖို့ဆိုတာ မလွယ်ကူတဲ့ကိစ္စ ဖြစ်ပါတယ်။

**မေး။ ။ကျေးရွာနေအိမ်တွေ မီးလောင်တာ ဘင်္ဂါလီတွေက မီးရှို့တာလား၊ တိုင်းရင်းသားတွေက မီးရှို့လို့လောင်တာလား ကွဲကွဲပြားပြား သိပါရစေ။**

ဖြေ။ ။၂၀၁၂ ဖြစ်စဉ်တုန်းကလည်း တိုင်းရင်းသားကျေးရွာ ၁၂ ရွာ မီးရှို့ခံခဲ့ရတယ်။ မောင်တောခရိုင်အတွင်းမှာဖြစ်ခဲ့တဲ့ ဖြစ်စဉ်တိုင်း ဖြစ်စဉ်တိုင်းမှာ တိုင်းရင်းသားတွေ မီးရှို့တယ်ဆိုတဲ့ စွပ်စွဲချက်တွေပဲ ကျွန်တော်တို့ကြားခဲ့ရတယ်။ စွပ်စွဲချက်ဆိုတာ လုပ်ဆောင်ချက်မဟုတ်ပါဘူး။ အထောက်အထားတစ်စုံတစ်ရာ တင်ပြလာတာလည်းမရှိဘူး။ ယနေ့အချိန်အထိ မကြားသေးပါဘူး။ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေက ကျေးရွာတွေကို မီးရှို့တယ်။ မီးရှို့ပြီး လုံခြုံရေးအဖွဲ့အစည်းတွေဝင်လာတဲ့အချိန်မှာ လုံခြုံရေးအဖွဲ့အစည်းတွေက မီးရှို့ပါတယ်ဆိုပြီး သတင်းမှားတွေထုတ်တယ်။ သူတို့ အကြမ်းဖက်အဖွဲ့ကို မပါဝင်မကူညီတဲ့၊ မပူးပေါင်းတဲ့ ဘင်္ဂါလီအိမ်တွေကိုလည်း မီးရှို့တယ်။ မြင်းလွတ်က ရှီးဒါးရပ်ကွက် မီးလောင်ကျွမ်းမှုဆိုရင် ဘင်္ဂါလီဘက်က စတင်မီးရှို့တယ်ဆိုတဲ့သတင်းရတယ်။ အဲဒီအချိန်ကဆိုရင် ဘယ်လုံခြုံရေးမှ မရောက်နိုင်သေးဘဲ မြင်းလွတ်မှာရှိတဲ့ စခန်းတောင်မှ အတိုက်ခံရတဲ့အခြေအနေ ဖြစ်ပါတယ်။ အဲဒီအချိန် ရွာထဲမှာ မီးလောင်နေတယ်။ လုံခြုံရေးအဖွဲ့လည်းမရှိဘူး။ တိုင်းရင်းသားလည်း မရှိဘူး။ အဲဒီမှာ ဘင်္ဂါလီလူမျိုးတွေပဲရှိတယ်။ မီးရှို့ထွက်ပြေးတယ်။ တခြားရွာတွေမှာလည်း ဒီလိုပဲ။ ၂၀၁၆ အောက်တိုဘာ ဖြစ်စဉ်မှာလည်း ဒီအတိုင်းပဲ။ ကမ္ဘာကပြောနေတဲ့ ဘင်္ဂါလီလူမျိုးတွေကို နှိပ်ကွပ်နေပါတယ်၊ သူတို့ရဲ့နေအိမ်တွေကို မီးရှို့နေပါတယ်ဆိုတဲ့ အသွင်သဏ္ဌာန်ကို ရုပ်လုံးပေါ်အောင်လုပ်တယ်လို့ပဲ ယူဆပါတယ်။

**မေး။ ။မီးလောင်မှုမီးရှို့မှုတွေနဲ့ပတ်သက်ပြီးတော့ ဘယ်လိုဖော်ထုတ်အရေးယူသွားမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ဖြစ်စဉ်နဲ့ပတ်သက်ပြီး ဘင်္ဂါလီကျေးရွာတော်တော်များများ ကျွန်တော်တို့နဲ့ဆက်သွယ်မှုမရခဲ့ဘူး။ တချို့နေရာတွေ မီးလောင်ကျွမ်းတာသိတယ်။ တချို့ကျေးရွာတွေ သတင်းတင်ပြတာရှိတယ်။ ဘယ်နှရွာလောင်နေပြီဆိုပြီး Viber Group နဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေက တင်ပြချက်တွေရပြီးသားလည်း ဖြစ်ပါတယ်။ ကျေးရွာတာဝန်ခံတွေ၊ ရပ်မိရပ်ဖတွေ၊ လုံခြုံရေးအဖွဲ့တွေ ကျေးရွာမှာ ဖွဲ့ပေးထားတာရှိပါတယ်။ အဲဒီအဖွဲ့တွေရဲ့ သတင်းဆက်သွယ်မှုမရတဲ့အတွက် ကျေးရွာမီးလောင်မှုအခြေအနေမှန်ကို ပြောဖို့ဆိုတာ ဒီအချိန်မှာ မလွယ်ကူသေးပါဘူး။ လုံခြုံရေးအရ ဒေသအခြေအနေတည်ငြိမ်မှုအပေါ်မူတည်ပြီး စာရင်းဇယားကို ကျွန်တော်တို့ မြေပြင်ကွင်းဆင်းပြီး တိတိကျကျကောက်ခံဆောင်ရွက်မှာ ဖြစ်ပါတယ်။ လောလောဆယ် သက်ဆိုင်ရာ ရပ်/ကျေးတွေနဲ့ လုံခြုံရေးအဖွဲ့အစည်းတွေက ပေးပို့လာတဲ့ အချက်အလက်တွေအပေါ်မှာသာ အခြေခံပြုစုထားခြင်းပဲ ဖြစ်ပါတယ်။

**စာမျက်နှာ ၉ သို့** ❑





# ပြည်တွင်းရေးရာ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ သဘောထားကြေညာချက်
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

အစ္စလာမ်ဘာသာဝင်များသို့ အထူးအသိပေးပန်ကြားခြင်း
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်

## ❑ ကျောဖုံးမှ

အစ္စလာမ်တရားတော်တွင် အပြစ်မဲ့ပြည်သူများ ထိခိုက်နစ်နာစေသည့် အကြမ်းဖက်လုပ်ရပ် ကျူးလွန်ခြင်းမပြုရန် အတိအလင်းတားမြစ်ထားပါကြောင်း။

ရခိုင်ပြည်နယ်တွင် အကြမ်းဖက်သူများကြောင့် သေဆုံးခဲ့ရသော အပြစ်မဲ့ပြည်သူများအားလုံး၏ ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှပင် ဝမ်းနည်းကြေကွဲရပါကြောင်း။

အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာနေကြရသူ အပြစ်မဲ့ပြည်သူများ အားလုံးအတွက်လည်း စိတ်မကောင်းဖြစ်ရပါကြောင်း။

ထိုအကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းကို အပြင်းအထန် ဆန့်ကျင်ရှုတ်ချပါကြောင်း။

၎င်း အကြမ်းဖက်အဖွဲ့အစည်းသည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး အပါအဝင် မြို့ကြီးများ၌ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသဖြင့် လွန်စွာစိုးရိမ်မကင်းဖြစ်ရပါကြောင်း။

ယခုကဲ့သို့သော အခြေအနေတွင် လူမျိုးရေး၊ ဘာသာရေးပြဿနာဖြစ်အောင် အင်တာနက် လူမှုကွန်ရက် စာမျက်နှာများမှ လှုံ့ဆော်ရေးသားနေသည်များကိုလည်း အစိုးရအနေဖြင့် ကြပ်မတ်ကာကွယ်တားဆီးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အကြမ်းဖက်မှုကို နှိမ်နင်းရာတွင် အပြစ်မဲ့ပြည်သူများ ထိခိုက်နစ်နာမှု မရှိအောင် အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

အကြမ်းဖက်လုပ်ရပ်များကို ကာကွယ်တားဆီးရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးသည် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံ နိုင်ငံသားပြည်သူများ အားလုံးနှင့်အတူ တစ်သားတည်း စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အထူးအသိပေးပန်ကြားခြင်းတွင် အချက်(၃)ချက်ပါဝင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ မှီတင်းနေထိုင်ကြသော အစ္စလာမ်ဘာသာဝင်များသည် နိုင်ငံတော်အား အစဉ်ကျေးဇူးသစ္စာ စောင့်သိရိုသေကာ ဘာသာပေါင်းစုံ၊ နိုင်ငံသားပြည်သူများနှင့် အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြကြောင်း။

အစ္စလာမ်ဘာသာရေး အဖွဲ့အစည်းများနှင့် အစ္စလာမ်ဘာသာဝင်များသည် အကြမ်းဖက်လုပ်ရပ်များကိုလက်မခံဘဲ ဆန့်ကျင်ရှုတ်ချ၍ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် အကြမ်းဖက်မှုများ မဖြစ်ပွားရလေအောင် နိုင်ငံသားပြည်သူတစ်ရပ်လုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုအခါ အင်တာနက်လူမှုကွန်ရက် စာမျက်နှာများတွင် ဘာသာတစ်ခုနှင့် တစ်ခုအကြား မလိုလားအပ်သော ပဋိပက္ခများ ဖြစ်ပေါ်လာစေရန် ဘာသာရေး ပုတ်ခတ်စော်ကားမှုများ၊ လှုံ့ဆော်မှုများ၊ လုပ်ကြံသတင်းလွှင့်မှုများ ဆောင်ရွက်လာသည်ကို တွေ့ရှိနေရကြောင်း။

ယင်းလုပ်ရပ်များကို အစ္စလာမ်ဘာသာဝင်များအနေဖြင့် လက်ခံယုံကြည်ခြင်း၊ ဖြန့်ဝေခြင်း၊ စိတ်လိုက်မာန်ပါ တုံ့ပြန်ခြင်းများမပြုလုပ်ကြပါရန်နှင့် မိမိတို့ပတ်ဝန်းကျင်တွင် အဖျက်အမှောင့်လုပ်ရပ်များ မသင်္ကာဖွယ်ရာ တွေ့ရှိပါက နီးစပ်ရာအစိုးရအုပ်ချုပ်ရေးအဖွဲ့များသို့ အချိန်မီ အသိပေး အကြောင်းကြားပါရန် ပန်ကြားထားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးတွင် အိုလမာ-အစ္စလာမ် သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ အစ္စလာမ်သာသနာရေးရာကောင်စီ ဌာနချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၊ မြန်မာမွတ်စလင်မ် လူငယ်များ(ဘာသာရေး) အဖွဲ့ မ-မ-လ ဌာနချုပ်၊ မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ် (မ-အ-ဖ) ဌာနချုပ်တို့ ပါဝင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ❑ စာမျက်နှာ ၈ မှ

**မေး။ ။အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ဩဂုတ်လ ၂၅ ရက်မှ ယနေ့အချိန်ထိ မီးလောင်မှုတွေရှိတုန်းပဲလား၊ ဘာကြောင့် လောင်နေတာလဲဆိုတာလည်း သိပါရစေ။**

ဖြေ။ ။ဒါနဲ့ပတ်သက်ပြီး နိုင်ငံတကာသတင်းမီဒီယာတွေမှာ စွပ်စွဲနေတာရှိပါတယ်။ ဆက်တိုက်လုပ်ဆောင်နေတာဖြစ်တဲ့အတွက် လုံခြုံရေးအဖွဲ့အစည်းတွေ အကူအညီနဲ့ လုံခြုံရေးအရ ထိန်းချုပ်နိုင်အောင်နဲ့ မီးငြိမ်းသတ်ရေးကိစ္စ၊ စာရင်းကောက်ယူနိုင်ရေးကိစ္စတွေကို ဆက်လက်လုပ်ဆောင်နေပါတယ်။ အကြမ်းဖက်အဖွဲ့တွေအနေနဲ့ ပြည်ပမီဒီယာတွေကနေ လုံခြုံရေးအဖွဲ့အစည်းတွေက မီးရှို့တယ်လို့ စွပ်စွဲချက်တွေ လုပ်လို့ရအောင် မီးရှို့နေတာလို့ မြင်ပါတယ်။ မီးလောင်နေရင်လည်း အဲဒီအနားမှာရှိတဲ့ လုံခြုံရေးအဖွဲ့အစည်းတွေက ရှို့တယ်ဆိုပြီး ထင်ယောင်ထင်မှားဖြစ်အောင် ပြောတယ်လို့ပဲ ယူဆပါတယ်။

**မေး။ ။စက်တင်ဘာ ၇ ရက်က ပြည်တွင်း၊ ပြည်ပမီဒီယာအဖွဲ့တွေ ဂေါ်ဒူသာရကျေးရွာကို သတင်းသွားယူတဲ့အခါမှာ တိုင်းရင်းသားအချို့က မီးလောင်နေတဲ့ အိမ်အချို့က ပစ္စည်းတွေကို ယူဆောင်နေတယ်လို့ ပြည်ပမီဒီယာအချို့မှာ ဖော်ပြနေပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။နယ်မြေတစ်ခုလုံးမှာရှိတဲ့ လုံခြုံရေးအခြေအနေကို တည်ငြိမ်အောင် လုပ်နေရတဲ့အခြေအနေမှာ ဒီလို မီးလောင်မှုဖြစ်စဉ်တွေမှာ အဲဒီကျေးရွာအနားမှာရှိတဲ့ လူအချို့ကို ဒီနေရာ ဒီပတ်ဝန်းကျင်မှာမနေဖို့ ဩဂုတ်လ ၂၆ ရက်က မြို့ထဲမှာ ခရိုင်ရဲတပ်ဖွဲ့မှူးကိုယ်တိုင် ဦးစီးပြီးတော့ ကြေညာထားပါတယ်။ Viber Group ကနေ သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကို အကြောင်းကြားတာတွေလုပ်ခဲ့တယ်။ ဖြစ်စဉ်ဖြစ်ရပ်တိုင်းမှာ ဒီမီးရှို့မှုနဲ့ပတ်သက်ပြီး စက်တင်ဘာလ ၇ ရက်က ပြည်တွင်းပြည်ပမီဒီယာသမားတွေ ဂေါ်ဒူသာရကျေးရွာနားမှာ သတင်းယူရင်း တွေ့တယ်ဆိုတာ ပထမဦးဆုံးဖြစ်ပါတယ်။ ကျွန်တော်တာဝန်ထမ်းဆောင်တဲ့အချိန်မှာ ဒါ ပထမဆုံးကြားဖူးတဲ့ သတင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး BBC သတင်းဌာနက စွပ်စွဲပြီး သတင်းတင်သွားတာရှိပါတယ်။ သတင်းမီဒီယာအဖွဲ့တွေရောက်နေတဲ့အချိန်မှာ လူပုဂ္ဂိုလ်အချို့က မီးရှို့တယ်ဆိုတဲ့အထောက်အထား၊ မီးရှို့ဖို့အတွက် အထောက်အကူပြုပစ္စည်းရှိသလား၊ တွေ့ခဲ့သလား၊ ဒါတွေမတင်ပြဘဲနဲ့ မီးလောင်တဲ့ဘေးနားမှာ ရပ်နေတဲ့သူ၊ အနီးအနားပတ်ဝန်းကျင်မှာ ရှိနေတဲ့သူတွေ မီးရှို့တာပါလို့ ပြောလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီကျေးရွာနားကို သူတို့မရောက်ခင် ကျွန်တော်တို့ ပြန်စိစစ်တဲ့အခါ သတင်းမီဒီယာအဖွဲ့ အလယ်သံကျော်မှာ သတင်းယူနေတဲ့အချိန် ဂေါ်ဒူသာရကျေးရွာ မီးလောင်နေတယ်။ သေနတ်သံကြားတယ်ဆိုပြီး သတင်းမီဒီယာအဖွဲ့ ပြန်လာတဲ့အချိန်မှာ ကျွန်တော့်ကို ပြောတာရှိတယ်။ အဲဒီအချိန်နဲ့ သူတို့ဂေါ်ဒူသာရနားကို ရောက်တဲ့အချိန် နှစ်နာရီကွာဟချက်ရှိပါတယ်။ အဲဒီအချိန်မှာ ဒီမီးကို ဒီလူတွေရှို့ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီလိုပဲ သုံးသပ်ပါတယ်။ မီးလောင်ပြင်ဖြစ်သွားတဲ့အတွက် မီးလောင်ပြင်မှာရှိတဲ့ ပစ္စည်းအချို့ကို ဖြတ်သွားဖြတ်လာသူတွေက သော်လည်းကောင်း၊ အနီးနားပတ်ဝန်းကျင်မှာရှိတဲ့သူတွေက သော်လည်းကောင်း ယူတာဖြစ်နိုင်ပါတယ်။ ပဋိပက္ခဖြစ်စဉ်တိုင်းမှာ ဥပဒေမဲ့လုပ်တတ်တဲ့ လူပုဂ္ဂိုလ်ဆိုတာ ရှိတတ်စမြဲပါပဲ။ ကျွန်တော်တို့ကို အချက်အလက်အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ တင်ပြလာတာရှိတယ်ဆိုရင် အရေးယူပါမယ်။ အဲဒီနေ့မှာ သတင်းမီဒီယာအချို့က ဓာတ်ပုံမှတ်တမ်းပေးသွားတာတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဖော်ထုတ်အရေးယူမှာပါ။ ဒီလိုဖော်ထုတ် အရေးယူဖို့အတွက် လုံခြုံရေးကောင်းမွန်အောင် ထိန်းချုပ်နေပါတယ်။ တရားဥပဒေစိုးမိုးမှုရအောင်၊ အုပ်ချုပ်ရေးအာဏာစက်၊ ဥပဒေတည်မြဲအောင် လုပ်နေတဲ့အချိန်မျိုးမှာ မည်သူမဆို ဥပဒေကြောင်းအရပဲ ဖြေရှင်းဆောင်ရွက်မှာဖြစ်တဲ့အတွက် ဥပဒေနဲ့အညီ ထိရောက်စွာအရေးယူမှာဖြစ်ပါတယ်။

**မေး။ ။အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မီးလောင်နေတဲ့ နေအိမ်တွေကို ပြန်လည်နေရာချထားဖို့ ဘယ်လို စီစဉ်ဆောင်ရွက်ထားပါသလဲ၊ ဘယ်တော့လောက်ပြန်လည်နေရာချထားဖို့ရှိသလဲဆိုတာ ပြောပြပေးပါဦး။**

ဖြေ။ ။လောလောဆယ်အခြေအနေမှာ ဒေသတွင်းလုံခြုံရေးထိန်းချုပ်နိုင်တဲ့ အဆင့်ကိုတော့ ရောက်နေပါပြီ။ လုံခြုံရေးနယ်မြေအတွင်းမှာရှိတဲ့ ဒေသတွင်းစုရပ်တွေရှိပါတယ်။ အဲဒီနေရာတွေမှာ စားနပ်ရိက္ခာဖူလုံရေးကိစ္စ အဆင်ပြေရေးကို ဦးစားပေးဆောင်ရွက်မယ်။ အားလုံးအဆင်ပြေပြီဆိုရင် ပြန်လည်နေရာချထားရေးကိစ္စတွေကို ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဒေသတွင်းဌာနဆိုင်ရာတွေ ပြည်သူလူထုပါဝင်တဲ့ ပူးပေါင်းအဖွဲ့ကို ဖွဲ့စည်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားပါမယ်။

**မေး။ ။နောက်ဆုံးအနေနဲ့ ဖြည့်စွက်ပြောလိုတာရှိရင် ပြောကြားပေးပါဦး။**

ဖြေ။ ။မောင်တောခရိုင်အနေနဲ့ ၂၀၁၂၊ ၂၀၁၆၊ ၂၀၁၇ ဖြစ်စဉ်တွေမှာ ၂၀၁၆ ဖြစ်စဉ်ကို တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ သိထားပြီးသားပါ။ အလားတူ ဒီ့ထက်ပိုမိုပြင်းထန်တဲ့ဖြစ်စဉ်ကြီး ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှာ ဖြစ်ခဲ့တယ်။ ဖြစ်စဉ်တိုင်းကို ကြည့်မယ်ဆိုရင် ၂၀၁၂ မှုခင်းကိစ္စရပ်ကို အခြေခံပြီးဖြစ်တယ်။ ၂၀၁၆ ကျတော့ အချုပ်အခြာအာဏာကို ထိပါးလာတယ်။ ဒီဒေသကို ကာကွယ်နေတဲ့ လုံခြုံရေးအဖွဲ့အစည်းတွေကို တိုက်ခိုက်အောင် ဆောင်ရွက်တာသည် ကြိုတင်ပြင်ဆင်မှုမရှိဘဲ လုပ်လို့မရပါဘူး။ အဲဒီထက်ပြင်းထန်တဲ့ စခန်းပေါင်း ၃၀ ကို တစ်ရက်တည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားတဲ့ကိစ္စဟာ တော်ရုံတန်ရုံကိစ္စမဟုတ်ပါဘူး။ နိုင်ငံတော်အနေနဲ့လည်း အကြမ်းဖက်အဖွဲ့အဖြစ် တရားဝင်ကြေညာပြီးဖြစ်တာကြောင့် ပြတ်ပြတ်သားသား ချေမှုန်းရမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး လုံခြုံရေးအဖွဲ့အစည်းတွေ ဒေသဆိုင်ရာတာဝန်ရှိသူတွေ ပူးပေါင်းပြီး နေ့စဉ်ဆောင်ရွက်နေပါတယ်။ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ရေးကိစ္စရပ်တွေကိုလည်း နေ့စဉ်နဲ့အမျှ ညွှန်ကြားချက်တွေ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ အောက်ခြေအဆင့်ထိဆင်းပြီးတော့ မှာကြားထားပြီးဖြစ်တဲ့အတွက် တပ်ဖွဲ့ဝင်တွေအားလုံး ဥပဒေနဲ့အညီ ဆောင်ရွက်နေတယ်လို့ ယုံကြည်ပါတယ်။

ဆောင်ရွက်နေတဲ့အချိန်မှာ ဒေသတွင်းမှာရှိတဲ့ ပြည်သူလူထုအားလုံးကလည်း အကြမ်းဖက်အဖွဲ့နဲ့ ပါဝင်ပတ်သက်မှုမရှိအောင်၊ ကူညီရာမရောက်အောင်၊ ကျွန်တော်တို့နဲ့ လုံခြုံရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုရပါမယ်။ ဒီဒေသကို တာဝန်ရှိသူတွေချည်းပဲ လုံခြုံဖို့၊ တည်ငြိမ်အေးချမ်းဖို့ လုပ်လို့မရပါဘူး။ ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ နယ်မြေ အမြန်ဆုံး တည်ငြိမ်အေးချမ်းလာမယ်လို့ ပြောချင်ပါတယ်။ ပြည်သူလူထုကိုလည်း မေတ္တာရပ်ခံချင်တာက ဖြစ်စဉ်နဲ့ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ထိတွေ့ပါ၊ ဆက်ဆံပါ။ ဆက်သွယ်ရမယ့်ဖုန်းနံပါတ်တွေ အကုန်လုံးယူထားပါ။ ကိုယ့်နယ်မြေ၊ ကိုယ့်ကျေးရွာ လုံခြုံရေးဆိုင်ရာပဲဖြစ်ဖြစ်၊ စားနပ်ရိက္ခာပိုင်းပဲဖြစ်ဖြစ် အခက်အခဲရှိတယ်ဆိုရင် နီးစပ်ရာ အရေးကြီးဖုန်းနံပါတ်တွေ သတ်မှတ်ပေးထားတာရှိပါတယ်။ ဖြန့်ဝေပေးထားတာရှိပါတယ်။ အဲဒီဖုန်းတွေကို အမြန်ဆုံးဆက်သွယ်ပေးပါ။ ကျွန်တော်တို့ဘက်ကနေ တတ်နိုင်သမျှ တတ်စွမ်းသရွေ့ ဒေသတွင်းက ပြည်သူလူထုအားလုံးကို ဥပဒေနဲ့အညီ စီမံအုပ်ချုပ်နေပါတယ်။ ဥပဒေကြောင်းအရပဲ ဆောင်ရွက်ပေးနေပါတယ်။ အခက်အခဲတစ်စုံတစ်ရာရှိရင် အစွမ်းကုန်ကူညီနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားတယ်ဆိုတာ ပြောကြားလိုပါတယ်။

■

## ❖ ရန်ကုန်မှ

အနိုင်သုံးမှတ်ရယူနိုင်ခဲ့သော်လည်း ခြေစွမ်းပိုင်းမှာ အားရစရာမရှိသေးပေ။

ရန်ကုန်အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ GFA အသင်းမှာလည်း မိုင်းအိုက်နိုင်၊ မောင်မောင်ဝင်းအပါအဝင် နိုင်ငံခြားသားကစားသမားများဖြင့် လူစုံပါဝင်ခဲ့ပြီး အမှတ်ရရန်ကြိုးပမ်းခဲ့သည်။ ရန်ကုန်အသင်းသည် ပထမပိုင်းတွင် တစ်ဖက်သတ်နီးပါး ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်တွင် ဆီဇာနှင့် ကျော်ကိုကိုတို့ ခြေစွမ်းမပြနိုင်ခြင်း၊ ကစားကွက်မမိခြင်းတို့ကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ဂိုးရရှိရန် တိုက်စစ်အားမြှင့်ခဲ့ပြီး ၅၄ မိနစ်တွင် အဖွင့်ဂိုးရရှိခဲ့သည်။ ဒေးဗစ်ဒန်း၏ ဖြတ်တင်ပေးမှုမှတစ်ဆင့် ဆီဇာက ခေါင်းတိုက်သွင်းယူခဲ့ပြီး ယင်းဂိုးမှာ ဆီဇာ ရန်ကုန်အသင်းသို့ ပြန်လည်ရောက်ရှိလာပြီး ပထမဆုံးသွင်းယူနိုင်ခဲ့သည့်ဂိုးလည်းဖြစ်ခဲ့သည်။ အဖွင့်ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်း ကစားပုံပိုကောင်းလာပြီး ၈၄ မိနစ်တွင် ဆီဇာကပင် ခေါင်းတိုက်သွင်းယူခဲ့သောကြောင့် ရန်ကုန်အသင်း ဒုတိယဂိုးရရှိခဲ့သည်။ GFA အသင်းသည် ချေပဂိုးရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ချေပဂိုးနှင့် ဝေးခဲ့ရသည်။

ပုသိမ်ကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဧရာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်းပွဲကျပ်ကစားရသော်လည်း အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ၃၁ မိနစ်တွင် ခရစ္စတိုဖာ၊ ၇၈ မိနစ်တွင် ဒွေးကိုကိုချစ်တို့က သွင်းယူခဲ့ပြီး ဧရာဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၅ မိနစ်တွင် သီဟဇော်က သွင်းယူခဲ့သည်။

ပွဲစဉ်(၁၇) နောက်ဆုံးနေ့အဖြစ် စက်တင်ဘာ ၁၁ ရက် ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ မကွေးအသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# (၇)ကြိမ်မြောက် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာစီးပွားရေးနှင့်လူမှုရေးကော်မရှင်၏ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးအဆင့်ထိပ်သီးညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သောအဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် စက်တင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသော ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာ စီးပွားရေးနှင့်လူမှုရေး ကော်မရှင်က ကြီးမှူးကျင်းပသော (၇)ကြိမ်မြောက် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးအဆင့် ထိပ်သီးညီလာခံသို့ တက်ရောက်သည်။

စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပရာတွင် သယံဇာတများကို ထိရောက်အကျိုးရှိစွာသုံးစွဲနိုင်ရေးနှင့် ညစ်ညမ်းမှုကင်းစင်သော ဒေသဖြစ်ပေါ်လာရေးကို ဦးတည်၍ ပါဝင်တက်ရောက်သူများက ဆွေးနွေးကြသည်။

စက်တင်ဘာ ၇ ရက်တွင် ဝန်ကြီးအဆင့် ထိပ်သီးညီလာခံကို စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။ ထိုင်းနိုင်ငံပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတဝန်ကြီး H.E.Gen.SurasakKarnjanarat၊ UN ESCAP မှ Dr. Shamshad Akhtar နှင့် UNEP မှ Mr.Erik Solheim တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးအဆင့် ဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံ၄၃နိုင်ငံမှ ဝန်ကြီး၄၃ဦး ပါဝင်ဆွေးနွေးသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကြောင့် လေ၊ ရေ၊ မြေ၊ ညစ်ညမ်းရာမှတစ်ဆင့် ပတ်ဝန်းကျင်အပေါ် ဆင့်ပွားသက်ရောက်မှုများ ဖြစ်ပေါ်စေကြောင်း၊ မှန်ကန်သောစီမံခန့်ခွဲမှုနှင့် ခေတ်မီနည်းပညာများ အားနည်းခြင်းကြောင့် မြို့ပြဒေသများတွင် အဆိပ်အတောက်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ သိုလှောင်မှုနှင့်စွန့်ပစ်မှုတို့မှာ အဓိကစိန်ခေါ်မှုဖြစ်ကြောင်း၊ သန့်ရှင်းသော ရင်းနှီးမြှုပ်နှံမှုများဖြင့် သယံဇာတများကို ချွေတာထိရောက်စွာ သုံးစွဲနိုင်ရန်အတွက် အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်ကို ရေးဆွဲလျက်ရှိကြောင်း၊ အမှိုက်စွန့်ပစ်မှုကို စီမံခန့်ခွဲရန်အတွက် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကိုရေးဆွဲထားကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံအစိုးရတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် "အမှိုက်မှစွမ်းအင်" စက်ရုံတစ်ရုံကို ရန်ကုန်မြို့တွင် တည်ဆောက်ထားကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသောနိုင်ငံများမှ တင်ပြဆွေးနွေးသည့် အစီအစဉ်များ ကျင်းပသည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏မူဝါဒသဘောထားကိုတင်ပြရာတွင် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကို "စဉ်ဆက်မပြတ် စိမ်းလန်းသန့်ရှင်း၍ ကျန်းမာသန်စွမ်းသော ပတ်ဝန်းကျင်ဖြင့် မြန်မာနိုင်ငံ၏ တောက်ပသောအနာဂတ်ကို ဖန်တီးရန်" ဟူသော ရည်ရွယ်ချက်ဖြင့် ရေးဆွဲချမှတ်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးတွင် သစ်ထုတ်လုပ်ခြင်းကို တစ်နှစ်ရပ်ဆိုင်း၍ ပဲခူးရိုးမ၌ ၁၀ နှစ်ရပ်ဆိုင်းထားကြောင်း၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ရေးရာမူဝါဒ၏ ရေရှည်မျှော်မှန်းချက်မှာ မြန်မာနိုင်ငံသားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှု နည်းသောလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် သယံဇာတများကို စဉ်ဆက်မပြတ် အကျိုးရှိ ထိရောက်စွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေး တက်ရောက်စဉ်ကာလအတွင်း ဂျပန်နိုင်ငံ လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Yasao Takahashi နှင့် သီးခြားတွေ့ဆုံခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များဆောင်ရွက်နိုင်ရန်တို့ကိုလည်းကောင်း၊ ကုလသမဂ္ဂတွဲဖက်အတွင်းရေးမှူးချုပ်နှင့် UNEP အမှုဆောင်ဒါရိုက်တာ Mr. Erik Solheim နှင့် တွေ့ဆုံရာတွင် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအား အကူအညီပေးရေးကိစ္စရပ်များနှင့် ရေရှည်လက်တွဲပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း အသီးသီးဆွေးနွေးသည်။

ယင်းနောက် "Impactful Investments in Water Efficient Infrastructure" ခေါင်းစဉ်ဖြင့် ကျင်းပသော ပူးတွဲအစည်းအဝေးကို ပြည်ထောင်စုဝန်ကြီးက သဘာပတိအဖြစ် ဦးဆောင်ကျင်းပခဲ့သည်။ UN ESCAP ကလည်း မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကိစ္စရပ်များအပေါ် လက်တွေ့ဖြေရှင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးအား တွေ့ဆုံမေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုကာကွယ်ရေး အသိပညာပေး

**မြောင် စက်တင်ဘာ ၁၀**

မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၈ ရက်က မြောင်မြို့နယ် ကင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ထက်ထက်လင်းက စာဖတ်ခြင်း၏ အကျိုးကျေးဇူးနှင့် လူကုန်ကူးမှုတားဆီးရေးအကြောင်း သိကောင်းစရာများကို ဟောပြောကာ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအဖွဲ့ဝင် ဦးမြရှိန်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် AIDS ရောဂါအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေက မူးယစ်ဆေးဝါးဆိုးကျိုးနှင့် ပြစ်မှုဆိုင်ရာဥပဒေအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

၎င်းအဖွဲ့သည် နဘက်ကျေးရွာ (အထက) ကျောင်းခန်းမ၌ ယင်းနေ့မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်ကိုကို(ပြန်/ဆက်)**

## လောကဓံနဲ့ဖက်ပြိုင် အနိုင်ယူလိုကြသူများသို့

ဟံသာဝတီ - ဦးအုန်းကြိုင်

❍ လောကထဲရောက်လာရင်
လောကဓံနဲ့ဖက်ပြီး
ရန်မဖြစ်ရဘူး
ပြဿနာမရှာရဘူး
ပြဿနာရှာရန်ဖြစ်ရင်
ကိုယ်အမြဲရှုံးတယ်။ ။

❍ လောကဓံဆိုတာ
ကိုယ်ဖြစ်ချင်သလို
ဖြစ်နေတာမဟုတ်ဘူး
သူဖြစ်ချင်တာ
ဖြစ်နေတာ။ ။

❍ ယသောအယသော
လာဘောအလာဘော
နိန္ဒာပသံသာ
သုခံဒုက္ခံဆိုတာ
ဓမ္မတာတရား
နိယာမတရား...။ ။

❍ အဲဒီ
တရားတွေနဲ့
လိုက်လျောညီထွေ
နေတတ်အောင်
နေဖို့ပဲ
အရေးကြီးတယ်။ ။

❍ တစ်ခါတစ်ခါ
လောကဓံဟာ
သည်းမခံနိုင်အောင်
မကျေနပ်စရာတွေနဲ့
တွေ့ကြုံရတာလည်းရှိတယ်။ ။

❍ ကျေနပ်စရာပဲတွေ့တွေ့
မကျေနပ်စရာပဲတွေ့တွေ့
နေတတ်အောင်နေဖို့
အရေးကြီးတယ်
သူနဲ့ဖက်ပြိုင်
အနိုင်လုနေလို့ကအမိုပဲ။ ။

(ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီးအား ဦးညွှတ်လျက်)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

**(ယမန်နေ့မှ အဆက်)**

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၄ | ဒစ်စလက်ဇီးယားလက်ဆောင် | ဟိန်းလတ် | ၂၅၀၀ | ဆန်းစသော်တာ |
| ၂၅ | သင်လုပ်နိုင်တယ် သင်လုပ်ပါလိမ့်မယ် | - | ၄၀၀၀ | မျိုးဆက်သစ် |
| ၂၆ | တမုတ်ရွှေဂူကြီးဘုရား | မင်းဘူးအောင်ကြိုင် | ၃၀၀၀ | တိုးမြစ် |
| ၂၇ | ကလေးတို့ချစ်သော အနုရုဒ္ဓါ (သို့) အနော်ရထာ | မောင်ဆန္ဒ (လယ်ဝေး) | ၁၅၀၀ | ရွှေပဒေသာ |
| ၂၈ | မူလတန်း အင်္ဂလိပ်သဒ္ဒါ | နေလင်းဝင်း | ၁၅၀၀ | မဇ္ဈိမ |
| ၂၉ | အလုပ်သမားရေးရာ သိမှတ်စရာ | ဦးအောင်သန်း | ၂၅၀၀ | ရှုတိုင်းယဉ် |
| ၃၀ | လှည်းကူးမြို့နယ် သမိုင်းအကျဉ်းနှင့် သရေခေတ္တရာ ပျူလူမျိုးများ၏ ကိုးကွယ်ယုံကြည်မှုစာတမ်း | Dr.ဘဒ္ဒန္တရေဝတာ လင်္ကာရ | ၁၅၀၀ | ကံ့ကော်ဝတ်ရည် |
| ၃၁ | သုတရတနာသိုက် (၅) | ပဋ္ဌာန်းစာတည်းအဖွဲ့ | ၃၀၀၀ | ပဋ္ဌာန်း |
| ၃၂ | စီးပွားရေးထဲကလူ လူထဲကစီးပွားရေး | ခင်မောင်ညို (ဘောဂဗေဒ) | ၁၇၀၀ | စိတ်ကူးချိုချို |
| ၃၃ | အရှေ့ကနေသည် | ဦးကျော်ဇေယျ | ၃၅၀၀ | မယ်နှင့်မောင် |
| ၃၄ | မိုးလောက်ကြီးကို ချစ်ပြမယ် (ဟာသလုံးချင်းနှင့် နှစ်တွဲပေါင်း) | ကြူမွေး | ၄၅၀၀ | စိတ်ကူးချိုချို |
| ၃၅ | လွမ်းရအောင် | မင်းလူ | ၃၀၀၀ | ရွှေနှလုံးသား |
| ၃၆ | စုံထောက်မောင်စံရှားဝတ္ထုတိုပေါင်းချုပ် | ရွှေဥဒေါင်း | ၂၀၀၀ | စာပေလောက |
| ၃၇ | အာရှပြတင်း၊ အာရှမြင်ကွင်းကျယ် | ကျော်ရင်မြင့် | ၂၇၀၀ | ခြူးခြူး |
| ၃၈ | စိန့်ပီတာစဘတ်မှလူ | မောင်မိုးသူ | ၆၀၀၀ | ခြူးခြူး |
| ၃၉ | နေ့စဉ်ပြောကြား ထွေရာလေးပါး အင်္ဂလိပ်စကား အတိုအထွာများ | ဆရာထွန်းစိန် | ၃၀၀၀ | ရွှေမင်းဝန် |
| ၄၀ | တာဝန်ကျေခဲ့ပါသည် အပိုင်း(၅) | စစ်နွေ | ၃၅၀၀ | မြဝတီ |
| ၄၁ | နှင်းပျောက်တဲ့နွေနှင့် ကိုသက်ဦးဂီတပုံရိပ်များ | ကလောင်စုံ | ၄၀၀၀ | နဝဒေး |
| ၄၂ | ငါးရာ့ငါးဆယ်ဗုဒ္ဓဝင်နှင့် ဓမ္မရသပုံပြပေါင်းချုပ် | ကျော်ဖြူစံ | ၉၀၀၀ | စိတ်ကူးချိုချို |
| ၄၃ | လာနီညာဆိုတဲ့ မိန်းကလေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာဆောင်းပါးများ | မောင်ထွန်းလွင် (မိုးလေဝသ) | ၄၀၀၀ | ခြူးခြူး |
| ၄၄ | ပျောက်ဆုံးသွားသော မျိုးဆက်တစ်ခု (ပထမပိုင်း) ၁၉၆၈-၁၉၇၆ | ကျော်ဝင်း | ၈၀၀၀ | တကောင်း |
| ၄၅ | ပျားရည်ရှာပုံတော် | ဉာဏ်ဉာဏ် | ၁၅၀၀ | နေရီရီ |
| ၄၆ | လက်ရွေးစင်ဟာသပဒေသာ အမှတ်-၂၅ | မောင်ကောင်းထိုက် | ၂၀၀၀ | ရွှေပဒေသာ |
| ၄၇ | ကောင်လေး | မမသဒ္ဒါမောင် | ၂၀၀၀ | ရွှေပဒေသာ |
| ၄၈ | အခါလွန်အမုန်း | ကြယ်စင်မှူးဝေ | ၁၇၀၀ | ရွှေပဒေသာ |
| ၄၉ | အတိတ်ဟောင်းနဲ့အလွမ်းကျော် | လှိုင်းကြာဖြူ (လားရှိုး) | ၁၇၀၀ | ရွှေပဒေသာ |

# နမ့်စန်တွင် ဆေးလိပ်ငွေ့ကင်းစင် ကျောင်းအခြေပြု မီနီမာရသွန်အပြေးပြိုင်ပွဲကျင်းပ

**နမ့်စန် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဆေးလိပ်ငွေ့ကင်းစင် ကျောင်းအခြေပြု မီနီမာရသွန်အပြေးပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၆ နာရီက မြို့နယ်ခန်းမရှေ့၌ ကျင်းပခဲ့သည်။




အဆိုပါပြိုင်ပွဲကို မြို့နယ်ခန်းမရှေ့မှ နမ့်စန်မြို့အဝင်ဆိုင်းဘုတ်အထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အသွားအပြန် သုံးမိုင် ယှဉ်ပြိုင်စေခဲ့ပြီး နမ့်စန်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အသက်(၁၅)နှစ်အောက် ကျောင်းသား ကျောင်းသူ ၄၅၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကို အမျိုးသား အမျိုးသမီးအလိုက် ရွေးချယ်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် မောင်ရိုဆန်း(ပထမ)၊ မောင်မိုက်ကယ်(ဒုတိယ)၊ မောင်သန်းထွန်း(တတိယ)နှင့် အမျိုးသမီးပြိုင်ပွဲတွင် မအားလိန်မိန်း(ပထမ)၊ မနန်းဆိုင်အောင်(ဒုတိယ)၊ မယာသေးမင်(တတိယ)တို့က ဆုများ အသီးသီးရရှိခဲ့ကြသည်။ ဆုရရှိသူများနှင့် ပန်းဝင်သူများကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေနှင့် ဦးစိုင်းလုံ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်တို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ဖွင့်ပွဲနှင့် မြေနေရာလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ယင်းအဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ယင်းနောက် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ အလျားပေ ၂၀၀၊ အနံ ပေ ၂၀၀ မြေနေရာလှူဒါန်းသော ဦးဝင်း(မိသားစု)နှင့် အောက်ဆီဂျင်ဘူးများလှူဒါန်းပေးသူအား နေပြည်တော်ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါကျန်းမာရေးဌာနခွဲအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုထောက်ပံ့ငွေကျပ် သိန်း ၆၃၀ ဖြင့် အလျားပေ ၃၀၊ အနံပေ ၃၀၊ အမြင့် ၁၄ ပေ အုတ်စီ၊ ကွန်ကရစ်တိုင်ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

**စိုးမိုး(ပြန်/ဆက်)**




# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖရဲသီးဧက ၂၀၀၀၀ ကျော် စိုက်ပျိုး



**ချောင်းဦး စက်တင်ဘာ ၁၀**

ယခုနှစ် ဖရဲသီးစိုက်ပျိုးရေးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တွင် ဖရဲသီးစိုက်ဧက ၂၅၀၀၀ ကို စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(စစ်ကိုင်းတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးစောမြင့်ထံမှ သိရသည်။

"မိုးရာသီစိုက်တဲ့ဖရဲသီးတွေက အဓိက မူဆယ်ဈေးကွက်အတွက် စိုက်ပျိုးကြတာပါ။ မနှစ်က မိုးရာသီမှာ ဖရဲစိုက်ဧက ၁၅၀၀၀ စိုက်ပျိုးကြတယ်။ အခုနှစ်မှာတော့ ၂၀၀၀၀ ကျော်စိုက်လာတယ်။ တိုင်းဒေသကြီးတစ်ခုလုံးအနေနဲ့ စိုက်ကြတုန်းပဲ။ မပြီးသေးဘူး။ ချောင်းဦးမြို့နယ်အတွင်းမှာတော့ စိုက်လို့ပြီးပြီ။ တချို့အခင်း တွေဆိုရင် အသီးဖမ်းလို့တောင်ရနေပြီ။ မိုးရာသီစိုက်တဲ့ဖရဲမျိုးက ၈၅၅ မျိုးကိုစိုက်ကြတယ်။ အဲဒီမျိုးက အခွန်ထူပြီး အဝေးကို တင်လို့ကောင်းတဲ့အတွက် အစိုက်များတာ။ အရင်ကတော့ ၁၆၈ မျိုးကို စိုက်ကြတယ်။ နိုင်ငံခြားဈေးကွက်အထိ မျှော်မှန်းပြီး စိုက်ကြတာဆိုတော့ တောင်သူတွေအနေနဲ့ သီးနှံတွေမှာ ဓာတုဓာတ်ကြွင်းတွေ ကင်းနိုင်ဖို့အတွက် ပိုးသတ်ဆေး၊ သွင်းအားစုတွေကို စနစ်တကျနဲ့ သတ်မှတ်နှုန်းအတိုင်း သုံးစွဲဖို့လိုပါတယ်"ဟု ဥက္ကဋ္ဌ ဦးစောမြင့်က ပြောသည်။

မိုးရာသီစိုက် ဖရဲသီးခင်းများကို ကုန်းမြင့်ဒေသများတွင် စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကသာ၊ ထီးချိုင့်၊ ဘုတလင်၊ မုံရွာနှင့် ချောင်းဦးမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိကာ မူဆယ်ဈေးကွက်အတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ သခွားမွှေးစိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးတာဆိုတော့ တခြားမြို့တွေနဲ့စာရင် ဖရဲသီးစိုက်ပျိုးမှုနည်းပါတယ်။ မိုးရာသီစိုက်တဲ့ဖရဲသီးပင်တွေကို ကုန်းမြင့်ဒေသတွေမှာ အဓိကစိုက်ပါတယ်။ တစ်ဧကကို အပင် ၁၅၀၀ လောက်စိုက်တယ်။ အပင်ပေါက်အညွှန့်ထောင်လာတဲ့အချိန်မှာ အညွှန့်ကိုဖြတ်ပစ်ပြီး အပင်ပွားတွေ ထွက်လာတဲ့အခါမှာ သန်မာတဲ့အပင်ပွားသုံးပင်ချန်ပြီး ကျန်တာတွေဖယ်ပစ်တယ်။ အဲဒီအပင်ပွားခြေရင်းကနေ လေးတောင်အကွာရဲ့အထက်ပိုင်းမှာထွက်တဲ့ အသီးတွေထဲက အလုံးရှည်တယ်၊ ချက်တည့်တဲ့ အသီးတစ်လုံးကိုချန်ပြီး ကျန်တဲ့အသီးကင်းအားလုံးကို ခူးပစ်ရတယ်။ တစ်ပင်လုံးကို စိတ်ကြိုက်တစ်လုံးပဲ ချန်ထားတဲ့သဘောပါ။ အဲဒါကို အသီးဖမ်းတယ်လို့ခေါ်တာပါ။ မိုးရာသီစိုက်ဖရဲစိုက်ပျိုးရေးက မိုးရေကိုအဓိကထားပြီး စိုက်ပျိုးတာဖြစ်တဲ့အတွက် ဆောင်းရာသီစိုက်ပျိုးချိန်ထက် ကုန်ကျမှုသက်သာပါတယ်"ဟု ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာမှ ဖရဲစိုက်တောင်သူ ဦးအုန်းဘိုက ပြောသည်။

မိုးရာသီစိုက်ပျိုးသော ဖရဲသီးစိုက်ပျိုးရေးသည် မိုးရေကို အဓိကထားစိုက်ပျိုးခြင်းဖြစ်ပြီး ရေသွင်းစိုက်ပျိုးရခြင်း မရှိသဖြင့် စက်သုံးဆီအတွက် ကုန်ကျမှုမရှိပေ။ ထို့ကြောင့် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့်သာ ကုန်ကျမှုရှိပြီး တစ်ဧကလျှင် တန်ချိန် ၁၀ တန်ကျော်ထွက်ရှိသဖြင့် ထက်ဝက်ကျော်အမြတ်ရှိကြောင်း ဖရဲသီးစိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# နန့်ခင့်ကျေးရွာ၌ တိရစ္ဆာန်သန်းခေါင်စာရင်းစမ်းသပ်ကောက်ယူ

**အင်းတော် စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်ခင့်ကျေးရွာတွင် တိရစ္ဆာန်သန်းခေါင်စာရင်းစမ်းသပ်ကောက်ယူခြင်းလုပ်ငန်းကို မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ ဦးကျော်မင်းဦး ဦးဆောင်သောအဖွဲ့က စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ပူးပေါင်းပြီး တိရစ္ဆာန်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် တိရစ္ဆာန်သန်းခေါင်စာရင်းစစ်တမ်းများ ကောက်ယူရာ၌ စနစ်တကျကောက်ယူနိုင်ရန်၊ အားနည်းချက်၊ အားသာချက်များ ဆန်းစစ်နိုင်ရန် ရည်ရွယ်ပြီး အဖွဲ့နှစ်ဖွဲ့ခွဲကာ အကြိုစစ်တမ်းကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။

"အင်းတော်မြို့နယ်အတွင်းက ကျေးရွာတွေရဲ့ ၂၀ ရာခိုင်နှုန်းဖြစ်တဲ့ ကျေးရွာ ၃၁ ရွာကို စစ်တမ်းကောက်ယူနိုင်ရေး ရှေ့ပြေးစမ်းသပ်ကောက်ယူတာပါ။ ဒီစစ်တမ်းက ရရှိလာတဲ့အတွေ့အကြုံတွေကို နေပြည်တော်မှာ ပြန်ပြီးဆွေးနွေးတင်ပြရမှာပါ။ တကယ်အစစ်ကောက်ယူမယ့်အချိန်တွေမှာ ဘာတွေ အခက်အခဲရှိနိုင်တယ်။ ဘယ်လိုတွေ ဆောင်ရွက်ရမယ်ဆိုတာတွေကို ဆွေးနွေးရမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ အချိန်တစ်လကြာ စစ်တမ်းကောက်ယူမှာဖြစ်ပါတယ်။ တိရစ္ဆာန်တွေကို အကြီးရယ်၊ အသေးရယ်ဆိုပြီး နှစ်မျိုးကောက်ပါမယ်။ အကြီးထဲမှာ ဒေသနွား၊ နို့စားနွား၊ ခိုင်းကျွဲ၊ နွား၊ နို့စားကျွဲ၊ မြင်းတို့ပါမယ်။ ဆင်မွေးထားမယ်ဆိုရင်လည်း စာရင်းကောက်ယူပါမယ်။ အဲဒါကတော့ စာတိုင်အနေနဲ့ မပါသေးပါဘူး။ နောက်ပိုင်းထည့်မှာပါ။ တိရစ္ဆာန်အငယ်တွေအနေနဲ့ကတော့ ဆိတ်၊ သိုး၊ ဝက်၊ ခွေးအထိ ကောက်ယူပါမယ်။

"ခွေးကိုဘာလို့ စာရင်းကောက်ရလဲဆိုတော့ တစ်မြို့နယ်မှာ ခွေးအကောင်ရေ ဘယ်လောက်ရှိလဲဆိုတာကိုတွက်ချက်ပြီး ခွေးရူးရောဂါကာကွယ်ဆေးတွေကို နိုင်ငံတော်က စီစဉ်ပေးချင်ပေးမယ်။ ဒါမှမဟုတ် နိုင်ငံတကာရဲ့အကူအညီတွေနဲ့ ဆောင်ရွက်မယ်။ အဲဒါတွေဆောင်ရွက်နိုင်ဖို့အတွက် အကောင်ရေ သိချင်လို့ပါ။ နောက်တစ်ခုက ကြက်၊ ငှက်တွေထဲမှာ ကြက်၊ ကြက်ဆင်၊ မန်ဒါလီ၊ ဘဲနဲ့ ငန်းအထိ ကောက်ယူမှာပါ။ အခြားတိရစ္ဆာန်နဲ့ပတ်သက်ပြီး အချက်အလက်တွေကိုတော့ ဒေသနွားတွေကို မျိုးတင်တာရှိ/မရှိ၊ နွားသိုးတွေကိုလည်း မျိုးတင်တာရှိ/မရှိ၊ မေထုံမဲ့နည်းနဲ့တင်တာလား။ စီးပွားဖြစ် ကြက်ခြံ၊ ဝက်ခြံတွေရှိလား၊ မျိုးခြံတွေရှိလား ဆိုတာတွေကို တစ်ခါတည်းစာရင်းကောက်ယူ ပြုစုသွားမှာပါ"ဟု ဒေါက်တာဦးကျော်မင်းဦးက ပြောသည်။

အဆိုပါ စစ်တမ်းကောက်ယူရာတွင် အိမ်ခြေ ၁၆၀ နှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ သီလရှင်ကျောင်း နှစ်ကျောင်းတို့မှ နွား၊ ကျွဲ၊ ခွေး၊ ကြက်၊ ဘဲများနှင့် ဆင်တစ်ကောင်တို့ကိုပါ စမ်းသပ်ကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ချစ်လင်း (အင်းတော်)**



# ယာဉ်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းတုံးများ ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် စက်တင်ဘာ ၁၀**
ယာဉ်အတွင်း အံ့ဝှက်များပြုလုပ်ကာ သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများ သယ်ဆောင်လာသည့် ယာဉ်များကို စက်တင်ဘာ ၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

သတင်းအရ မူဆယ်သို့သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မိုင်တိုင်အမှတ် (၁၉၃/၆)မိုင် မိုင်းလီရွာအနီးတွင် Express ယာဉ်တစ်စီးနှင့် Nissan March ယာဉ်တစ်စီးတို့အား မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးရာ ယာဉ်၏ နောက်ဘက်ခြမ်းတွင် အကန့်များပြုလုပ်၍ လည်းကောင်း၊ ယာဉ်နောက်ခြမ်း၏ အောက်ဘက်တွင် အံ့ဝှက်ပြုလုပ်၍ လည်းကောင်း၊ ဆီတိုင်ကီထဲတွင် အံ့ဝှက်ပြုလုပ်၍လည်းကောင်း၊ ယာဉ်၏နောက်ထိုင်ခုံအောက်တွင် အံ့ဝှက်ပြုလုပ်၍လည်းကောင်း၊ ယာဉ်၏ဒက်ရှ်ဘုတ်ထဲတွင် အံ့ဝှက်ပြုလုပ်၍ လည်းကောင်း သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး ၁၂၀၇ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၂ ဒသမ ၈၅၀ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ စက်တင်ဘာ ၉ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တရားမဝင်ကုန်သွယ်မှုများအား တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄ ဒသမ ၈၇၉ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၅၅၄ သန်းခန့်)စုစုပေါင်းတားဆီးမှု ကိုးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉ ဒသမ ၄၄၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(ဝ၀၁)**



# ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**
ရွှေဂွန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် ည ၁၁ နာရီ ၁၅ မိနစ်က လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ ကျွန်းရွှေဝါရပ်ကွက်နေ ဆန်းလွင်၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၉၄ ပြား၊ ငွေကျပ် ၅၂၅၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

အလားတူ စက်တင်ဘာ ၁၀ ရက် ည ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှာငံမြို့နယ် ကျောက်ကူပြင်ကျေးရွာအနီး ရှာငံ-ဟံမြင့်မိုရ်-ကျောက်ဆည် ကားလမ်းတွင် ကျော်ဆန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် မောင်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် နှစ်စီးတို့အားရှာဖွေရာ ကျော်ဆန်းထံမှ ဘိန်းစိမ်း ၃၅ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ စက်တင်ဘာ ၈ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ မြို့ရှောင်လမ်း အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်- မန္တလေးပြည်ထောင်စုကားလမ်းတွင် ခရီးသည်တင်မော်တော်ယာဉ်အားရှာဖွေရာ ခရီးသည် ပြည့်စုံဝင်း(ခ)ဖိုးပြည့်နှင့် မယဉ်လှဲ့အေး(ခ)မမီးမီးတို့၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆၀ ကိုလည်းကောင်း၊ မူဆယ်-မန္တလေး ပြည်ထောင်စုလမ်းတွင် အိုက်ကျော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

စက်တင်ဘာ ၉ ရက် နံနက် ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု နမ့်ဘော်အောကျေးရွာဟောင်းနှင့် ပန်လော့ကျေးရွာသွားလမ်းတွင် အိုက်လာအားရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ကျော်ဆန်းနှင့် မောင်ဦးတို့အား သိမ်းဆည်းရမိ ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

# ဖားကန့်-မိုးကောင်း ကားလမ်းမဘေး၌ လက်လုပ်မိုင်းနှစ်လုံး တွေ့ရှိ

**ဖားကန့် စက်တင်ဘာ ၁၀**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကပ်မော်ဇွပ်ကျေးရွာအုပ်စု ဂေါ့လူယန်ကျေးရွာအနီး ဖားကန့်-မိုးကောင်း ကားလမ်းမဘေးဝဲယာ၌ ရွာသူရွာသားများက ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းစဉ် ဒေသန္တရလက်လုပ်မိုင်းနှစ်လုံးကိုတွေ့ရှိခဲ့သဖြင့် သက်ဆိုင်ရာသို့ အချိန်မီ သတင်းပေးပို့နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခန့်က ဖားကန့်မြို့နယ် ကပ်မော်ဇွပ်ကျေးရွာအုပ်စု ဂေါ့လူယန်ကျေးရွာအနီး ဖားကန့်-မိုးကောင်း ကားလမ်းမဘေးဝဲယာ၌ ရှုပ်ထွေးနေသော ချုံနွယ်ပိတ်ပေါင်းများကို ရွာသူရွာသားများက ခုတ်ထွင်ရှင်းလင်းကြရာ လမ်း၏မြောက်ဘက်ခြမ်း၌အချင်းငါးလက်မခန့် စလင်ဒါပုံစံအင်ဂျင်ဘူးခွံနှင့် အချင်းငါးလက်မခန့် စလင်ဒါပုံစံ အင်ဂျင်စလစ်တို့ဖြင့်ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်းနှစ်လုံးကို တွေ့ရှိခဲ့သဖြင့် ကာမိုင်းမြို့အုပ်ချုပ်ရေးမှူးမှတစ်ဆင့် သက်ဆိုင်ရာသို့ သတင်းပေးပို့နိုင်ခဲ့သည်။

အဆိုပါလက်လုပ်မိုင်းနှစ်လုံး တွေ့ရှိသည့်နေရာသို့ ဗိုလ်မှူးဟန်ဖြိုးဝေဦးစီးသောအဖွဲ့က သွားရောက်ရှင်းလင်းခဲ့ကြောင်း၊ ထိုသို့မိုင်းရှင်းလင်း ဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ခေတ္တလမ်းပိတ်ခဲ့ရပြီး မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လက်လုပ်မိုင်းနှစ်လုံးအား ဘေးကင်းစွာဖြင့် ရှင်းလင်းနိုင်ခဲ့ပြီး ခရီးသွား မော်တော်ယာဉ်အတက်အဆင်းများမှာ ပုံမှန်အတိုင်း ခရီးဆက်လက်သွားလာလျက်ရှိကြောင်း သိရသည်။

**(ဝ၅၈)**



# လိုက်ထရပ်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ဝင်တိုက်

**လှည်းကူး စက်တင်ဘာ ၁၀**
ရဲမွန်တပ်မြို့အဝင်လမ်းတွင် ယနေ့နံနက်ပိုင်း ၁၁ နာရီခွဲက လိုက်ထရပ်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင် ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့အဝင်လမ်းအတိုင်း လှည်းကူးမြို့ အောင်မြေကျေးရွာနေ ကောင်းထက်ဟန်(၁၉)နှစ် မောင်းနှင်လာသည့် လိုက်ထရပ်ယာဉ်သည် မိုင်တိုင်အမှတ်(၀/၅)အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ယာဘက်လမ်းဘေးရှိ သစ်ပင်အားဝင်တိုက်မိခဲ့သဖြင့် ယာဉ်အနည်းငယ်ပျက်စီးပြီး ယာဉ်ပေါ်ပါသူ လှည်းကူးမြို့ တောအင်းကျေးရွာနေ မြတ်မင်းသူ(၂၅)နှစ်တွင် ဒဏ်ရာများရရှိပြီး မြောက်ဥက္ကလာပဆေးရုံကြီးတွင် အတွင်းလူနာအဖြစ်နှင့် တစ်ရပ်တည်းနေ မျိုးမင်းဒွေး(၂၁)နှစ်တွင် ဒဏ်ရာများရရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးသို့ လွှဲပြောင်းကုသစဉ် သေဆုံးသွားကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ကောင်းထက်ဟန်အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(လှည်းကူး)**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

### မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

### မြန်မာ့ပင်လယ်ပြင်

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

# တိုက်ကြီးတိုးဂိတ်တွင် တရားမဝင် ကျွန်းတံခါးများ သိမ်းဆည်းရမိ

**တိုက်ကြီး စက်တင်ဘာ ၁၀**
ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တိုက်ကြီးတိုးဂိတ်တွင် စက်တင်ဘာ ၉ ရက် ည ၁၀ နာရီက သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်သူ၊ သစ်တောဝန်ထမ်းများ၊ သစ်တောရဲများ ပါဝင်သောအဖွဲ့သည် တရားမဝင်ကျွန်းတံခါးများတင်ဆောင်လာသော အိမ်စီးကားတစ်စီး ဖမ်းမိကြောင်း တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါယာဉ်မှာ ပြည်မှ ရန်ကုန်သို့ မောင်းနှင်လာကြောင်း၊ ယာဉ်မောင်းမှာ ကားစစ်ဆေးစဉ် ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ တရားမဝင်ကျွန်းတံခါး အချပ်ဆိုက်စုံ ၆၉ ချပ်(သုည ဒသမ ၇၇၆၄ တန်)ဖြစ်ပြီး ကာလတန်ဖိုး ငွေကျပ်ခြောက်သိန်းကျော်ရှိကြောင်း တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်သူက ပြောသည်။

တရားမဝင်ကျွန်းတံခါးများ တင်ဆောင်လာမှုနှင့်ပတ်သက်၍ သစ်တောဥပဒေပုဒ်မ ၄၃(က)ဖြင့် တိုက်ကြီးမြို့မရဲစခန်း၌ အမှုဖွင့်ပြီး ပုဒ်မ ၄၇(ခ)အရလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားရန် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**(ထွန်းလှိုင်)**



❐

***အိမ်ထောင်စုတစ်ခု၊ သူငယ်ချင်းအစုအဖွဲ့တစ်ခုမှသည် နိုင်ငံတစ်နိုင်ငံအထိ တိကျခိုင်မာသော မူဝါဒတစ်ခုရှိဖို့လိုအပ်ကြောင်း ဖတ်ရှုမှတ်သားရဖူးသည်။ နိုင်ငံတော်အဆင့်ထိ ဉာဏ်မမီသော်လည်း မိသားစုအနေအထားကို လေ့လာကြည့်သည့်အခါ မိသားစုဝင်များသည် ထမင်းဝိုင်းတစ်ခုအတွက်ပင် အကြိုက်ချင်းတူမျှဖို့ ခက်ခဲကြောင်း တွေ့ရသည်။ ထိုအခါ ထမင်းတစ်နပ်အတွက် အဓိကဟင်းလျာနှင့်ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့်ရှိသော အိမ်ထောင်ဦးစီး၏ ဩဇာ၊ သို့တည်းမဟုတ် စီမံချက်ပြုတ်ရသည့် မိခင်ကြီး၏ဩဇာက ပဓာနကျကြောင်း သတိထားမိပါသည်။***

ဇင်လင်းထွန်း
(ခနဖြူ)

# ရိုးရာလက်ဝှေ့ရှေ့ရေး တွေးဆဆင်ခြင်



မိမိတို့မိသားစု၏ လောလောဆယ် ဝင်ငွေနှင့်ချိန်ဆ၍ လက်ရှိကျန်းမာရေးအနေအထားနှင့် သင့်လျော်သည့်ဟင်းလျာကို မိသားစုဝင်များလည်း ခံတွင်းလိုက်အောင် စီစဉ်ထားပါလျက် သားငယ်ဖြစ်သူက လမ်းထိပ်မှ အသုပ် ဝယ်စားမည်။ သားကြီးဖြစ်သူက မိမိဝင်ငွေဖြင့် မိမိဟင်းတစ်ခွက် ထပ်ချက်မည်ဆိုသည်မျိုးဖြစ်လာပါက ထိုမိသားစုဘဝ မကြာခင်ပြိုကွဲဖို့သာ ရှိပါတော့မည်။ ထိုသို့လုပ်ဆောင်မည့်သူများကို အိမ်ထောင်ဦးစီးဖြစ်သူကလည်း သဘောတရားပေးကာ ဖျောင်းဖျနိုင်စွမ်း ရှိရပေမည်။ သို့မဟုတ်ပါဘဲ အိမ်ထောင်ဦးစီးဖြစ်သူက သားကြီးကို မလွန်ဆန်ရဲ၊ သားငယ်ကို မဆုံးမရဲ ကိုယ်တိုင်လည်း မိသားစုအရေး အလေးမထားဘဲ နေသာသလို နေမည်ဆိုပါက ထိုမိသားစုသည် သူတစ်လူ ငါတစ်မင်း အနေအထားဖြစ်ကာ ပတ်ဝန်းကျင်၏ လေးစားမှုကိုရမည်မဟုတ်ဘဲ ချက်ချင်းမပြိုကွဲသည့်တိုင် တဖြည်းဖြည်းယိုင်လဲကာ မိမိတို့နေထိုင်ရာ မြေကွက်ကိုပင် အိမ်နီးချင်းလက် (သို့မဟုတ်) တစ်ပါးသူများလက်သို့ ရောင်းချလိုက်ရသည့်အဖြစ်မျိုး၊ ခွဲဝေရောင်းချရသည့်အဖြစ်မျိုး ရောက်ရှိသွားနိုင်သည်။

မြန်မာ့ရိုးရာ လက်ဝှေ့လောကဆိုသည်မှာလည်း မိသားစုကြီးတစ်ခုကဲ့သို့ပင်ဖြစ်ပြီး ဘိုးဘေးစဉ်ဆက် အမွေခံလာသော မြေကွက်ပေါ်တွင် အတူတကွ နေထိုင်ကြသကဲ့သို့လည်း ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများကျင်းပမှုနှင့် ပတ်သက်၍ တိကျခိုင်မာသော မူဝါဒများရှိနေဖို့ လိုအပ်ပြီး ထိုမူဝါဒများကို လိုက်နာကျင့်သုံးကြရေးအတွက်လည်း အိမ်ထောင်ဦးစီးပမာ ဩဇာညောင်းသည့် အဖွဲ့အစည်းတစ်ရပ်ရှိဖို့လည်း လိုအပ်လှပေသည်။ လက်ရှိ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများ ကျင်းပပုံကို လေ့လာကြည့်လျှင် စိန်ခေါ်ပွဲ၊ အမှတ်ပေးပြိုင်ပွဲနှင့် ရိုးရာအောင်လံပွဲများဟု အကြမ်းဖျင်း သုံးမျိုးခွဲခြားနိုင်ပေမည်။ မူလကျင်းပခဲ့သော ရိုးရာအောင်လံပွဲများကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင်းရှိ ဒေသအချို့တွင်သာ ကျင့်သုံးတော့သဖြင့် အချို့ပရိသတ်များပင် မသိကြတော့သည့် အနေအထားရှိသည်။ အောင်လံပွဲနှင့်အတူ ပါဝင်ရသည့် အောင်လံထိန်းပွဲ၊ ကြားပွဲများလည်း ကျင်းပမှု မတွင်ကျယ်တော့ဟု ဆိုနိုင်သည်။ (ထိုအကြောင်းများ သီးသန့်ဖော်ပြပါဦးမည်။) လက်ရှိတွင်ကျယ်နေပြီး မြန်မာပြည်တွင်း ဒေသအသီးသီး၌သာမက ဂျပန်နိုင်ငံအထိပင် သွားရောက်ကျင်းပနေသည့်ပုံစံကို ကရင်ပြည်နယ်ဘက်တွင် စနစ်သစ်စာချုပ်စိန်ခေါ်ပွဲဟု ခေါ်ဆိုကြပြီး ယေဘုယျအားဖြင့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲဟု ခေါ်ဆိုကြသည်။ အမှတ်ပေးစနစ်ကိုမူ ပြိုင်ပွဲ၏ သဘောသဘာဝအရ မဖြစ်မနေ ကျင့်သုံးရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၊ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲများတွင်သာ ကျင့်သုံးကြသည်။ ထိုပြိုင်ပွဲမျိုးသည် ပြိုင်ပွဲဝင်လက်ဝှေ့သမား အင်အားကို မူတည်၍ ကွာတားမှုသည် ဆီမီးနှင့် ဗိုလ်လုပွဲအထိ အဆင့်ဆင့်တက်ရောက်ကာ နောက်ဆုံး ဝိတ်တန်းတစ်ခုတွင် တစ်ဦးသာ ရွှေတံဆိပ် ဆွတ်ခူးရမည်ဖြစ်သည့်အတွက် အမှတ်ပေးစနစ်ကို မဖြစ်မနေကျင့်သုံးရသည်။ ထိုစနစ်မျိုးသည် မြန်မာ့ရိုးရာလက်ဝှေ့လောကထဲသို့ ၁၉၉၆ ခုနှစ်ဝန်းကျင်တွင် စတင်သွတ်သွင်းလက်ခံကျင့်သုံးခဲ့ကြခြင်းဖြစ်ကြောင်း၊ ပထမဆုံးအကြိမ် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုတွင် ပါဝင်လျက် မိမိတို့နည်း မိမိတို့ဟန်ကိုသာ အခြေခံချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပါမည်။ သို့ဖြစ်၍လည်း ယနေ့ ကမ္ဘာ့မာရှယ်အတ်ပြိုင်ပွဲ လောကတွင် မြန်မာ့ရိုးရာလက်ဝှေ့သည် ထူးခြားသော ကိုယ်ပိုင်ဟန်ဖြင့် ရပ်တည်ကာ အမျိုးသားရေး လက္ခဏာအသွင်ဆောင်နိုင်ပြီး ယဉ်ကျေးမှုအမွေအနှစ် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲက သတ်ကိုးသတ်အဖြစ် ဦးခေါင်းသတ်ကွက်အသုံးပြုတိုက်ခိုက်သော ပညာခန်း ပိုသာနေသည်။ ထိုအချက်ကို ကမ္ဘာ့မာရှယ်အတ်လောကမှ မဝေဖန်မီ မိမိတို့ဘက်မှပင် ကြိုတင်စိုးရိမ်ကာ ကမ္ဘာကိုဖောက်ချင်ရင် ခေါင်းတိုက်ဖျောက်ရမည်ဟု လုံ့ဖျား ပုစဉ်းနား၊ အသိုင်းပညာရပ်ပါသော ပြိုင်ပွဲနှင့် သဟဇာတလည်းဖြစ်ကာ ရိုးရာပုံစံလည်း ထိန်းသိမ်းပြီးသားဖြစ်နေသည်။ ထိုအချက်ကို သတိမထားဘဲ မြန်မာ့ရိုးရာလက်ဝှေ့၏ ဗလာလက်သီး ပတ်တီးစည်း ထိုးသတ်မှုကို ရှုတ်ချပြောဆိုကာ အနောက်တိုင်းလက်ဝှေ့ လက်အိတ်စွပ်ထိုး၍ သူတို့ရိုးရာ သည့် ဆရာဦးဝင်းဇင်ဦး၏ စကားအရ မှတ်သားခဲ့ရဖူးသည်။ ထိုအမှတ်ပေးစနစ်ကို ထိုစဉ်က ရိုးရာအားကစားများအဖွဲ့ချုပ် (ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဟူ၍ သီးသန့်မရှိသေးဘဲ ထုပ်ဆီးတိုး၊ စွန်လွှတ်အပါအဝင် ရိုးရာအားကစားများနှင့်အတူ ရှိနေဆဲကာလ) အတွင်းရေးမှူး ဦးမောင်ညွန့် (ဗိုလ်မှူးငြိမ်း၊ အနောက်တိုင်းလက်ဝှေ့ကျွန်းဆွယ်ရွှေတံဆိပ်ရှင်) အပါအဝင် ရိုးရာလက်ဝှေ့ဘက်မှ ဆရာများပါ ညှိနှိုင်းရေးဆွဲခဲ့ကြသည်ဟု သိရှိမှတ်သားရသည်။

ထို့ကြောင့် ပြိုင်ပွဲများကျင်းပမှုစနစ်သည် အနောက်တိုင်းလက်ဝှေ့ အမှတ်ပေးစနစ်ကို အခြေခံသည်ဟု ဆိုရမည်ဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့အငွေ့အသက် နည်းပါးလှသည်ဟုလည်း ဆိုနိုင်မည်ထင်သည်။ စနစ်သစ်စာချုပ်စိန်ခေါ်ပွဲ၊ တစ်နည်းအားဖြင့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစနစ်က ရိုးရာအောင်လံပွဲများကို အခြေအနေ၏ တောင်းဆိုမှုအရ တစ်ဦးချင်းစိန်ခေါ်ပွဲများအဖြစ် ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သော်လည်း မြန်မာ့ရိုးရာလက်ဝှေ့၏ အငွေ့အသက်များစွာ ထုံမွမ်းစေ တန်ဖိုးစံနှုန်းလည်း မယုတ်လျော့ဘဲ ထီးထီးမားမား တည်ရှိနေနိုင်ခြင်းဖြစ်ကြောင်း သုံးသပ်လေ့လာနိုင်ပါသည်။ ယနေ့ကျင့်သုံးနေသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပပုံ စည်းမျဉ်းစည်းကမ်းများသည် လက်ရှိအနေအထားအရ ပန်းချီကားတစ်ချပ် ဆိုလျှင် နောက်ထပ်ဆေးစက်ချဖို့၊ စုတ်ချက်တို့ဖို့ မလိုအပ်သေးသော အနေအထားဟု ဆိုရပါမည်။ ပန်းချီကားတစ်ချပ်ကို ပြပွဲတင်၍ နံရံတွင် ချိတ်ဆွဲထားပြီး လာရောက်ကြည့်ရှုကြသည့် ပရိသတ်များကလည်း စိတ်ဝင်စားကြကာ ဈေးပြိုင်ပေး၍ ဝယ်ယူကြမည့်သူများလည်း ပေါ်ပေါက်နေချိန်မှ ဆေးစက်ထပ်ချပါဦးမည်။ စုတ်ချက်ထပ်တို့ပါဦးမည်ဆိုကာ ပန်းချီဆရာ၏ အမွေခံတစ်ဦးက ကြိုးပမ်းလာသည်ဆိုပါစို့၊ ဘယ်သို့ဖြစ်မည်လဲ ဝေခွဲရခက်လှပါသည်။

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများတွင် လူသားတစ်ဦး၌ရှိသော တိုက်ခိုက်၍ရသည့် အစိတ်အပိုင်းမှန်သမျှဖြင့် ဥပဒေအတွင်းမှ တိုက်ခိုက်ခွင့်ပြုထားသည်။ သို့ဖြစ်၍ အခြားပြိုင်ပွဲများ၌ သတ် ရှစ်သတ်သာရှိသော်လည်း ကြီးကန်းဝမ်းနာနေသူများရှိခဲ့ဖူး၏။ ယခုအခါ ဂျပန်နိုင်ငံကဲ့သို့သော မာရှယ်အတ်ပညာ ထွန်းကားသည့် နိုင်ငံကပင် သတ်ကိုးသတ် စုံလင်စေသော မြန်မာ့ရိုးရာလက်ဝှေ့၏ ခေါင်းတိုက်၊ ခေါင်းဆတ်ပညာရပ်သည် ခံစစ်တံတိုင်း၊ တိုက်စစ်လက်နက်အဖြစ် ကျစ်လျစ်သလောက် ထိရောက်သော ပညာရပ်ဖြစ်ကြောင်း ကောင်းကောင်းသဘောပေါက်ကာ သဘောအကျကြီးကျနေကြ၍ သူတို့ဂျပန်လက်ဝှေ့သမားများကို လေ့ကျင့်သင်ကြားနေစေပြီဖြစ်သည်။ မြန်မာ့လက်ဝှေ့စိန်ခေါ်ပွဲ(အမှတ်ပေးပွဲတွင်လည်း ကျင့်သုံး)တွင် လက်အိတ်မပါ ဗလာလက်သီးဖြင့် ထိုးသတ်မှုသည် ထူးခြားမှုတစ်ရပ်ဖြစ်ပြီး အချုပ် လက်ငွေ့က ပိုကောင်းကြောင်း ဝါဒဖြန့်နေသော နိုင်ငံပင်လျှင် ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့၏ ဗလာလက်သီး ပတ်တီးစည်းထိုးသတ်မှုကို ကမ္ဘာ့မာရှယ်အတ်ဈေးကွက်တွင် အောင်မြင်မှုရှိမှန်း ရိပ်မိလာသောအခါ သူတို့၏ ရှေးရိုးလက်ဝှေ့ပါဟု မသိမသာ လက်အိတ်ချွတ်လျက် ကြိုးပတ်တီးစည်းသလိုလို လုပ်လာသည်ကို တွေ့ရှိရသည်။

ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများတွင်သာရှိပြီး အခြားမည်သည့်မာရှယ်အတ်ပြိုင်ပွဲတွင်မျှ မရှိခဲ့သော စည်းမျဉ်းနှစ်ရပ်သည် လက်ရှိမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများ၏ အနှစ်သာရ တစ်နည်းအားဖြင့် မိသားစုထမင်းဝိုင်းတွင် အဓိကဟင်းလျာဟုပင် ဆိုနိုင်မည်ထင်သည်။ သတ်မှတ်ချီ၏ နောက်ဆုံးအချီမတိုင်မီ ဥပမာအားဖြင့် ငါးချီပွဲဆိုလျှင် လေးချီအတွင်း နှစ်မိနစ်အနားတောင်းခွင့် တစ်ကြိမ်စီ ရယူခွင့်ရှိခြင်း၊ သတ်မှတ်ချီစေ့သည်အထိ (အလဲထိုး၊ အကွဲထိုး၊ ဒိုင်ပွဲရပ်၊ ပဝါပစ်တင်) အဖြေမပေါ်ခဲ့လျှင် သရေပွဲအဖြစ် သတ်မှတ်ခြင်းတို့ဖြစ်သည်။ ခေါင်းတိုက်သတ်ကွက်ကို ဖြုတ်လိုက်ပါက ရိုးရာလက်ဝှေ့၏ အနှစ်သာရ ပေါ့ပျက်သွားသည်ဟု ဆိုရမည်ဖြစ်ပြီး ဗလာလက်သီးကို လက်အိတ်ကြီးစွပ်လိုက်ပါက ကျီးမကျ ကြက်မကျ အောက်ကလိအာပုံစံဝင်သွားမည်ဟု ဆိုရပေမည်။ ထို့ထက်မက ရမ်းသန်းကျင့်သုံးနေခြင်း မဟုတ်ဘဲ သူ့အဓိပ္ပာယ်နှင့်သူ ကောင်းမွန်သော အနှစ်သာရများရှိနေသည့် အနားတောင်းပေးခြင်းစနစ်ဖြင့် အဖြေမပေါ် သရေပွဲစနစ်ကို ဖျောက်ဖျက်ပစ်လိုက်မည်ဆိုပါက မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲဆိုသည်မှာ လက်ရှိအားဖြင့် ကမ္ဘာ့မာရှယ်အတ်နယ်ပယ်၌ လူသိများနေသော Stand Fight ပြိုင်ပွဲများနှင့် မည်သို့မျှထူးခြားတော့မည် မဟုတ်ဘဲ သူတို့၏နောက်မြီးဆွဲဘဝသို့ ကျရောက်သွားဖို့သာ ရှိပေတော့သည်။ ကြိုးဝိုင်းဒိုင်တစ်ဦးတည်း တာဝန်ယူသည့်စနစ်ကိုပင် ၁၉၉၆ ခုနှစ်က ဩစတြေးလျနိုင်ငံတွင် ကျင်းပသော မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၌ စတင်ခဲ့ခြင်း ဖြစ်သည်။ ထိုတွင် အနားတောင်းစနစ်သည် ပုဂံခေတ်က ရှိခဲ့ခြင်းမဟုတ် ဟူသည့်စောဒကမျိုး ရှိလာနိုင်ပါသည်။ မှန်ပါသည်။ ပုဂံခေတ်က မရှိခဲ့သော်လည်း ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့၏ ထူးခြားသော လက္ခဏာတစ်ရပ် ဖြစ်နေသည်ကိုပင် ငြင်းမရပါ။

လက်ရှိ မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် မိသားစုဝင်များဟု ဆိုရမည့် ပွဲစီစဉ်သူများအနေဖြင့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမှုပုံစံ၏ အဓိကကျသော ဝိသေသဖြစ်သည့် စည်းမျဉ်းစည်းကမ်းများကို မိမိတို့စိတ်ထင်ရာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ပုံစံမျိုးဖြစ်အောင် ဖျောက်ဖျက်ခြင်း၊ နုတ်ပယ်ခြင်းများ မပြုလုပ်ဘဲ ဝိုင်းဝန်းထိန်းသိမ်းမှသာ လက်ရှိရပ်တည်နေသော အနေအထားအတိုင်း ထည်ဝါစွာဆက်လက်ရပ်တည်နိုင်ပါလိမ့်မည်။ သို့မဟုတ်ဘဲ သူတစ်လူ ငါတစ်မင်း၊ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်ပုံစံမျိုး လုပ်ဆောင်ကြမည်။ ထိုအနေအထားကို လက်ရှိအိမ်ထောင်ဦးစီးဟု ဆိုရမည့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကလည်း သဘောတရားပေး၍ ထိန်းညှိနိုင်သည့် ဩဇာညောင်းခြင်းမျိုးမရှိလျှင် မကြာခင် မိမိတို့ရိုးရာလက်ဝှေ့မြေပေါ်သို့ သူတစ်ပါးတို့ ခြေချစိုးမိုးလာတော့မည်ဆိုသည်ကို အသိတရားဖြင့် သတိထားဆင်ခြင်သင့်လှပေတော့သည်။ ။

## စက်တင်ဘာ ၁၀ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၄**

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၁ | - | ၀ | ပဲလေ့စ် |
| ဆွမ်ဆီး | ၀ | - | ၁ | နယူးကာဆယ် |

**စပိန်လာလီဂါ ပွဲစဉ် - ၃**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၅ | - | ၀ | အက်စပန်ညို |
| ဒီပို့ဒီဗို | ၂ | - | ၄ | ဆိုစီဒက် |
| ဘီဘာအို | ၂ | - | ၀ | ဂျီရိုနာ |

**စီးရီးအေ ပွဲစဉ် - ၃**

| | | | | |
|---|---|---|---|---|
| အင်တာ | ၂ | - | ၀ | SPAL |
| အတ္တလန္တာ | ၂ | - | ၁ | ဆာဆူအိုလို |
| ကယ်ဂလီယာရီ | ၁ | - | ၀ | ခရိုတုန်း |
| ဗီရိုနာ | ၀ | - | ၅ | ဖီအိုရင်တီးနား |
| အူးဒီးနီးစ် | ၁ | - | ၀ | ဂျီနိုအာ |
| လာဇီယို | ၄ | - | ၁ | အေစီမီလန် |

(ခိုင်ဝင်း)



မလေးရှားအသင်းနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်နေစဉ်။

# မလေးရှားနှင့် ထိုင်းအသင်း ဆီမီးဖိုင်နယ်တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၁၀**

၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ အုပ်စု (က) ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်း၌ ကျင်းပရာ မလေးရှားနှင့် ထိုင်းအသင်းတို့ လေးပွဲဆက်အနိုင်ရလဒ်ဖြင့် ပွဲမကုန်မီ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့် ပထမပွဲတွင် မလေးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မလေးရှားအသင်းသည် လေးပွဲဆက်အနိုင်ရလဒ်နှင့်အတူ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ပြီး ပုံမှန်ခြေစွမ်းပြသလျက်ရှိသည်။ မလေးရှားအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၂ မိနစ်တွင် ခါရူဒင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ မလေးရှားအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး ၅၅ မိနစ်တွင် ဒန်နီရယ်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပွဲတွင် ထိုင်းအသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအနိုင်ရလျှင် ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်ရှိသည့် စင်ကာပူအသင်း၏ ကြိုးပမ်းမှုကြောင့် ထိုင်းအသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး မိနစ် ၆၀ ကျော်မှသာ ဂိုးစတင်ရရှိခဲ့သည်။ ထိုင်းအတွက် အနိုင်ဂိုးများကို ၆၈၊ ၇၆ မိနစ်တွင် သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် တီမောအသင်းက လာအိုအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(က)၌ မလေးရှားနှင့် ထိုင်းအသင်းတို့ ၁၂ မှတ်စီရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ပြီး ယင်းနှစ်သင်းတွေ့ဆုံမည့် နောက်ဆုံးပွဲမှာ အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စက်တင်ဘာ ၁၁ ရက်တွင် အုပ်စု (ခ) စတုတ္ထနေ့ ပွဲစဉ်များ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်၊ ညနေ ၆ နာရီတွင် မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ပုဂ္ဂလိကအာမခံကုမ္ပဏီများ အာမခံအမျိုးအစားလေးမျိုး ထပ်မံလုပ်ကိုင်ခွင့်ရ

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြည်တွင်းရှိ ပုဂ္ဂလိကအာမခံကုမ္ပဏီများအနေဖြင့် အာမခံအမျိုးအစားလေးမျိုးကို ပြီးခဲ့သည့် ဇူလိုင်လမှ စတင်၍ ထပ်မံလုပ်ကိုင်ခွင့် ရရှိခဲ့ကြောင်း ပုဂ္ဂလိကအာမခံကုမ္ပဏီများထံမှ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၁ ခုရှိပြီး အာမခံအမျိုးအစား ကိုးမျိုးကို လုပ်ကိုင်ခွင့်ပြုထားကြောင်း သိရသည်။ ပြီးခဲ့သည့် ဇူလိုင်လမှ စတင်ကာ အာမခံအမျိုးအစား လေးမျိုးဖြစ်သည့် ခရီးသွားအာမခံ၊ ရေယာဉ်ကိုယ်ထည်အာမခံ၊ တောင်သူလယ်သမားအသက်အာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ စသည်တို့ကို ပုဂ္ဂလိက ကုမ္ပဏီများမှ စတင်ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း ပုဂ္ဂလိကအာမခံကုမ္ပဏီများထံမှ သိရသည်။

"ပုဂ္ဂလိကအာမခံကုမ္ပဏီတွေအနေနဲ့ မြန်မာ့အာမခံမှာ အာမခံအမျိုးအစားပေါင်း ၄၆ မျိုးကျော်ရှိပြီး စစချင်းခြောက်မျိုး ချပေးခဲ့ပါတယ်။ နောက်တော့ ၁၁ မျိုးအထိ လုပ်ကိုင်ခွင့်ရခဲ့ပြီး သိပ်မကြာခင်မှာပဲ အာမခံအမျိုးအစား စုစုပေါင်း ၂၀ လောက်ကို ပုဂ္ဂလိကကို လုပ်ကိုင်ဖို့အတွက် ခွင့်ပြုပေးမယ်လို့ သိရပါတယ်။ ဒါ့အပြင် မြန်မာ့အာမခံမှာ မရှိသေးတဲ့ အာမခံအမျိုးအစားသစ်တွေကိုလည်း တင်ပြလာတဲ့အပေါ်မှာ စိစစ်ခွင့်ပြုဖို့ ရှိတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ သီးနှံအာမခံကို Pilot Project အနေနဲ့ လုပ်ကိုင်ဖို့အတွက် ပြင်ဆင်မှုအနေအထားတွေ ရှိပါတယ်"ဟု Global World Insurance ကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ရှင်းပြသည်။

ပုဂ္ဂလိကအာမခံကုမ္ပဏီနှင့် အာမခံကိုယ်စားလှယ်များတွေ့ဆုံပွဲကို စက်တင်ဘာ ၈ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားတွင် Global World Insurance ကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါအခမ်းအနားတွင် အာမခံဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေကျပ်ခြောက်သိန်းကို Global World Insurance ကုမ္ပဏီက ပေးအပ်လှူဒါန်းခဲ့သည်။

"အာမခံဈေးကွက်မှာ အာမခံကိုယ်စားလှယ်တွေအပြင် အာမခံပွဲစားတွေ ပေါ်ပေါက်လာပါလိမ့်မယ်။ အာမခံပွဲစားကတော့ မြန်မာပြည်မှာ မရှိသေးပါဘူး။ အာမခံဥပဒေရေးဆွဲစဉ်ကတည်းက အာမခံပွဲစားတွေကိုလည်း လိုင်စင်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွဲထားပါတယ်။ ဒါပေမယ့် တစ်နေ့တော့ ရောက်လာမှာပါ။ တခြားနိုင်ငံတွေမှာ ရှိပြီးသားပါ။ သိပ်မဝေးလှတဲ့ အနာဂတ်မှာပေါ့။ ၂၀၁၉ လောက်မှာ အာမခံပွဲစားဆိုတာ ထပ်ပေါ်လာဖို့ရှိပါတယ်။ အာမခံကိုယ်စားလှယ်ဆိုတာ အာမခံကုမ္ပဏီရဲ့ အေးဂျင့်တွေပါ။ အာမခံပွဲစားဆိုတာက အာမခံထားသူတွေရဲ့ အေးဂျင့်တွေပေါ့။ အဲလို ကွာသွားပါတယ်။ အာမခံထားသူတွေရဲ့ အေးဂျင့်တွေ ပေါ်ပေါက်လာရင်တော့ အာမခံထားသူတွေက ပိုအကျိုးရှိတယ်။ အာမခံထားချင်တယ်ဆိုရင် ဘယ်ကုမ္ပဏီမှာ ထားလို့သင့်တော်လဲဆိုတာကို အာမခံပွဲစားတွေက လိုက်ကြည့်ပေးနေမှာပေါ့"ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)ဒေါက်တာမောင်မောင်သိမ်းက အဆိုပါအခမ်းအနားတွင် အာမခံဈေးကွက်နှင့် အလားအလာအပေါ် သုံးသပ်ပြောကြားခဲ့သည်။

ပုဂ္ဂလိက အာမခံကုမ္ပဏီများအနေဖြင့် အဓိကအများဆုံးဆောင်ရွက်ပေးနေရသည့် အာမခံဝန်ဆောင်မှုမှာ အလုံးစုံမော်တော်ယာဉ် အာမခံအမျိုးအစားနှင့် မီးအာမခံတို့ဖြစ်ကြောင်း သိရသည်။ အလားတူ လျော်ကြေးပေးအပ်ရမှု အများဆုံးမှာလည်း မော်တော်ယာဉ်အလုံးစုံ အာမခံမှုဖြစ်ပြီး ယခုကဲ့သို့ အာမခံအမျိုးအစားများ ထပ်မံဝန်ဆောင်မှု ပေးလာနိုင်သည့်အတွက် အာမခံဈေးကွက် ပိုမိုကျယ်ပြန့်လာနိုင်ပြီး ပြည်သူများကြားတွင်လည်း အာမခံဗဟုသုတနှင့် အသိအမြင်ဆိုင်ရာ အသိပညာပေးမှုများ ပိုမိုဆောင်ရွက်ရန် လိုအပ်ကြောင်း အာမခံပညာရှင်များက သုံးသပ်သည်။

**(ဆုနှင်းလှဲ့)**

# အမြန်ရေယာဉ်တစ်စင်း ချင်းတွင်းမြစ် ရွှေပုလ္လင်ဝဲအတွင်း တိမ်းမှောက်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံး

**ဖောင်းပြင် စက်တင်ဘာ ၁၀**

မုံရွာ-ခန္တီးသွား အမြန်ရေယာဉ်သည် မုံရွာမြို့မှ ခရီးသည် ၁၁ ဦး တင်ဆောင်ကာ ခန္တီးမြို့သို့ ချင်းတွင်းမြစ်ကို ဖြတ်ကျော်မောင်းနှင်ထွက်ခွာလာရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် တံငါကျေးရွာအနီး ရွှေပုလ္လင်ဝဲအရောက်၌ ဝဲခွက်လန်၍ အမြန်ရေယာဉ်ပေါ်သို့ ရေများဝင်ပြီး တိမ်းမှောက်မှုကြောင့် ခရီးသည် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ အမြန်ရေယာဉ် တိမ်းမှောက်ရာနေရာသို့ ဖောင်းပြင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစာမူအဲနှင့် တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များက ကယ်ဆယ်ရေးယာဉ်တစ်စင်းဖြင့် သွားရောက်ကာ တံငါကျေးရွာဒေသခံများနှင့် ရေအောက်တောင်းရဲကင်းစခန်းမှ တာဝန်ရှိသူတို့နှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ တိမ်းမှောက်အမြန်ရေယာဉ်အနီးမှ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ကယ်ဆယ်နိုင်ခဲ့ပြီး အမျိုးသမီးတစ်ဦးအား တံငါတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးကာ ကျန်အမျိုးသမီးတစ်ဦးအား တာဝန်ရှိသူတို့က ရှာဖွေကယ်ဆယ်မှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

❖

**လက်ပံတန်းဘူတာ သန့်ရှင်းသာယာလှပစေရေးအတွက် ရထားရဲတပ်ဖွဲ့အမှတ်(၁၉)တပ်ခွဲ လက်ပံတန်းမှ တပ်ခွဲမှူး ဒုရဲမှူးဖိုးဆယ် ဦးစီးတပ်ဖွဲ့ဝင်များသည် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လက်ပံတန်းဘူတာ အထူးတန်းရုံပိုင်ကြီး ဦးခင်မောင်သွင် ဦးဆောင်သော မီးရထားဝန်ထမ်းများနှင့်အတူ စက်တင်ဘာ ၉ ရက်က ဘူတာရှေ့ရှိ အမှိုက်များအား သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။**
(ကြေးမုံ)



# လယ်စောင့်တဲတွင် ချည်ထားသော ကျွဲနှစ်ကောင် မိုးကြိုးထိမှန်သေဆုံး

**အင်းတော် စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်း ဒေသကြီး အင်းတော်မြို့နယ်တွင် ယနေ့ ညနေ ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးပစ်မှုကြောင့် ဆည်ရွာကျေးရွာကွင်းအမှတ်(၁၁၁) မြစ်ကြီးနား- မန္တလေး မီးရထားလမ်းဘေးရှိ လယ်စောင့်တဲအောက်တွင် ချည်ထားသော ကျွဲထီးနှစ်ကောင်မှာ မိုးကြိုးထိမှန်သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးကြိုးပစ်ချိန်တွင် တဲပေါ်၌ ကျွဲပိုင်ရှင် ဦးသိန်းထွေး၊ ဒေါ်ခင်အေးမြင့်တို့နှင့် အခြား ကျွဲကျောင်းသားတစ်ဦးလည်း ရှိနေပြီး လူထိခိုက်မှုမရှိဘဲ တဲခေါင်တိုင်မှာ မိုးကြိုးထိမှန်၍ ကွဲအက်သွားကြောင်း သိရသည်။

**ကျော်မြိုင် (အင်းတော်)**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၃)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လစဉ်ပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ဖခင်အမည်မှန်**
ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ အထက(၁) ဒသမတန်း(D)မှ မရတနာ၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းဦး [၇/ညလပ(နိုင်)၁၉၈၆၉၇] ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်**
ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဘိုကုန်းကျေးရွာနေ [၁/ရကန(နိုင်)၀၄၄၅၂၅] ကိုင်ဆောင်သူ မောင်ကျော်လွင်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၅-၁၉၈၈ ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ကြောင်း**
အထက(၁) ဒဂုံဆိပ်ကမ်းကျောင်းမှ အလယ်တန်းပြဆရာမ မှတ်ပုံတင်အရ ဒေါ်စန်းစန်းသည် (၁၀)တန်းအောင်လက်မှတ်တွင် ဒေါ်စန်းမြိုင်ဖြစ်နေပါသဖြင့် တစ်ဦးတည်းဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ တိုက်အမှတ်(၂၄)ခေါ် သည့်(နှစ်စန်းတဲ့)(၆-ထပ်)ကန်ထရိုက်တိုက် အနက်မှ(တတိယထပ်/၄-လွှာ)(လက်ဝဲဘက်/ခေါင်းရင်းခန်း) တိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း
အထက်ဖော်ပြပါတိုက်ခန်းကို ဒေါ်နီနီအေး(၁၂/ရပသ(နိုင်)၀၀၉၆၈၆)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းရှင်းစွာ လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချိုချိုမြင့်(၆/ထဝန(နိုင်)၀၁၂၉၁၂)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေထားခဲ့ပြီးဖြစ်ပါသည်။
အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာပါသည်။
လွှဲအပ်ညွှန်ကြားချက်များအရ
ဦးသန့်ဇင် (LL-B) အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) Ph-09 253995848 , 09-798420119
ဒေါ်မာန်နွေနိုင် (LL-B) အထက်တန်းရှေ့နေ(စဉ်-၂၉၅၄၄) Ph-09-4200 73685
အမှတ်(၅၀) ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
E-mail: htetaungshine realestate69@gmail.com

**ဖခင်အမည်မှန်**
မုဒုံမြို့၊ ကလော့သော့ကျေးရွာ အထက်တန်းကျောင်း ဒသမတန်းမှ ကျွန်မ မဖြူဖြူဝင်း၏ ဖခင်အမည်မှန်မှာ ဦးနီ(ခ)ဦးငွေဝင်း[၁၀/မဒန(နိုင်)၀၆၉၅၉၇]ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
သုံးခွမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွဋ် [၁၂/သခန(နိုင်)၀၃၁၄၇၁]ဖြစ်ပါကြောင်း။
**ဦးဇော်မင်းထွဋ်**

**ပျောက်ဆုံးကြောင်း**
ဆန်းတင့်တယ်ကုမ္ပဏီ၏ လိုင်စင်မှတ်ပုံတင်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၀၀၀၈၈**

**TOYOTA VITZ -5J**
အိမ်စီးကား-
အိမ်ပေးငှားမည်။
**ဖုန်း-၀၉-၉၆၀၀၈၈၀၇၆၊**
**၀၉-၉၇၅၂၉၇၄၅၀**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**တစ်ဦးတည်းဖြစ်ကြောင်း**
ထီးချိုင့်မြို့ အ.ထ.က ၊ ဒသမတန်း(ဘောဂတွဲ)တွင်ပညာသင်ကြားနေသော မောင်ဖြိုးထက်ခိုင်၏ဖခင်မှာ ဦးဝင်းအောင်နှင့် ဦးဖိုးချို မှတ်ပုံတင်အမှတ် [၅/ထခန(နိုင်)၀၂၄၅၀၈] သည်တစ်ဦးတည်းဖြစ်ပါကြောင်း။

# မြန်မာ့မျိုးချစ်စာပေပညာရှင် ဦးကျော်ရင်

**တက္ကသိုလ်တင်ခ**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကထိက ဦးကျော်ရင်ဟု ထင်ရှားခဲ့သော ဆရာသည် မြန်မာ့မျိုးချစ်ပုဂ္ဂိုလ်မွန်တစ်ဦးဖြစ်ပေသည်။ ဆရာသည်မြန်မာစာပေရှာဖွေရေးသားမှု တာဝန်သာမက မြန်မာမျိုးချစ်နိုင်ငံ့တာဝန်ကို ကျေပွန်ခဲ့သူတစ်ဦးအဖြစ် ထူးထူးခြားခြားမှတ်သားသိရှိရပေသည်။

အထူးသဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မော်ကွန်းဝင် အမှုထမ်းဆောင်ခဲ့သူဖြစ်သည်။ လေထီးဗိုလ် ဗိုလ်ကျော်ရင်သည် ဆရာ၏နယ်ချဲ့နှင့် ဖက်ဆစ်တော်လှန်ရေးခရီးစဉ်တွင် ထင်ရှားခဲ့သည့် အမည်ပင်ဖြစ်သည်။ ဦးကျော်ရင်သည် ငယ်ဘဝမှသည် ကွယ်လွန်သည်အထိ နိုင်ငံ၊ လူမျိုးနှင့် အမျိုးသားစာပေတာဝန်ကို ကျေပွန်ခဲ့သူတစ်ဦးဖြစ်ပေသည်။

**ဘဝဖြစ်စဉ်အကျဉ်း**

ဆရာဦးကျော်ရင်သည် သံတွဲမြို့ ကမ်းနားလမ်း၌ မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ် နတ်တော်လဆန်း ၁၃ ရက် ခရစ်နှစ် ၁၉၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ ကြာသပတေးနေ့ နံနက် ၄ နာရီ အချိန်တွင် ဖွားမြင်ခဲ့သည်။ မိဘအမည်မှာ ဦးဖိုးဦး၊ ဒေါ်မြရင်တို့ဖြစ်၍ ဦးကျော်ရင်တစ်ဦးတည်းကိုသာ ဖွားမြင်ခဲ့သည်။

ဆရာဦးကျော်ရင်သည် သံတွဲမြို့ အေ-ဘီ-အမ်ကျောင်းတွင် စတင်ပညာသင်ခဲ့သည်။ ထို့နောက် အစိုးရတန်းမြင့်ကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူသည်။ ထိုကျောင်းမှပင် ၁၉၃၄ ခုနှစ်တွင် ၁၀ တန်းစာမေးပွဲကို အောင်မြင်သည်။ ဆရာနေစဉ်က အဆောင်မှာ ပုဂံဆောင်ဖြစ်သည်ဟု သိရှိမှတ်သားရပေသည်။

၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာတန်းကို အောင်မြင်ခဲ့သည်။ တက္ကသိုလ်မြန်မာစာဌာနတွင် ကထိကအဖြစ် ဆောင်ရွက်ခဲ့သည်။

ထိုစဉ် ဆိုဗီယက်ယူနီယံအပြည်ပြည်ဆိုင်ရာတက္ကသိုလ်တွင် မြန်မာစာပါမောက္ခအဖြစ် စေလွှတ်ခန့်အပ်ခြင်းခံရ၍ မော်စကိုသို့ သွားခဲ့ရသည်။ မော်စကိုမှ ပြန်လာသောအခါ တက္ကသိုလ်များ ရုံးအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ပြန်၍ တက္ကသိုလ်အုပ်ချုပ်ရေးလုပ်ငန်းများ လုပ်ကိုင်ရသည်။ မကြာမီ မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ပါမောက္ခချုပ်အဖြစ် ခန့်အပ်ပြန်၍ ကွယ်လွန်သည်အထိ ထိုတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ဆရာကွယ်လွန်သွားသည့် အချိန်အတိအကျမှာ မြန်မာသက္ကရာဇ် ၁၃၂၇ ခုနှစ် တန်ခူးလဆုတ် ၉ ရက် ခရစ်နှစ် ၁၉၆၆ ခုနှစ် မတ်လ ၃၀ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီ မိနစ် ၅၀ ဖြစ်သည်။ ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး အခန်းအမှတ်(၇-၈) ခုတင်အမှတ်(၄)သည် ဆရာ၏ဘဝမှတ်တိုင်ဖြစ်ခဲ့ပေသည်။

**မြန်မာ့မျိုးချစ်လူငယ်ဘဝ**

ဆရာသည် မလွတ်မလပ်ရပ်တည်နေခဲ့ရသော မြန်မာလူမျိုးနှင့် မြန်မာနိုင်ငံ၊ မြန်မာပြည်သူတို့၏ ဘဝကို ချစ်ခင်လေးစား တန်ဖိုးထားခဲ့သည်။ နယ်ချဲ့တို့သည် နှစ်ပေါင်း ၁၀၀ ကျော်သည်အထိ မြန်မာလူမျိုးတို့အပေါ်တွင် ကျွန်ပြုခဲ့သည်။

တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု၊ သွေးစည်းမှုတို့ကို ကိုယ်စားပြုရယူပြီးနောက်တွင် နိုင်ငံလွတ်လပ်ရေးကို မဆုတ်မနစ်ကြိုးပမ်းခဲ့သော လွတ်လပ်ရေးကြိုးပမ်းမှုတွင် ဆရာသည် ပါဝင်ခဲ့သည်။

ဆရာသည် မြန်မာမျိုးချစ်လူငယ်တစ်ဦးဖြစ်သည်။ ဆရာသည် ၁၉၄၅ ခုနှစ်၌ ဦးဖိုးချို၊ ဒေါ်စောမြတို့၏ သမီးမဖြူနှင့်လက်ထပ်၍ သားတစ်ယောက်၊ သမီးတစ်ယောက်ထွန်းကားခဲ့သည်။ ချစ်သူသက်ထားနှင့် လက်ထပ်ထိမ်းမြားပြီး ရက်ပိုင်းမျှသာရှိသေးသောကာလတွင်ပင် တော်လှန်ရေးစခန်းသို့ လှမ်းခဲ့သည့် ဆရာတစ်ဦးဖြစ်သည်။ ပြည်တွင်းမြို့နယ်များ၌သာမက ပြည်ပနိုင်ငံအထိ သွားရောက်၍ တော်လှန်ရေးအတွက် အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သော လေထီးဗိုလ် ဗိုလ်ကျော်ရင်ဆိုသူမှာ ဆရာဦးကျော်ရင်ပင်ဖြစ်သည်။ ဆရာသည် နယ်ချဲ့နှင့် ဖက်ဆစ်တော်လှန်ရေး နှစ်ရပ်စလုံး၌ တက်ကြွစွာရှေ့တန်းမှ ပါဝင်ခဲ့သူဖြစ်သည်။

ကျေးလက်ဒေသအောက်လက်များအထိ စည်းရုံးရေးဆင်းခဲ့သော စည်းရုံးရေးသမားကောင်း တစ်ဦးလည်းဖြစ်သည်။

**မျိုးချစ်မြန်မာမှသည် စာပေပညာရှင်သို့**

ဆရာသည် မျိုးချစ်မြန်မာဘဝမှသည် မြန်မာစာပေပညာရှင်ဘဝသို့ ဖြစ်တည်ပြောင်းလဲခဲ့သည်။

ကျောင်းပရဝဏ်သို့ တစ်ဖန်ပြန်၍ တပည့်တပန်းများအား စာပေပို့ချခဲ့သည်။ စာပေပို့ချရင်းမှပင် အနုပညာရပ်များကို ဖန်တီးပြန်သည်။ ဆရာသည် စာမျိုးစုံရေးနိုင်စွမ်းသူလည်းဖြစ်သည်။ ရေးနိုင်သည်ဟုဆိုရာတွင် အဖြစ်မျှသာမဟုတ် အဆင့်မီရသမြောက်အောင် ရေးနိုင်ခြင်းကိုဆိုလိုပေသည်။

ကဗျာလည်းရေးဖွဲ့သည်။ ဝတ္ထုကိုလည်း ရေးခြယ်သည်။ ပြဇာတ်ကိုလည်း တင်ဆက်သည်။ ဘာသာစကား စာပေဆောင်းပါးများကိုလည်း ဖွင့်ဆိုသည်။ ဤသို့ရေးရာတွင် ဆရာသည် ကလောင်အမည်အမျိုးမျိုးဖြင့် ရေးခဲ့သည်။ ဆရာရေးခဲ့သည့် ခေတ်နှင့် အချိန်ကိုခွဲ၍ ပထမကလောင်၊ ဒုတိယကလောင်၊ တတိယကလောင်ဟူ၍ သတ်မှတ်ခွဲခြားခဲ့သည်ကိုလည်း တွေ့ရသည်။

ရံဖန်ရံခါ သုံးသောကလောင်အမည်နှင့် စဉ်ဆက်မပြတ်ရေးသော ကလောင်အမည်များကိုလည်း နှစ်မျိုးနှစ်စားခွဲခြားသည်ကို တွေ့ရသည်။ ပထမအမျိုးအစားတွင် ရွှေတွဲကျော်၊ မောင်ရင်ကျော်၊ ကိုကျော်ရင်၊ မောင်ဘကွန်း၊ ဆရာကျော်ရင်၊ ဦးကထိက၊ အုတ်လှတို့ဖြစ်ပြီး ဒုတိယအမျိုးအစားတွင် သိပ္ပံမျိုးတင့်၊ ကထိကကျော်ရင်၊ တက္ကသိုလ်ကြိုင်သင်းတို့ဖြစ်သည်။

တက္ကသိုလ်ကြိုင်သင်းဟူသောအမည်ကို ဆရာအလျှို့ဝှက်ဆုံးထား၍ ရေးခဲ့သည်နှင့် ဆရာ့ဇနီးသည်၊ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်တပန်းများက စာမူများကို လုံးဝမသိကြ၊ မရိပ်မိကြဘဲ သက်ဆိုင်ရာဆရာနှင့် အလွန်ရင်းနှီးသည့် မဂ္ဂဇင်း၊ ဂျာနယ်၊ အယ်ဒီတာများက သိရှိကြသည်။

သရော်ဟန်ဖြင့် ရွှင်မြူးစွာရေးသားနိုင်ခဲ့သည်။ ပြဇာတ်စာပေပုံသဏ္ဌာန်ဖြင့် မြောက်မြားစွာ ဖွင့်လှစ်ရေးသားခဲ့သည်။

ဆရာသည် တက္ကသိုလ်ဆရာတစ်ဦးအနေဖြင့်
ကျောင်းစာသင်ခန်းဝန်းကျင်တွင်သာ
မွေ့လျော်နေတတ်သူမဟုတ်။ ကျောင်းကိစ္စ၊
တိုင်းပြည်ကိစ္စများတွင်လည်း တတ်စွမ်းသမျှ
ဆောင်ရွက်ခဲ့သူ . . .
မည်သည့်ဘဝအခြေအနေသို့ ရောက်ရောက် ပုံသဏ္ဌာန်
မပြောင်းဘဲ အစဉ်အမြဲပွင့်ပွင့်လင်းလင်း ဖော်ဖော်ရွေရွေ
ဆက်ဆံပေါင်းသင်းတတ်ခြင်းပင် . . .

**ဆရာ့ဘဝနှင့် ဆရာ့စာပေ**

ဆရာသည် တက္ကသိုလ်ဆရာတစ်ဦးအနေဖြင့် ကျောင်းစာသင်ခန်းဝန်းကျင်တွင်သာ မွေ့လျော်နေတတ်သူမဟုတ်။ ကျောင်းကိစ္စ၊ တိုင်းပြည်ကိစ္စများတွင်လည်း တတ်စွမ်းသမျှ ဆောင်ရွက်ခဲ့သူဖြစ်သည်။

၁၉၅၁ ခုနှစ်တွင် စတင်ဖွဲ့စည်းသော 'တက္ကသိုလ်အနုပညာအသင်းကြီး'တွင် ဆရာသည် စိတ်ပါလက်ပါဖြင့် ပါဝင်လုပ်ဆောင်ခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုအနုပညာ တိုးပွားရာ တိုးပွားကြောင်းဆောင်ရွက်ခဲ့သည်။ ရှမ်းပြည်နယ်၊ အင်းလေး၊ ချင်းတောင်၊ ရခိုင်ပြည်နယ်စသည်တို့ကို တက္ကသိုလ်အနုပညာအသင်းကြီးမှ ဒေသန္တရခရီးထွက်ရာတွင်လည်း ဆရာသည် ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

ဆရာသည် "တက္ကသိုလ်ကလောင်အသင်း" တွင်လည်း ပါဝင်လုပ်ဆောင်ခဲ့သည်။ ထို့ပြင် အစိုးရအထက်တန်းကျောင်းများသို့ သွားရောက်ကာ မြန်မာစာပေနှင့် ပတ်သက်၍ ဟောပြောခဲ့သည်။ စာပေဟောပြောပွဲများ၊ ဉာဏ်ကြီးရှင်ဖြေဆိုပွဲများ၊ စကားရည်လုပွဲများတွင်လည်း စိတ်ပါလက်ပါတက်တက်ကြွကြွ ဟောပြောခဲ့သည်။ ကျောင်းသားရေးရာများ၌လည်း ဆရာသည်ရှေ့တန်းမှ ဦးဆောင်ကာဆောင်ရွက်တတ်ပါသည်။

ဆရာ၏ ချီးကျူးအတုယူစရာကောင်းသောအချက်ကား မည်သည့်ဘဝအခြေအနေသို့ ရောက်ရောက် ပုံသဏ္ဌာန်မပြောင်းဘဲ အစဉ်အမြဲပွင့်ပွင့်လင်းလင်း ဖော်ဖော်ရွေရွေ ဆက်ဆံပေါင်းသင်းတတ်ခြင်းပင် ဖြစ်သည်။

ဆရာသည် ကျောင်းဆရာလုပ်ရင်း သူဝါသနာပါသော စာပေရေးသားခြင်းကို စာပေတည်းဖြတ်ခြင်း၊ သုတေသနပြုခြင်းများပြုခဲ့ပါသည်။

ဆရာသည် ပြဇာတ်များ၊ စာပေဆောင်းပါးများ၊ ဝေဖန်စာများကို မဂ္ဂဇင်း၊ ဂျာနယ်အမျိုးမျိုးတို့တွင် ရေးသားခဲ့သည်။

ဆရာ့စာပေများ

(၁) နိုင်ငံရေးအနုစာပေသမိုင်း၊ အမှတ် (၁)မှ (၅)
(၂) ကဝိလက္ခဏာဒီပနီသစ် (၃) ပုဒ်
(၃) ရခိုင်အက္ခရာနှင့် ရခိုင်သင်ပုန်းကြီး
(၄) ပထမကလောင်
(၅) ဒုတိယကလောင်
(၆) တတိယကလောင်
(၇) ကတိနှင့်သတိ
(၈) ဦးပုညနှင့် သတိ
(၉) စနစ်ကျသော ရှိတ်စပီးယား
(၁၀) ပညာတန်ဆောင်
(၁၁) ကျွန်တော်ပေပါသည်
(၁၂) ကျင်ပွဲ
(၁၃) တက္ကသိုလ်နှင့် အလားအလာ ဆောင်းပါးများ
(၁၄) မီးနေသည်ပြဇာတ်၊ ဝိဇ္ဇာဘွဲ့ပြဇာတ်နှင့် အခြားပြဇာတ်များပါသည်။
(၁၅) နယ်ချဲ့စစ်မှ လူထုစစ်သို့
(၁၆) ကညွတ်ရိုးဗိုလ်ချုပ်(ဒီဂေါ်အကြောင်း)
(၁၇) မာ့က္ခဝါဒနှင့် ဘာသာဝေါဟာရစသော စာအုပ်များကိုလည်း ရေးသားပြန်ဆိုခဲ့သည်။

ထို့ပြင်-

(၁) ရခိုင်မင်းသမီးချောင်း
(၂) ကျပင်းတရားစာ
(၃) ငရဲခန်းပျို့
(၄) ပလလဲဆင် မင်းပျို့စသော စာအုပ်များကိုလည်း တည်းဖြတ်ခဲ့သည်။
(၅) သီရိဖုန်းထွတ်၊ လှတမွတ်မင်း မြတ်သုံးဆက်ကြင်။
(၆) ကျွန်ဆိုး၊ ကျွန်ယုတ်၊ ခါးဖြင့်ခုတ် အဟုတ်မကျင့်ပြီ။
(၇) ပေါက်လဲလည်းငုံ၊ ရာသီကုံ မြူမှုံမထသေး။

ဟူသော ကဝိလက္ခဏာသတ်ပုံလာ စာပုဒ်တို့ကို ဖွင့်ဆိုသော ဆရာ၏ "ကဝိလက္ခဏာ ဒီပနီသစ်"သည် သုတေသနအမှုတွင် ဆရာဝါသနာထုံကြောင်း ဖော်ပြသော သက်သေများအဖြစ် ထင်ရှားပေသည်။

"ဦးပုညနှင့် ရှိတ်စပီးယား" တို့၏ တူညီချက်ကို လူချင်းတူပုံ၊ အဖြစ်ချင်းတူပုံ၊ စာချင်းတူပုံဟူ၍ အကြောင်းသုံးချက်မှရပ်၍ သူတို့ရေးသော စာများကို ကိုးကားကာ နှိုင်းချင့်ဝေဖန်၍ တင်ပြခဲ့သည်။

ဆရာ၏ အယူအဆရဲရင့်ပုံ၊ စကားအသုံးအနှုန်းကျွမ်းကျင်ပုံ၊ ဟာသဉာဏ်ရှိပုံတို့ကို မီးနေသည်ပြဇာတ်၊ ဝိဇ္ဇာဘွဲ့ပြဇာတ်များတွင် တွေ့ရပါသည်။ တာရမဂ္ဂဇင်းတွင် ရေးသော ဆရာ့ပြဇာတ်များသည်လည်း ထက်ထက်မြက်မြက်ရှိသည်ဟု သိရသည်။

ဆရာသည် ဟာသဉာဏ်ရှိ၍ အာဝဇ္ဇန်းရွှင်လှသောကြောင့် ဆရာ့စာများကို ဖတ်ရသည်မှာ နှစ်သက်ပျော်မွေ့စရာကောင်းသည်။ သွက်သွက်လက်လက်ဖျတ်ဖျတ်လတ်လတ်ရှိသည်။ ဆရာသည် စာကိုကာရန်နဘေဖြင့် နွဲ့နွဲ့နှောင်းနှောင်းနုနုနယ်နယ်စကားများကို ရွေးကာမရေးဖွဲ့၊ ကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်းဖြင့် ရှင်းရှင်းလင်းလင်းရေးဖွဲ့တတ်သည်။ ဆရာရေးခဲ့သော "ကျင်ပွဲ"မှ ရေးဟန်ကို သာဓကပြလိုပါသည်။

"ကျင်ဆိုသည်ကား ကျားနှင့် ယင်ဟူသော ဝေါဟာရနှစ်ရပ်လုံးကိုပေါင်းစပ်၍ ပေါ်လာသောအသံဖြစ်သည်။ ကျားယင်မှ ကျင်ဖြစ်လာသည်။ ကျားယင်ကစားနည်းကိုစွဲ၍ ခေါ်သော နပန်းပွဲအမည်ဖြစ်သည်။ ကျားယင် ကစားရာတွင် ကျားကနှစ်ကောင်၊ ယင်ကနှစ်ဆယ်ရှိသည်။ ကျားက ယင်ကိုဖမ်းရသည်။ ယင်က ကျားကို မဖမ်းနိုင်၊ ကျားကို ရှောင်ရသည်။ ကျားကို မရှောင်မတိမ်း မလှုပ်မရှားနိုင်အောင် ဝိုင်းထားရသည်။ ကျားကို ယင်က ရှောင်၍ ပိတ်ထားနိုင်လျှင် ယင်နိုင်သည်။ မရှောင်နိုင်၍ ကျားစားခံရလျှင် ယင်ရှုံးသည်။ ဤသို့ ကျားက အအုပ်အဖမ်း၊ ယင်က အရှောင်အတိမ်းတို့ဖြင့် ကစားသော "ကျားယင်" ကစားနည်းကို နည်းမှီးခံယူလျက် လူနှစ်ယောက်တွင် တစ်ဦးကဖမ်း၊ တစ်ဦးကခံကာ တစ်ဦးကို တစ်ဦးမြေသို့ကျအောင် လုပ်ခြင်းအတတ်ကို ကျင်အတတ်ဟုခေါ်သည်။ မြေသို့ ကျတိုင်းလည်း ရှုံးသည်ဟု မပြောနိုင်၊ မြေတွင် အိပ်၍ တစ်ဖက်သားကို ကျော်ပစ်နိုင်သည်။ ခြေဖြင့် ချိတ်၍ မြေတွင် လက်ထောက်ထားနိုင်သည်။ သို့သော် ဤအပြုအမူမှာ မကြာစေရ၊ ကြာလျှင် မြေတွင်ကျသည်ဟု ဆုံးဖြတ်ခံရကာ အရှုံးပေးလိုက်ရသည်။

ကျင်လုံးပွဲသည် ရခိုင်ပြည်၏ ရိုးရာနပန်းပွဲဟုဆိုလျှင် ဆိုနိုင်သည်။ သို့သော် နပန်းပွဲနှင့်အတိအကျတူသလောက်ဆိုက မတူပေ။ နပန်းပွဲတွင် စည်းကမ်းနည်းသည်။ ကျင်တွင် စည်းကမ်းချက်များသည်။ နပန်းပွဲတွင် ခွန်အားသည် အဓိကဖြစ်သည်။ ကျင်ပွဲတွင် ဖြတ်လတ်ခြင်း၊ သတိရှိခြင်း၊ ပညာရည်ဝခြင်းသည် အဓိက ဖြစ်သည်။ ဆရာ၏ စာများသည် ဤသို့ပင် ရှင်းရှင်းလင်းလင်း ပေါ်ပေါ်လွင်လွင်ရှိသည်။ အကြောင်းအချက်ကို တစ်ခုပြီးမှ တစ်ခုစီကာ စဉ်ကာအကျိုးသင့် အကြောင်းသင့် ဆက်စပ်တင်ပြတတ်သည်။

ဆရာသည် မြန်မာမျိုးချစ်စာပေ ပညာရှင်တစ်ဦးအဖြစ် ထူးထူးခြားခြား မှတ်သားတင်ပြလိုပေသည်။ ဆရာသည် အမျိုးသားနိုင်ငံရေးတွင် ကိုယ်တိုင်ပါဝင်ကြိုးပမ်းခဲ့သူတစ်ဦးဖြစ်သည်။ နိုင်ငံနှင့် လူမျိုးအတွက် အသက်စွန့်လွှတ်စွန့်စားသော စာပေသမားတစ်ဦးဖြစ်ပေသည်။

အမျိုးသားနိုင်ငံရေး မျိုးချစ်ပုဂ္ဂိုလ်မှသည် အမျိုးသားစာပေပညာရှင် တစ်ဦးဖြစ်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ စာအသင်အပြကောင်းမွန်ထူးချွန်သူ ကထိကဦးကျော်ရင်ဟု ထင်ရှားလူသိများ ကျော်ကြားခဲ့သည်။

ဆရာသည် တက္ကသိုလ်ဆရာသာမက တက္ကသိုလ်အုပ်ချုပ်ရေးဘက်တွင်လည်း ကျွမ်းကျင်နှံ့စပ်သည်။ ရန်ကုန်တက္ကသိုလ် ကထိကမှသည် ရန်ကုန်တက္ကသိုလ်အုပ်ချုပ်ရေးမှူး၊ မန္တလေးတက္ကသိုလ်ပါမောက္ခအထိ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။

မြန်မာစာပေပညာရှင် စာရေးဆရာ၊ ကဗျာဆရာ၊ ပြဇာတ်ဆရာအဖြစ် စာစွယ်စုံရေးနိုင်သူ တစ်ဦးဖြစ်သည်။ စာစုံကလောင်စုံဂုဏ်သတင်း ပျံ့သင်းခဲ့သော ကထိက ဦးကျော်ရင်အား မြန်မာ့မျိုးချစ်စာပေပညာရှင်တစ်ဦးအဖြစ် အထူးဂုဏ်ပြုဖော်ပြအပ်ပေသည်။ ။

# ကျေးလက်နေပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးနေသော အမရပူရမြို့နယ်မှ ဆောင်းဒါးရက်ကန်းသင်တန်းကျောင်း

**အမရပူရ စက်တင်ဘာ ၁၀**
မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ကြသည်။ ကျေးလက်နှင့်မြို့ပြ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းသည် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်နှင့်အညီ အဆိုပါ လိုအပ်ချက်များကို အမရပူရမြို့ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသင်တန်းကျောင်းမှ သက်မွေးပညာရပ်များကိုကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ကို ရက်ကန်းမြို့တော်ဟု တင်စားခေါ်ကြသလို ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းကြီးလည်း တည်ရှိနေသည်။ ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းကြီးကို အမရပူရမြို့ စစ်ကိုင်း-မန္တလေးကားလမ်းဘေးရှိ ၆ ဒသမ ၆၇ ဧကရှိသော မြေနေရာတွင် ၁၉၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

၁၉၁၀ ခုနှစ်တွင် အထက်မြန်မာပြည် တရားရေးမင်းကြီး Mr. L.H Saunders သည် အင်္ဂလန်နိုင်ငံမှ လွန်းပျံလက်ခတ်ကို ယူဆောင်ကာ မြန်မာ့ရိုးရာ ရက်ကန်းစင်ပေါ်တင်၍ အမရပူရမြို့ရှိ ရက်ကန်းပညာရှင်များကို ရက်ခတ်ပြသပေးခဲ့ပါသည်။ ရက်ကန်းပညာရှင်တို့က ကြိုက်နှစ်သက်ကြသဖြင့် ၎င်းတို့၏ တင်ပြချက်အရ သင်တန်းများပေးရာမှ ၁၉၁၄ ခုနှစ်တွင် ရက်ကန်းသင်တန်းကျောင်းစတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ Mr. L.H Saunders ကို ဂုဏ်ပြုသောအားဖြင့် ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းဟု အမည်ပေးထားခြင်းဖြစ်ပါသည်။

၁၉၅၂-၁၉၅၃ ခုနှစ်တွင် ဂျပန်နိုင်ငံလုပ် (Harada, Hirano, Suzuki ) စက်ရက်ကန်းများတပ်ဆင်၍ စက်ရက်ကန်းသင်တန်းများ ဖွင့်လှစ်ခဲ့သည်။ လက်ရက်ကန်းအဆင့်မှ စက်ရက်ကန်းအဆင့်သို့ တိုးမြှင့်တက်လှမ်းနိုင်ခဲ့ပြီး စက်ရက်ကန်းပညာ ပြန့်ပွားပေးနိုင်ခဲ့သည်။

၂၀၁၃ ခုနှစ် မေလတွင် ကျင်းပသည့် တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီနှင့် တက္ကသိုလ်များဗဟိုကောင်စီ အစည်းအဝေးက ဆောင်းဒါးရက်ကန်းကျောင်းကို သိပ္ပံအဆင့်တိုးမြှင့်ပြီး ဒီပလိုမာလက်မှတ်များပေးအပ်ရန် တက္ကသိုလ်များဗဟိုကော်မတီက သဘောတူညီခဲ့သည်။

ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံတွင် ခေတ်မီချည်မျှင်နှင့် အထည်အလိပ်အတတ်ပညာများ လေ့ကျင့်သင်ကြားပေးရန်နှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးရန်၊ ရိုးရာရက်ကန်း အတတ်ပညာများထိန်းသိမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ဒေသတွင်းလိုအပ်ချက်နှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ ပို့ချပေးရန်၊ ရက်ကန်းလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် အစရှိသောရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါသင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားပေးလျက်ရှိသော ပုံမှန်သင်တန်းများမှာ ချည်မျှင်နှင့် အထည်အလိပ်ဒီပလိုမာသင်တန်း၊အထည်အလိပ်အတတ်ပညာကျွမ်းကျင်သူသင်တန်း၊ ရိုးရာလွန်းရာကျအချိတ်သင်တန်း၊ လက်ရက်ကန်းသင်တန်း၊ ရွှေချည်ငွေချည်ထိုးသင်တန်းများဖြစ်ပြီး အခြားအသက်မွေးဝမ်းကျောင်း သင်တန်းများမှာ စက်ရက်ကန်း စက်မောင်း/စက်ပြင်သင်တန်း၊ သဘာဝဆေးဆိုးနည်းပညာသင်တန်း၊ အထည်ပန်းပုံရိုက်ဆေးရေးပန်းချီသင်တန်း၊ ရိုးရာဂျပ်ခုတ်နည်းသင်တန်း၊ အခြေခံစက်ချုပ်နည်းပညာသင်တန်း၊ လက်ရက်ကန်းအထည်ဒီဇိုင်းသင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။



အမရပူရမြို့ရှိ ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းကို ယခုအခါ "ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ"အဖြစ် ဒီပလိုမာလက်မှတ်များ ပေးအပ်ချီးမြှင့်ကာ ရက်ကန်းလုပ်ငန်းကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးလျက်ရှိရာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



## အကြမ်းဖက်သမားများ တားဆီးနိုင်ရေး ငဖဲမြို့နယ်တွင် အင်အားတိုးမြှင့်ဆောင်ရွက်

**ငဖဲ စက်တင်ဘာ ၁၀**
ငဖဲမြို့နယ် စာတတ်ကူမောင်းတံဂိတ်အနီး၌ မြန်မာနိုင်ငံရဲ တပ်ဖွဲ့၊ လဝကနှင့် အဖွဲ့စုံပါဝင်သော စစ်ဆေးရေး လုပ်ငန်းများကို အင်အားတိုးမြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

"အခုလိုမတည်မငြိမ်ဖြစ်နေတဲ့ အခြေအနေမျိုးမှာ လုံခြုံရေးအရ ဝင်ထွက်သွားလာမှုနဲ့ပတ်သက်ပြီး ပိုပြီး ဥပဒေနဲ့အညီ စိစစ်နိုင်ဖို့ အင်အားတိုးမြှင့်ချထားတာတွေ စနစ်တကျစီစဉ်လုပ်ဆောင်နေပါတယ်"ဟု မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က အတည်ပြုပြောကြားသည်။

ရခိုင်ပြည်နယ်နှင့်နယ်မြေဆက်စပ်သော အခြေအနေတွင် ရခိုင်ရိုးမကိုကျော်၍ ယခင်ကလည်းအကြိမ်ပေါင်းများစွာ ဖမ်းဆီးအရေးယူမှုများရှိခဲ့ပြီး လုံခြုံရေးတိုးမြှင့်နေမှုအပေါ် အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် လွှတ်တော် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆောင်ရွက်မှုများရှိနေကြောင်း ဒေသခံများထံမှ သိရသည်။

"ခုကတော့ စာတတ်ကူမောင်းတံဂိတ်နားမှာ ရဲတွေ၊ လဝကတွေ၊ သစ်တောဌာနကသူတွေလည်း အင်နဲ့အားနဲ့တွေ့ရတယ်။ မီးသတ်တွေလည်းပါတယ်။ လူကြီးတွေလည်း လာကြတယ်။ သူတို့မြင်ရတော့ စိတ်ကလုံခြုံတာပေါ့ဗျာ။ ပဒါန်းကကျော်လာရင် ပုသိမ်-မုံရွာလမ်းမကြီးကနေ၊ မင်းဘူးကနေ တခြားနေရာတွေကို သွားချင်တာ သွားလို့ရနေပြီ။ အကြမ်းဖက်တွေ ဝင်မလာအောင် ငဖဲဂိတ် လုံခြုံရေးက အရေးကြီးတယ်"ဟု ငဖဲဒေသခံတစ်ဦးက ဆိုသည်။

ငဖဲမြို့နယ် စာတတ်ကူမောင်းတံဂိတ်တွင် ဝင်လာသမျှ ဆိုင်ကယ်၊ မော်တော်ယာဉ်များကို ကြပ်မတ်စစ်ဆေးနေပြီး ဝပ်ကင်း၊ ရပ်ကင်း၊ စောင့်ကြည့်ကင်းများထားရှိကာ မသင်္ကာဖွယ်စိမ်းဖောက်ထွက်ဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်နေကြောင်း ငဖဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းလွင်ထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

## မူးယစ်ဆေးဝါးဆိုးကျိုးများအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**
မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) နေပြည်တော်အသင်းခွဲမှကြီးမှူး၍ မူးယစ်ဆေးဝါး ဆိုးကျိုးများအန္တရာယ်အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)မှ ဗဟိုအသင်းဥက္ကဋ္ဌ ဦးစံရှိန်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်ခင်ခင်ဝင်းက အသင်းကြီးဖြစ်ပေါ်လာပုံနှင့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် တာဝန်ခံ ဦးဇော်မိုးက မူးယစ်ဆေးသုံးစွဲသူတစ်ဦး၏ ကြုံတွေ့ရသောပြဿနာများအကြောင်းကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၁၀၁)မှ ဒု-ရဲအုပ်အောင်ဖြိုးဝေက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများအကြောင်းကို အသိပညာပေးဟောပြောကြသည်။

ယင်းနောက် မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ကျောင်းသားလူငယ်ထုသံတမန် ဟာသလူရွှင်တော် ဦးချစ်ချောက မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး အသိပညာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီးနောက် မူးယစ်ဆေးဝါးဥပဒေပြင်ဆင်သည့် အကြံပြုစာအုပ်များကို မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)က ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးပြဘုတ်များကို လည်းကောင်း၊ နေပြည်တော်ရဲတပ်ဖွဲ့မှ နယ်လှည့် မှုခင်းအသိပညာပေးယာဉ်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ်များ အကြောင်းကိုလည်းကောင်း ပြသခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

ဆက်လက်၍ အဆိုပါအသင်းမှ မူးယစ်ဆေးဝါးဆိုးကျိုးများအန္တရာယ်အသိပညာပေးဟောပြောပွဲကို မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တာဝန်ရှိသူများက အသိပညာပေးဟောပြောကြပြီး ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးပြဘုတ်များကို ပြသပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)မှ ဗဟိုအသင်းဥက္ကဋ္ဌ ဦးစံရှိန်နှင့် တာဝန်ရှိသူများ၊ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) နေပြည်တော်အသင်းခွဲမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဥတ္တရခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်ဆွေဆွေမိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ဥတ္တရခရိုင်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်ပွဲ ပြည်ကြီးတံခွန်မြို့နယ်၌ ကျင်းပ

**ပြည်ကြီးတံခွန် စက်တင်ဘာ ၁၀**
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မြို့နယ်ဒေသန္တရ ကျန်းမာရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်းနှင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး (ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ရပ်ကွက်အလိုက် ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများအား တာဝန်ရှိသူများက ရန်ပုံငွေများ ပေးအပ်သည်။ ယင်းနောက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ရန်ပုံငွေကျပ်သိန်းတစ်ထောင်ပေးအပ်သွားမည်ဖြစ်ရာ ယခုလုပ်ငန်းမစတင်မီ ၅၀ ရာခိုင်နှုန်းအဖြစ် ကျပ်သိန်းငါးရာပေးအပ်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်စဉ် ဒုတိယအကြိမ် ၃၀ ရာခိုင်နှုန်းနှင့် တတိယအကြိမ် ၂၀ ရာခိုင်နှုန်း အသီးသီးပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အခမ်းအနားသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ၁၆ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# တော်သလင်းလှေပြိုင်ပွဲသည် ရှေးမြန်မာ့ရေတပ်မတော်သားများ၏ အရည်အသွေးတိုးတက်စေသောပွဲတော်

**ရှေးရှေးအခါက လှေပြိုင်ပွဲသည် ပျော်ပွဲသက်သက်မဟုတ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်ခြင်းဖြစ်၏။ တစ်နည်းဆိုရသော် ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေသောပွဲတော် ဖြစ်၏။**

ဒေါက်တာမောင်ဖြေ

တော်သလင်းလဟူသော ဝေါဟာရသည် "တော်သလံ= နှစ်သက်ဝမ်းမြောက်ခြင်း" ဟူသော ပါဠိမှ ဆင်းသက်လာ၏။ ထိုလတွင် စပါးကောက်ပင်များ ထူထောင်ရှင်သန်လာပြီဖြစ်၏။ ထို့ကြောင့် လယ်သမားတို့စိတ်ကို နှစ်သက်ရွှင်လန်းစေသောကြောင့် တော်သလင်းလဟု ခေါ်၏။

တချို့က တော်သလင်းဆိုသည်မှာ သတင်းအတွင်းကို ဆိုလိုသည်ဟူ၏။ သတင်းကို သလင်းဟုတ-အက္ခရာကို လပြုခြင်းရ၏။ တောမှာအတွင်းဟု အဓိပ္ပာယ်ရ၏။ ထို့ကြောင့် သလင်းတောဖြစ်လာ၏။ ယင်းသတင်းအတွင်းမှ အဓိပ္ပာယ်ရသည့် သလင်းတောကို (အက္ခရာ ဝိပရိယာယ) အက္ခရာရှေ့နောက်ပြန်ပြောင်းခြင်း ဘာသာဗေဒနည်းဖြင့် တောသလင်းဖြစ်လာ၏။

တောသလင်းကို အခေါ်အဝေါ်ပြေပြစ်စေရန် "တော" မှ "တော်" ဖြစ်လာ၏။ အတ္တဘောကို အတ္တဘော်၊ မနောကို မနော်ပြုသကဲ့သို့ တောကိုလည်း တော်သို့ ပြောင်းလဲလာခြင်းဖြစ်၏။

တချို့က မြန်မာဆန်ဆန် တွေးဆပြန်၏။ တော်သလင်းတွင် "တော်" မှာ အမြင့်ကောင်းကင် ဖြစ်၏။ "သလင်း" မှာ သာလင်း-သာယာကြည်လင်ခြင်းဖြစ်၏။ တော်သလင်းဟူသည် ကောင်းကင်တစ်ခွင်သာယာကြည်လင်သောလ ဖြစ်သည်ဟု ဆို၏။ ထိုလတွင် ရက်ပေါင်း ၃၀ ရှိသည်။ နာရီအားဖြင့် နေ့တွင် ၃၂ နာရီရှိ၏။ ညဥ့် ၂၈ နာရီ ရှိ၏။ နေ့တာရှည်၏။ ညတာတို၏။ ရာသီအလို ကန်ရာသီခေါ်ဆို၏။ ဘဒြခေါ် ပြဗ္ဗာဘဒြနက္ခတ်နှင့် စန်းယှဉ်ပြည့်၏။ ဘရဂုဏ္ဏီ နက္ခတ်နှင့် နေမင်းတို့ယှဉ်ကြ၏။ ဖျိုင်းတာရာထွန်းပ၏။ ရာသီရုပ်မှာ ကညာပျိုရုပ်ဖြစ်၏။

**တော်သလင်းအဓိပ္ပာယ်**

ပုဂံခေတ်ကျောက်စာများတွင် (တိသ္လင်၊ တဲသ္လင်၊ တော်သလင်) စသည်ဖြင့် ရေးထိုးခဲ့ကြ၏။ ဝေါဟာရလီနတ္ထဆရာက မြန်မာဘာသာမှာ ကညာဟူသော ကမ္ဘာဦးကာလ မူလဘာသာတွင် ညအက္ခရာကို နအက္ခရာပြု၍ တံခွန်တင်ပြီးလျှင် ကန်ရာသီဟုခေါ်ဆိုကြသည်။ ကညာသဒ္ဒါသည် မိန်းမငယ်သမီးကညာကိုဟော၏။ ယောက်ျားကို နှစ်သက်စေတတ်သူဟု အဓိပ္ပာယ်ရသည်။ ပါဠိဘာသာတွင် ကညာပုဒ်ကဲ့သို့ နှစ်သက်စေခြင်း အဓိပ္ပာယ်ရှိသည်။ "တောသ" ပုဒ်လည်းရှိ၏။ ထိုကညာနှင့်အဓိပ္ပာယ်တူ တောသပုဒ်ကို အစွဲပြု၍ ရှေးမြန်မာကြီးများက တော်သလင်းဟု နာမည်မှည့်ခဲ့ကြ၏။

ဝိဂြိုဟ်ဆိုရသော် "ပုရိသာနံ တောသိတုံ အလန္တိ တောသလံ"ဟု လည်းကောင်း၊ "ကဿကာနံ တောသိတုံ အလန္တိတောသလံ" ဟုလည်းကောင်း ဆိုနိုင်သည်။ အဓိပ္ပာယ်မှာ ယောက်ျားတို့ကို နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလ သို့မဟုတ် လယ်လုပ်သားတို့ကို နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလဟူ၍ဖြစ်သည်။ ယင်းသို့ ကျမ်းပြုဆရာ လှေသင်းအတွင်းဝန်က တော်သလင်းအမည်ကို ပါဠိစာပေနယ်တွင် ရှာဖွေ၍ ပါဠိသက်ပုဒ်အဖြစ် ယူဆဆုံးဖြတ်ခဲ့သည်။

ပုဂံခေတ်နှင့် ပထမအင်းဝခေတ်ထိုးကျောက်စာတို့တွင် တော်သလင်းလကို စကားအသုံးကိုခေါ်ဆိုရေးသားခဲ့သည်ကို မတွေ့ရ။ သစ်ဆင်းဟူသော စကားအသုံးကို အင်းဝခေတ်ကဗျာတို့တွင် ရှေးဦးစွာတွေ့ရ၏။ ကျောက်စာတို့တွင် ဟံသာဝတီဆင်ဖြူရှင်လက်ထက်ရောက်မှ တွေ့ရ၏။ တော်သလင်းအမည်မှာ သစ်ဆင်းအမည်ထက် ရှေးကျ၏။ "ကန်ရာသီဟု၊ အာနိမြခိုင်၊ ရင်းမာလှိုင်က၊ မွှေးကြိုင်နံ့ရှင် တော်သလင်းကား"ဟူ၍ စာဆို ဦးအောင်ကြီး၏ ရာသီဖွဲ့ လူးတားကဗျာအရ တော်သလင်းလတွင် ရင်းမာပန်းကို ရာသီပန်းအဖြစ် အသိအမှတ်ပြု၏။

**ပန်းလုသဘင်မြစ်ယံပွဲ**

တော်သလင်းကို မြစ်တွင်းသင်ဖြူးခင်း ဆိုစကားရှိ၏။ ရာသီဥတုကြည်လင်သာယာ၏။ မြစ်ပြင်တွင်လှိုင်းလေငြိမ်သက်၍ ရေသင်ဖြူးခင်းထားဘိသကဲ့သို့ ရှိ၏။ ထို့ကြောင့် ရှေးမြန်မာဘုရင်တို့သည် သာယာငြိမ်သက်သည့် ရေပြင်တွင် လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပခဲ့ဟန်ရှိ၏။

လှေသဘင်ပွဲတော်ကို"ပန်းလုသဘင်၊ လှေပွဲသဘင်၊ မြစ်ယံပွဲ"စသည်ဖြင့် အမျိုးမျိုးခေါ်၏။ လှေသဘင်ပွဲတော်ကို မြန်မာဘုရင်တို့ နှစ်သက်မြတ်နိုး၏။ ဘုရင်နှင့်တကွ လှော်ကားမှူးကြီးများကြပ်မတ်၍ ခင်းကျင်းပြုလုပ်လေ့ရှိ၏။ ဘုရင်ကိုယ်တော်တိုင် ဗိုလ်ပါမှူးမတ်များ ခြံရံပြီး "ပြည်ကြီးမွန်"မည်သော ရွှေလှေတော်ကြီးပေါ်မှ လေညင်းခံပြီး လှေပွဲသဘင်ကို ရှုစားတော်မူလေ့ရှိ၏။ ပြည်ကြီးမွန်လှေဆိုသည်မှာ မြန်မာမင်းကို တရားသောမင်းတို့ညီညွတ်ဟန်ကို လှေဦးမှ ပွဲအထိ လက်ဝဲ၊ လက်ယာအရုပ် ငါးဆယ်စီ ထုလုပ်တန်ဆာဆင်ထားသော ဘုရင့်ရွှေလှေတော်ကြီးဖြစ်၏။ ဘုရင်ကိုယ်တိုင်ထွက်ရှုတော်မူသည်ကိုထောက်သော် ရှေးအခါက လှေသဘင်ပွဲတော်သည် ကြီးကျယ်စည်ကားလိမ့်မည်ဟု ခန့်မှန်းရ၏။

**ရှေးဘုရင်များ၏ လှေသဘင်ပွဲတော်**

ရှေးမြန်မာဘုရင်များလက်ထက်တွင် ကျင်းပခဲ့သော လှေသဘင်ပွဲတော်အခမ်းအနားကို ခန့်မှန်းနိုင်စေရန် ဖော်ပြပါ၏။ သီပေါမင်းတရားလက်ထက် ၁၂၄၅ ခုနှစ် တော်သလင်းလ လှေသဘင်ပွဲတော်အကြောင်းကို ကုန်းဘောင်ခေတ်မဟာရာဇဝင်ကြီးတွင် ရေးသားဖော်ပြထားသည်မှာ ယင်းသည် လဆန်း ၁၁ ရက်နေ့ နှစ်စဉ်ကျင်းပမြဲရေသဘင်ပွဲတော်ပြုလုပ်ရန် မှူးတော်မတ်တော်အရာရှိတို့ ရွှေမြို့တော်အနောက်မျက်နှာ ဧရာဝတီမြစ်ဆိပ်သို့ ထွက်လာကြပြီးလျှင် လှေချလွှတ်ရန် သမ္ဘန်ကို ဝန်ထောက် ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူ သွားရောက်ဖက်စပ်ချထားရသည်။ ပထမ လှေရှေ့ဖျားတွဲဖက်မရှိ၍ စုန်သွားစေရသည်။

ပြီးလျှင် လက်ရွေးကြီး၊ လက်သစ် လှေကားတော်ကြီး နှစ်စင်း၊ ယင်းနောက် ပြည်လုံးအံ့နှင့် ရွှေကြီး တွဲဖက်ပြိုင်ဆိုင်စေရသည်။ ပြီးလျှင် လှော်ကားတော်စင်းရေ တစ်ဆယ့်နှစ်၊ ပြီးလျှင် ပုလိပ်ရွှေခဲ၊ အစေခံတောင်လုံး၊ ပွဲတိုင်းကျော်၊ ထွက်ဆိုင်းရစေသော လှော်လှေတော် စင်းရေ နှစ်ဆယ့်နှစ်၊ ပြီးလျှင် ရွှေတုံး၊ မင်းစံ၊ တောင်လုံးမှိုင်း၊ ရွှေလောင်းကြီးယင်ပုံ၊ မင်္ဂလာရန်နှင်း၊ ခိုတောင်ရွှေခဲစသော ခတ်လှေတော် နှစ်ဆယ့်ရှစ်စင်း၊ ပြီးလျှင် သုံးလူတောက်ပ၊ သုံးလျှုပူဇော်စသော လောင်းတော်စင်းရေ နှစ်ဆယ့်ကိုး၊ ပြီးလျှင် သေနတ်အစု အမှုထမ်းတို့ ရဲလှေစင်းရေ လေးဆယ့်ငါး၊ ပြီးလျှင် မှူးတော်၊ မတ်တော်တို့ လှော်ကားချင်းပြိုင်ဆိုင်ရသည်။ ယင်းလဆန်း ၁၂ ရက်နေ့ ထိုနည်းတူ ပြိုင်ဆိုင်ရ၏ဟု လေ့လာရပေသည်။

**နိုင်ငံတော်ကာကွယ်ရေးအတွက်**

အမြော်အမြင်ကြီးမားသော ရှေးမြန်မာကြီးတို့သည် လှေသဘင်ပွဲတော်ကို "ရေကြောင်းလှေကြောင်းလည်း ကျွမ်းကျင်ကြစေ၊ ပျော်လည်းပျော်ရွှင်ကြစေ" ဟူသော သဘောဖြင့် ကျင်းပခဲ့ကြ၏။ မြန်မာဘုရင်တို့ ကျင်းပပြုလုပ်ခဲ့သော ရှေးရှေးအခါက လှေပြိုင်ပွဲသည် ပျော်ပွဲသက်သက်မဟုတ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်ခြင်းဖြစ်၏။ တစ်နည်းဆိုရသော် ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေသောပွဲတော် ဖြစ်၏။

**သစ်ဆင်းပွဲခေါ်ဆိုခြင်းမှာ**

သစ်ဆင်းပွဲနှင့်ပတ်သက်ပြီး အမျိုးမျိုးယူဆကြ၏။ ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင် "တော်သလင်းကိုမြစ်တွင်းသင်ဖြူးခင်း"ဟူသည့် ရှေးသူဟောင်းတို့ ဆိုရိုးစကားနှင့်အညီ တော်သလင်းတွင် ရေစီးအဟုန်မည့်မဖျင်းဖြစ်၏။ မြစ်တွင်သာ၍ သစ်ဖောင်ဝါးဖောင်များ စုန်ဆင်းလေ့ရှိ၏။ ဤသည်ကိုအကြောင်းပြု၍ တော်သလင်းလကို သစ်ဆင်းလဟုခေါ်ခြင်းဖြစ်၏။

ရှေးမင်းတို့ လှေသဘင်ပွဲတော်ပြုလုပ်သောကာလ ရေပေါ် ၁၀ တောင်၊ ၁၅ တောင်မြင့်သည့် တိုင်ထိပ်ဖျားက လူကိုခုန်၍ ဆင်းသည်ဟူသောစကားမှာ မဟုတ်မမှန် ကြံဖန်ပြောဆိုချက်သာဖြစ်၏ဟုဖော်ပြထား၏။ ထိုကျမ်းပြုဆရာ၏ အာဘော်မှာ သစ်ဆင်းဆိုသည်မှာ အခမ်းအနားဖြင့် ပြုလုပ်ကျင်းပသော ပွဲမျိုးမဟုတ်၊ သစ်ဖောင်များ စုန်ဆင်းခြင်းကိုအစွဲပြု၍ သစ်ဆင်းခေါ်ခြင်းဖြစ်သည်ဟု ဆို၏။

ဝေါဟာရလီနတ္ထဒီပနီကျမ်းဆရာ လှေသင်းအတွင်းဝန်မင်း၏ ဆရာရင်းဖြစ်တော်မူသည့် မုံရွှေဇေတဝန် ဆရာတော်ကြီးက သမန္တစက္ခုဒီပနီပထမအုပ်တွင် သစ်ဆင်းလဆိုသည်မှာ တော်သလင်းလကိုဆိုလို၏။ သစ်ဆင်းသဘင်ဆိုသည်မှာ လှေပွဲသဘင်ကို ဆိုလိုသည်ဟုလည်းကောင်း ကုသပျို့အပိုဒ်(၃၁)၌လည်းကောင်း ရေးသားဖွဲ့ဆိုခဲ့၏။ ဤအရေးအသားတို့ကို ထောက်ရှု၍ ဆရာတော်ကြီး၏အလိုမှာ တော်သလင်းလတွင် သစ်ဆင်းပွဲဟူ၍ ပွဲသီးခြားမရှိ၊ လှေပွဲသဘင်ကိုပင် သစ်ဆင်းပွဲခေါ်သည်ဟု ယူဆတော်မူ၏။

မင်းဇေယျရန္တမိတ်၏ မင်းရဲနရာချင်းတို့ကို ထောက်လျှင် လှေသင်းအတွင်းဝန်ယူဆသကဲ့သို့ သာမန်သစ်ဖောင်များ စုန်ဆင်းခြင်းမဖြစ်တန်ရာ၊ ပျော်ပျော်ပါးပါး ခမ်းခမ်းနားနား ကျင်းပပြုလုပ်သော ပွဲမျိုးသာဖြစ်တန်ရာ၏ဟူ၍ ဆိုထားပြန်၏။

အချို့သော ချေင်းများနှင့် စာဆိုဦးအောင်ကြီး၏ ကန်ရာသီဘွဲ့လူးတားတို့တွင် တော်သလင်းလတွင် လှေပြိုင်ပွဲနှင့် သစ်ဆင်းပွဲနှစ်ခုစလုံးကိုပင် တစ်ခုစီခွဲ၍ ရေးစပ်လျက်ရှိသည်ကို တွေ့ရ၏။ သစ်ဆင်းဟူသည် သစ်ဖောင်များစုန်ဆင်းခြင်းများကို ဆိုလိုသည့်ဝေါဟာရမဟုတ်၊ အခမ်းအနားဖြင့် ကျင်းပသောပွဲမျိုးကို ခေါ်သောဝေါဟာရဖြစ်မည်။ ထိုပွဲသည် လှေပြိုင်ပွဲနှင့်အတူ ကျင်းပဖွယ်ရှိ၏။ လှေပွဲသဘင်မှ သီးခြားဖြစ်သော ပွဲတစ်ပွဲဖြစ်သည်ဟု ကောက်ချက်ချရမည်ဖြစ်၏။ သစ်ဆင်းပွဲကျင်းပသောလဖြစ်၍ တော်သလင်းလကို သစ်ဆင်းလဟုခေါ်ဝေါ်သုံးစွဲခြင်းဖြစ်နိုင်၏။

**ယဉ်ကျေးမှုတိုးတက်လာ၍ ပပျောက်ခဲ**

တောင်သူလယ်သမားတို့သည် မိုးကောင်းရေးကို အထူးပင်လိုလားတောင့်တကြ၏။ မိုးဆိုသည်မှာ ရာသီဥတု သဘာဝတရားများဖြစ်၏။ လူတို့ ကောင်းအောင်ဖန်တီး၍ ရနိုင်သော အရာမဟုတ်ပါ။ ထို့ကြောင့် အယူသီးသော လယ်သမားကြီးများသည် မိုးကောင်းစေရန် နည်းအမျိုးမျိုးတို့ဖြင့် ကြံဖန်ပြုလုပ်ပြီး ဆုတောင်းလေ့ရှိ၏။ သစ်ဆင်းပွဲသည်လည်း ထိုနည်းအမျိုးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်တန်ရာ၏။ လူတို့သည် နတ်ပွဲများတွင် ငါးကြော်၊ မုန့်ဖြူမုန့်နီစသည်ဖြင့် ပူဇော်ပသလေ့ရှိ၏။ နတ်ဆိုင်းများတီးပြီး သစ်ဆင်းပွဲသဘင်ကို ကျင်းပကြ၏။ နတ်ဆိုင်းတီးနေချိန်တွင် လေးတိုင်စင်မြင့်ပေါ်မှ ကခုန်ပြီး ဆင်းရ၏။ အကယ်၍ ခုန်ဆင်းသူသည် မှောက်လျက်ကျလျှင် မိုးကောင်းမည်။ ပက်လက်ကျလျှင် မိုးမကောင်းဟု ယူဆကြ၏။ ထိုပွဲသဘင်သည် အင်းဝခေတ်တွင် လ၏အမည်ကို စွဲမြဲမှတ်သားလောက်အောင် လူတို့အလေးဂရုစိုက်ပြီး ကျင်းပလေ့ရှိခဲ့သည်ဟု ခန့်မှန်းရ၏။ ယင်းပွဲမျိုးကို ပြုလုပ်ကျင်းပရာတွင် လူ့အသက်များ ပျက်စီးတတ်၍လည်းကောင်း၊ လူတို့ ထိုပွဲကို မလိုလား၍လည်းကောင်း၊ လူ့ယဉ်ကျေးမှုတိုးတက်မြင့်မားလာ၍ ကောက်ယူသည့် နိမိတ်များကို မယုံကြည်ကြသောကြောင့်လည်းကောင်း၊ ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ထိုသစ်ဆင်းပွဲသည် လုံးဝ ကွယ်ပျောက်ခဲ့၏။ ထို့အတွက်ကြောင့် ကုန်းဘောင်ခေတ် ဆယ့်နှစ်လရာသီပွဲတော်များတွင် သစ်ဆင်းပွဲအကြောင်းကို ဆယ့်နှစ်ရာသီပွဲတော်များ၌ ရေးဖွဲ့ကြသည်ကို လုံးဝ မတွေ့ရခြင်းဖြစ်၏။ ။

## ဖိုးကျားဆင်စခန်း၌ ရုံးပိတ်ရက်များတွင် ဆင်စီးရန်လာရောက်သူ ယခင်ထက်များပြား

**ရေတာရှည် စက်တင်ဘာ ၁၀**

သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ရပ်နားထားသည့်အတွက် သစ်ထုတ်လုပ်ငန်းသုံးဆင်များဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်ရန် ပဲခူးရိုးမကိုအခြေခံ၍ ဆင်စီးအပန်းဖြေစခန်းများ တိုးချဲ့ဖွင့်လှစ်လာခဲ့ရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း (၁၀) မိုင်၌ ဖိုးကျားအပန်းဖြေဆင်စခန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

မိုးရာသီကာလ ဧည့်အဝင်ပါးချိန်တွင် နေပြည်တော်၊ တောင်ငူနှင့် အခြားသောဒေသများမှ စနေ၊ တနင်္ဂနွေနေ့အစရှိသည့် ရုံးပိတ်ရက်များတွင် ဆင်စီးအပန်းဖြေရန် လာရောက်သူများပြားလျက်ရှိ၍ မူလ ဆင်ခုနစ်ကောင်အပြင် သိုင်းချောင်းဆင်စခန်းမှ ဆင်ငါးကောင် ထပ်မံဖြည့်တင်းထားကြောင်း သိရသည်။

"ရုံးပိတ်ရက်ဆိုရင် မနက် ၈ နာရီမထိုးခင်ကတည်းက အစောရောက်လာကြတယ်။ အစောပိုင်းဆိုတော့ ဆင်တွေလည်းသက်သာတယ်။ မိုးတွင်းဆိုတော့ မိုးလေဝသအခြေအနေကိုလည်း ထည့်တွက်ရတာရှိပါတယ်။ သိုင်းချောင်းရေကျရင် ဆင်တောင်ဖြတ်ကူးဖို့မလွယ်ဘူး။ အခုဆင်စီးတဲ့ လမ်းကြောင်းကိုလည်း သိုင်းချောင်းရေများရင် ရှောင်ကွင်းသွားရတာတွေ ရှိပါတယ်"ဟု သစ်တောဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောတွင်းတစ်ပတ်စီးလျှင် တစ်နာရီခန့်ကြာမြင့်ပြီး ပြည်ပဧည့်သည်လမ်းကြောင်းနှင့် ပြည်တွင်းဧည့်သည်လမ်းကြောင်းဟူ၍ နှစ်မျိုးရှိကာ ပြည်ပဧည့်သည်များအနေဖြင့် မြင့်မားမတ်စောက်ပြီး ခက်ခဲစွာသွားလာရသည်ကို နှစ်သက်ကြောင်း ၎င်းကပင် ဆက်လက်ပြောသည်။

"ကျွန်မတို့က နေပြည်တော်ကနေ သူငယ်ချင်းတွေစုပြီး ကားနဲ့လာကြတာပါ။ ကြားဖူးနေတာတော့ကြာပါပြီ။ ခုမှရောက်ဖူးတာ။ ဆင်စီးရတာ စိတ်တအားလှုပ်ရှားတယ်။ တောင်အတက်မှာဆို ပိုဆိုးတယ်။ သိုင်းချောင်းကရေစီးသန်တော့ ဖြတ်ကူးရတာ ကြောက်တယ်"ဟု တောတွင်းဆင်စီးရာမှ ပြန်လည်ရောက်ရှိလာသည့် မိန်းကလေးတစ်ဦးက ပြောသည်။ ပြည်တွင်းဧည့်သည်များအနေဖြင့် စခန်းဝင်ကြေး ငွေကျပ် ၁၀၀၀၊ ဆင်စီးလျှင် တစ်ဦးကျပ် ၅၀၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေများ သင်ကြားပေး

**လှိုင်ကော် စက်တင်ဘာ ၁၀**

ကယားပြည်နယ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ပြုလုပ်ရာ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း တယောအဖွဲ့က လူတိုင်းအတွက်ပညာရေးသီချင်းဖြင့် တီးခတ်သီဆို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်အနေဖြင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စုသန်းခေါင်စာရင်းအရ ပြည်နယ်၏ စာတတ်မြောက်မှုနှုန်းသည် ၈၂ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် ပြည်နယ်လုံးကျွတ်စာတတ်မြောက်ရေးလှုပ်ရှားမှုကိုဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ မိခင်တိုင်းရင်းသားဘာသာစကားစာပေ ရေးတတ်ဖတ်တတ်လျှင်လည်း စာတတ်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် အခြေပြုပြီး တိုင်းရင်းသားစာပေများ သင်ကြားပေးနေပြီဖြစ်ကြောင်း၊ စာတတ်မြောက်ရေးကြိုးပမ်း လှုပ်ရှားမှုအတွက် ထိရောက်စွာ အားပေးနိုင်ရေးကို အားလုံးဝိုင်းဝန်းပူးပေါင်းဖော်ဆောင်ပေးစေလိုကြောင်း၊ မွေးဖွားသည့်နေ့မှစ၍ လူ့ဘဝတစ်လျှောက်လုံး သင်ကြား၊ သင်ယူမှုပြုနိုင်သည့် အခွင့်အလမ်းများရရှိအောင် အမျိုးသားရေး အသိရှိရှိဖြင့် ပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ယူနက်စကိုညွှန်ကြားရေးမှူးချုပ် မစ္စအိုင်ရီနာဘိုကိုဗာ၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစောအယ်ဒိုဝါးက ဖတ်ကြားသည်။

ဆက်လက်ပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသည့်ကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေးနှင့် ပြည်နယ်စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဒေါက်တာအောင်ကျော်ဌေးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ပြခန်းငယ်အား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများ ကွင်းဆင်းကြည့်ရှု

**ဘားအံ စက်တင်ဘာ ၁၀**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများအား လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကလေးအေးရိပ်သာကျောင်း ဆရာတော် ဒေါက်တာအရှင်ပညာသာမိအား သွားရောက် ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများလျှောက်ထားတင်ပြခဲ့ပြီး ငြိမ်းချမ်းသာယာကျေးရွာ ဘိုးဘွားရိပ်သာတည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဘိုးဘွားရိပ်သာသည် တည်ဆောက်ဆဲကာလဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းလောက်တွင် ရာနှုန်းပြည့် တည်ဆောက်ပြီးစီးမည်ဖြစ်၍ အဘိုးအဘွား ၅၀ခန့်နေထိုင်နိုင်မည်ဖြစ်ကာ ဘိုးဘွားရိပ်သာအတွက် စေတနာရှင် အလှူရှင်များ၏မတည်လှူဒါန်းငွေကျပ် ၁၇၀၆၃၅၀၀ ရှိပြီး တောင်ကလေး အေးရိပ်သာကျောင်း ဆရာတော် အရှင်ပညာသာမိက ငကွေ့ပဒေသာပင်အတွက် ငွေကျပ် သိန်းငါးရာ၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးက ငွေကျပ် သုံးသိန်းတို့ကို မတည်လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများသည် ဘားအံစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ လုပ်ငန်းလည်ပတ်မှု အခြေအနေများအား မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ်စုပေါင်းရုံး အတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံးခန်းမ၌ ကျင်းပသည့် ဘားအံမြို့နယ် ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ၉၈ ဦး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးများနှင့် မြေတိုင်းစာရေး ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)** ■

# ဒလမြို့နယ် ရပ်ရွာအခြေပြုလုံခြုံရေးကင်းစခန်းများ ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်နှင့် တာဝန်ရှိသူများသည် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ်နှင့် တွံတေးမြို့နယ်တို့၌ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် မှုခင်းများလျော့နည်းကျဆင်းစေရေးတို့အတွက် လူထုအခြေပြုရဲလုပ်ငန်းကို အဓိကထား ဆောင်ရွက်ပေးလျက်ရှိသော ရပ်ရွာအခြေပြုအဖွဲ့ လုံခြုံရေးကင်းစခန်းများနှင့် မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ ယက်မှုများ မဖြစ်ပွားရေးအတွက် လုံခြုံရေး (CCTV) ကင်မရာများ တပ်ဆင်ထားရှိသော လုပ်ငန်းများဆောင်ရွက်နေမှုနှင့် အချုပ်စခန်းများကို စက်တင်ဘာ ၈ ရက် ည ၈ နာရီခွဲက စတင်ပြီးလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ဒလမြို့နယ်အတွင်းရှိ ရပ်ရွာလုံခြုံရေးကင်း စခန်းများထားရှိသော ကနောင်လမ်းမကြီးဘေးရှိ ရာဇသင်္ကြန်ရပ်ကွက်နှင့် မြို့မ(၄)ရပ်ကွက်၊ ဒလ-တွံတေးကားလမ်းဘေးရှိ ဗညားဒလရပ်ကွက်နှင့် ဘုရင့်နောင်ရပ်ကွက်၊ နာရီစင်အဝိုင်းရှိ မော်စက်ရပ်ကွက်နှင့် ကမာကဆစ်ရပ်ကွက်၊ ကျန်စစ်သားရပ်ကွက်၊ ဆာပါချောင်ကျောင်းစုရပ်ကွက်နှင့် တာကြီးရပ်ကွက်တို့ရှိ ရပ်ရွာအခြေပြု လုံခြုံရေးကင်းစခန်းများ၊ ဒလရဲစခန်းအတွင်းရှိ လုံခြုံရေး CCTV ကင်မရာများဖြင့် စောင့်ကြည့်နေမှု အခြေအနေမှတ်တမ်းများနှင့် မြို့နယ်အချုပ်ခန်းအတွင်းရှိ အကျဉ်းသားများထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရပ်ရွာအခြေပြု လုံခြုံရေးကင်းစခန်းများ၌ တာဝန်ဆောင်ရွက်နေကြသော အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များကို ရေသန့်ဘူးနှစ်ကတ်၊ အချိုရည် တစ်ကတ်တို့ကိုပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရဲမှူးချုပ်သည် တွံတေးမြို့နယ် မြို့မရဲစခန်းရှိ အချုပ်ခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်း-နိုင်လင်းကျော်(ဒလ)၊ဓာတ်ပုံ-ဝင်းမောင်မောင်**

# ထိုင်ဝမ်နှင့်ဟောင်ကောင်သို့ မြန်မာရွှေ့ပြောင်းလုပ်သား စတင်စေလွှတ်ရေးကြိုးပမ်း

**ရန်ကုန် စက်တင်ဘာ ၁၀**

မလေးရှားသို့ မြန်မာရွှေ့ပြောင်းလုပ်သားများစေလွှတ်မှုပိတ်ထားချိန်တွင်ထိုင်ဝမ်နှင့် ဟောင်ကောင်သို့ မြန်မာအလုပ်သမားများ စတင်စေလွှတ်သွားရန် ကြိုးပမ်းနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမင်းလှိုင်ကပြောသည်။

"မနေ့တစ်နေ့ကပဲ ထိုင်ဝမ်ကလွှတ်တော်ကိုယ်စားလှယ်အဖွဲ့က ကျွန်တော်တို့အဖွဲ့ချုပ်နဲ့ ထိုင်ဝမ်ကို မြန်မာနိုင်ငံအလုပ်သမားစတင်စေလွှတ်ဖို့ဆွေးနွေးပါတယ်။ ထိုင်ဝမ်ကို မြန်မာအလုပ်သမားစတင်စေလွှတ်သင့်တယ်လို့ထင်ပါတယ်။ ထိုင်ဝမ်ရဲ့ အခြေခံလုပ်ခ လစာကအနည်းဆုံးအမေရိကန်ဒေါ်လာ ၆၃၀ က စတာဖြစ်ပါတယ်။ ထိုင်း၊ စင်ကာပူ၊ ယူအေအီးတို့ထက်မြင့်ပါတယ်။ ထိုင်ဝမ်က မြန်မာအလုပ်သမားအများအပြားခေါ်ယူဖို့ ရှိနေပါတယ်" ဟု ရန်ကုန်မြို့တွင် ပြုလုပ်သော မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်း ရှင်များအဖွဲ့ချုပ်အထူးအစည်းအဝေးတွင် ဦးမင်းလှိုင်က ပြောကြားသည်။

ထိုင်ဝမ်တွင်စက်ရုံအလုပ်ရုံ ပေါများကြောင်း၊ အလုပ်သမားဥပဒေကိုလည်း လေးစားသည့် နိုင်ငံဖြစ်ကြောင်း၊ ထိုင်ဝမ်သို့ မြန်မာအလုပ်သမားများစတင်စေလွှတ်သင့်သည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ထိုင်ဝမ်သို့ အလုပ်သမားစေလွှတ်ရန် ၂၀၁၆ ခုနှစ် မတ်လက trade exchange ရုံးလာရောက်ဖွင့်ထားပြီဖြစ်ကြောင်း ၎င်းက ပြောသည်။ ထို့အတူဟောင်ကောင်သို့လည်းအလုပ်သမားများစည်းမျဉ်းစည်းကမ်းနှင့်အညီ စေလွှတ်သွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

**စောဝေယံ**

# ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်

**တာပွန် စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် တာပွန်မြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဗိုလ်ခေါင်းကြီးတံတားမှ ကွေ့ကလေးအထိ ၁၁ ကေဗွီဓာတ်အားလိုင်း ၃ ဒသမ ၅ မိုင်၊ ရွှေကြာပင်မှ ကွေ့ကြီးအထိ ၁၁ ကေဗွီဓာတ်အားလိုင်း ၃ ဒသမ ၅ မိုင်၊ ကုန်းသာမှ တက်နေမင်းလမ်းအထိ ၁၁ ကေဗွီဓာတ်အားလိုင်း ၂ ဒသမ ၂ မိုင် စုစုပေါင်းဓာတ်အားလိုင်း ၉ ဒသမ ၂ မိုင် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းနှင့် တာပွန်မြို့ တောင်ပိုင်းရပ်ကွက်တွင် ၂၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံး၊ မြောက်ပိုင်းရပ်ကွက်တွင် ၂၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံး၊ ရွှေကြာပင်ကျေးရွာတွင် ၁၀၀ ကေဗွီအေထရန်စဖော်မာနှစ်လုံး အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးပြီးစီး၍ စက်တင်ဘာ ၆ ရက်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီးဖြစ်ကြောင်း သိရှိရသည်။

**(၁၄၃)**

# သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သမဝါယမအသင်းစု လီမိတက် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ကို စက်တင်ဘာ ၇ ရက်က အမှတ်(၉) ရပ်ကွက် မကွေးလမ်းအသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသင်းစုဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်တို့ကအမှာစကားပြောကြားကာ အသင်း၏ဘဏ္ဍာရေး ရသုံးစာရင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ အစီအရင်ခံစာများကိုဖတ်ကြားတင်သွင်းအတည်ပြုချက်ရယူ၍ လှိုင်သာယာမြို့နယ်အတွင်းရှိ သမဝါယမအသင်းပေါင်း ၆၀ ကျော်မှ တာဝန်ရှိအသင်းဝင်များတက်ရောက်ကြကြောင်းသိရသည်။

**(၃၂၉)**

# ရှုမဝပြန်လာပြီ

ယောနကဘိုးထောင်

တစ်နေ့မနက်ခင်းလေးအချိန်မှာ ကျွန်တော်စာရေးနေတုန်း ဖုန်းဝင်လာပါတယ်။ မိုးကသည်းသည်းလေးရွာနေပါတယ်။ မိုးအေးအေးရာသီအချိန်မှာ စာရေး၊ စာဖတ်ရတဲ့အလုပ်က ချစ်ခင်မြတ်နိုးစရာပါ။

"အစ်ကိုယော အစ်ကို့အတွက် ရှုမဝ နှစ်(၇၀) ပြည့်အမှတ်တရ စာအုပ် သားတက်တိုးဆီမှာ ပေးထားလိုက်တယ်။ ညီမတို့ ကြိုးစားပြီး လုပ်ထားတာ။ အစ်မကြီးဒေါ်မြင့်မြင့်သန်းက ငွေစိုက်ထုတ်တယ်။ ကျွန်မနဲ့မမတင့်က တည်းဖြတ်သူတွေပေါ့။ ရှုမဝစာအုပ်ဖတ်ပြီး အကြံပေးပါဦး။"

ရှုမဝဦးကျော်သမီး၊ မောင်ဆွေတင့်ညီမ ဝေဝေသန်း(ဝေမာ)ရဲ့ ဖုန်းသံစဲသွားတော့ အတိတ်အရိပ်ရုပ်ပုံလွှာတွေ ပေါ်လာပါတယ်။ ရှုမဝစင်တော်မှ ကျွန်တော်စာပေဘဝခရီးစခဲ့တာပါ။ ရှုမဝမှာ ဝါရင့်နဲ့ ဝါနု ကလောင်ခွဲခြားထားပါတယ်။ စာမူကော်ပီကို 'က'စာရင်း၊ 'ခ'စာရင်း ခွဲပြီးထားပါတယ်။ ရှုမဝမှာ ဖောင်ဖြည့်ကဗျာကစတင်ပြီး ချစ်ကိုယ်တွေ့နဲ့ တခုတ်တရဝင်ခဲ့ရပါတယ်။ စာမူထိန်းကလည်း ရွေးပယ်ကို အတိအကျသိမှတ်စေပါတယ်။ ရွေးတဲ့ကော်ပီကိုယူထားပြီး ပယ်တဲ့ကော်ပီကို ပြန်ယူရပါတယ်။

ရှုမဝမှာ ပတ်မကြီးချစ်ဦးညိုတို့၊ မောင်လွန်းကြင်၊ မောင်သိက္ခာတို့ ရေးအားကောင်းတဲ့အခါပါ။ ဂျူး၊ မအိ၊ စမ်းစမ်းတင်၊ မိုးငြိမ်း၊ ခင်မြဇင်၊ ခင်နှင်းဦး၊ လူမျိုးနော်၊ မောင်သဲကြည်(မအူပင်)၊ ဝင်းဝင်းလတ် စတဲ့သွေးသစ်ကလောင်တွေ အများကြီးမြေတောင်မြှောက်ပေးခဲ့ပါတယ်။

ရသစာပေ ရွှေခေတ်လို့ခေါ်ဆိုနိုင်တဲ့ အချိန်ကာလပါ။ ရှုမဝထောင်ဆု၊ ရှုမဝရုပ်ရှင်၊ ရှုမဝမဂ္ဂဇင်း စတဲ့အနုပညာ ဘက်စုံလုပ်ငန်းကြီး ဂုဏ်တင့်ခဲ့ပါတယ်။ နိုင်ဝင်းဆွေ၊ စိန်စိန် စတဲ့ရသစာပေကောင်းတွေ ထွက်ပေါ်ရာအရပ် ဖြစ်ခဲ့ပါတယ်။ အဲဒီတုန်းက ရှုမဝမဂ္ဂဇင်း အယ်ဒီတာတွေကလည်း အရေးထား လေးစားလောက်ပါတယ်။ ရှုမဝဦးကျော်၊ တင့်တယ်၊ မောင်ဆွေတင့်၊ မောင်ဇော်ယု၊ မောင်မြင့်မြတ်၊ အောင်နိုင်သူတို့ကို လက်တွေ့မျက်မြင်သိမှတ်ခဲ့ရပါတယ်။

ရှုမဝရဲ့ဧည့်ခန်းထဲမှာ သော်တာဆွေ၊ ဒေါင်းနွယ်ဆွေ၊ ငွေဥဒေါင်း စတဲ့သူတွေကို တွေ့ခဲ့ရဖူးပါတယ်။ ရသစာပေ ရွှေခေတ်ကို ဖော်ထုတ်ထားတဲ့ ရှုမဝပြန်လာပါပြီ။ ကျွန်တော်တို့ ငယ်ဘဝခေတ်တုန်းက မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ ရှုမဝ၊ သင့်ဘဝ၊ တိုင်းရင်းမေတို့သာ ပွဲလယ်တင့်ခဲ့ကြပါတယ်။ ရှုမဝစာပေစင်တော်နဲ့အတူ ရသစာပေခေတ်လည်း မှေးမှိန်သွားခဲ့ပါတယ်။

သမီးရှုမဝ (ဝေမာ) ပေးပို့လိုက်တဲ့ ရှုမဝရုပ်စုံမဂ္ဂဇင်း နှစ်(၇၀) ပြည့်အမှတ်တရ ၁၉၄၇-၂၀၁၇ ကို သားတက်တိုးထံမှ ကောင်းမွန်စွာ လက်ခံရရှိခဲ့ပါတယ်။ ရှုမဝမျက်နှာဖုံးကတော့ ပထမဆုံးစာအုပ် ပန်းချီကိုလေး ရေးဆွဲခဲ့တဲ့အဖုံးကို ဆရာတင်လှဝင်းထင်က ပြန်လည်ခံစားရေးဆွဲထားပါတယ်။ အရောင်အသွေးစုံစုံ ရောင်စုံပန်းခင်းကြီးထဲမှာ ရှုမဝ အမှတ်တံဆိပ်က ဒေါင်းနောက်ခံအပေါ်မှာ မြန်မာအမျိုးသမီးပျိုလေး အပြုံးလှလှနဲ့ လက်တစ်ဖက်က ပန်းကုံးကိုကိုင်၊ တစ်ဖက်က ရှုမဝစာအုပ်လေးကို ကိုင်ထားပါတယ်။ မြန်မာပန်းချီရသ လက်ရာမြောက်စေခဲ့ပါတယ်။ နောက်ကျောဖုံးကိုတော့ ၁၉၈၉ ခုနှစ် ဧပြီလ ရှုမဝမဂ္ဂဇင်းအဖုံး ဆရာမောင်မောင်သိုက် လက်ရာကို ပြန်သုံးထားပါတယ်။

ရသစာပေ ရှုမဝအလွမ်းပြေကို ဖတ်ရှုခံစားမိပါတယ်။ အတွင်းပန်းချီပုံတွေကတော့ ဦးငွေကိုင်၊ ဦးကိုလေး၊ ဦးမောင်စိန်၊ ဦးအုန်းလွင်၊ ပန်းချီအောင်စိုး၊ မောင်ညိုဝင်း၊ ဝသုန်၊ မျိုးညွန့်၊ တင်လှဝင်းထင်၊ မောင်မောင်သိုက်၊ ဝင်းမော်ဟန်၊ သန်းထိုက်(မြန်မာစာ) နဲ့ မသီဂီတို့ရဲ့ လက်ရာအရောင်အသွေးစုံစုံ အနုပညာရသ ပေါ်လွင်စေပါတယ်။

ကဗျာအနုပညာစာပေမှာတော့ နုယဉ်၊ သိန်းသန်းထွန်း၊ ခင်နှင်းယု၊ ဒေါင်းနွယ်ဆွေ၊ ထီလာစစ်သူ၊ မင်းယုဝေ၊ ဂုဏ်ဝင်း၊ ကြည်အေး၊ နွယ်(စစ်တွေ)၊ ညွန့်ဝေ(ကသာ)၊ နောင်၊ ကြည်အောင်၊ မောင်ဆွေတင့်၊ တက္ကသိုလ်မင်းမော်၊ မောင်လွန်းကြင်၊ သင်းအောင်၊ မောင်ကြည်မွန်၊ တင်ဆွေမိုး၊ မောင်ကြူးရင့်၊ မောင်ဇော်ယု၊ မအိ၊ စမ်းစမ်းတင်တို့ရဲ့ ကဗျာအလှ စာရသတွေကို တစိမ့်စိမ့်ဖတ်ရှုခံစားရပါတယ်။

ကလေးရှုမဝကဏ္ဍမှာ ဆရာကြီးဇော်ဂျီ၊ ဆရာကြီးမင်းသုဝဏ်တို့ရဲ့ စာခန့်စာသန့်တွေကို ဖော်ထုတ်အမွှမ်းတင်ထားပြန်ပါတယ်။ ရှုမဝကာတွန်းတွေကတော့ ကာတွန်းအောင်ရှိန်၊ ဖေသိန်း၊ မောင်စိန်၊ ဘထွေး၊ ရွှေမင်းသား၊ ငွေကြည်၊ မောင်ဝဏ္ဏ၊ ချစ်ဆွေ၊ မောင်မောင်အောင်၊ မြေဇာ၊အနောင်နဲ့ ဝင်းထွန်းတို့ရဲ့ လက်ရာတွေကို ထိထိမိမိ ပြုံးရယ်ဟားစရာတွေ ဖြစ်ပါတယ်။

ဆောင်းပါးတွေကလည်း ဆရာကြီးများဖြစ်ကြတဲ့ ဒဂုန်တာရာ၊ ရှုမဝဦးကျော်၊ မြသန်းတင့်၊ သော်တာဆွေ၊ ကာတွန်းငွေကြည်၊ မောင်မြင့်မြတ်၊ ချစ်ဦးညို၊ မော်ဝန်းကြည်မြတ်၊ ပန်းချီတင်လှဝင်းထင်၊ ရွှေဒါးမောင်လေးရည်၊ မြတ်လင်းထွေးတို့ရဲ့ စာပေရသသုတ၊ဆောင်းပါးကောင်းတွေ ဖြစ်ပါတယ်။

ဝတ္ထုတို ရသမြိုင်တွေကတော့ မောင်သိန်၊ မောင်အောင်မွန်၊ သာခု၊ မောင်ဆွေတင့်၊ တင့်ဇော်၊ ကြူကြူသင်း၊ ရွှေကူမေနှင်း၊ မောင်သိက္ခာ၊ မိုးမိုး(အင်းလျား)၊မြေလတ်မောင်မြင့်သူ၊ လူမျိုးနော်၊ ခင်မြဇင်၊ ခင်လေးမူ၊ နတ်မောက် အနီချိုနဲ့ မိုးငြိမ်းတို့ရဲ့ ရသမြောက် ဝတ္ထုကောင်းတွေဖြစ်ပါတယ်။

ရသဝတ္ထုရှည်ကြီးကတော့ အမျိုးသားစာပေ (သုံး)ဆုရ ကျွန်ုပ်တို့၏ ရေးဖော်ရေးဖက်၊ သောက်ဖော်သောက်ဖက် ဆရာဆောင်းဝင်းလတ်ရဲ့ လက်ရာကောင်းဖြစ်ပါတယ်။

ရှုမဝသိပ္ပံဝတ္ထုတို၊ ချစ်ကိုယ်တွေ့၊ ဟိုတုန်းကရှုမဝ၊ ရှုမဝထောင်စု၊ ရှုမဝအဖုံးများ အစရှိတဲ့ ကဏ္ဍတွေလည်း စုံလင်စွာပါရှိထားပါတယ်။ ရသစာပေ ရွှေထီးဆောင်းခဲ့သော ရှုမဝပြန်လာပြီ။ ရသစာပေ အလွမ်းပြေဖတ်ဖတ်၊ နှစ်နှစ်ကာကာ ချစ်မက်စရာဖတ်ဖတ် ရှုထောင့်စုံမှ ရသအထွေထွေပေးစေမယ့် ရှုမဝပြန်လာပါပြီ။ ရသစာပေ တစ်ခေတ်ဆန်းချိန် ရောက်တော့မှာပါ။




*အရောင်အသွေးစုံစုံ ရောင်စုံပန်းခင်းကြီးထဲမှာ ရှုမဝအမှတ်တံဆိပ်က ဒေါင်းနောက်ခံအပေါ်မှာ မြန်မာအမျိုးသမီးပျိုလေး အပြုံးလှလှနဲ့ လက်တစ်ဖက်က ပန်းကုံးကိုကိုင်၊ တစ်ဖက်က ရှုမဝစာအုပ်လေးကို ကိုင်ထားပါတယ်။ မြန်မာပန်းချီရသ လက်ရာမြောက်စေခဲ့ပါတယ်။ နောက်ကျောဖုံးကိုတော့ ၁၉၈၉ ခုနှစ် ဧပြီလ ရှုမဝမဂ္ဂဇင်းအဖုံး ဆရာမောင်မောင်သိုက်လက်ရာကို ပြန်သုံးထားပါတယ်။*

## မကွေးတိုင်းဒေသကြီးအတွင်း မြို့သုံးမြို့၌ ဒီမိုကရေစီရုပ်ရှင်ပွဲတော် ကျင်းပမည်

**မကွေး စက်တင်ဘာ ၁၀**

မြန်မာ့ဒီမိုကရေစီရက်သတ္တပတ်ပွဲတော်ကာလအတွင်း၌ မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ ရေနံချောင်း၊ ပခုက္ကူမြို့များတွင် စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ခုနစ်ရက်တိုင် ရုပ်ရှင်ပွဲတော်များ ကျင်းပသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ကျင်းပသည့် ပွဲတော်ဖြစ်မြောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

"နိုင်ငံနဲ့လူမျိုးရဲ့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာ မြင့်မားစေရေး၊ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာမှာ နိုင်ငံတကာသို့ စံယူလုပ်ဆောင်ရမယ့် ဒီမိုကရေစီကျင့်စဉ်နဲ့စိတ်ထားတွေ တိုးပွားရင့်သန်စေရေးတို့ကို အထောက်အပံ့ဖြစ်စေဖို့ရည်ရွယ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက ပြုလုပ်သွားမှာပါ။ မကွေးမြို့က မင်္ဂလာစံပြရုပ်ရှင်ရုံ၊ ရေနံချောင်းမြို့က ရတနာရုပ်ရှင်ရုံနဲ့ ပခုက္ကူမြို့က သီဟရုပ်ရှင်ရုံတွေမှာ မြန်မာ့ဒီမိုကရေစီရုပ်ရှင်ဇာတ်ကားငါးကား ပြသသွားဖို့ရှိပါတယ်"ဟု မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်နိုင်က ပြောသည်။

မြန်မာ့ဒီမိုကရေစီရုပ်ရှင်ဇာတ်ကားများဖြစ်သည့် ကြီးမြတ်သောမြန်မာ၊ နေခြည်မှာရွှေရည်လောင်း၊ ဒီမိုရပ်ကွက်၊ သရာစောထိ၊ တိမ်ပြာသောနေ့ စသည့်ဇာတ်ကားငါးကားကို နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံ ၄၄ ရုံတွင် ပြသသွားရန်အစီအစဉ်ရှိပြီး စက်တင်ဘာ ၁၅ ရက်တွင် အခမဲ့၊ ကျန်နေ့များတွင် ရုံဝင်ကြေးများဖြင့် ပြသသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"မကွေးမြို့က မင်္ဂလာစံပြရုပ်ရှင်ရုံမှာ လူဦးရေ ၄၉၁ ကြည့်နိုင်ပါတယ်။ အဲဒီမှာ တစ်နေ့ ငါးချိန်ပြသွားမယ်။ ရေနံချောင်းက ရတနာရုပ်ရှင်ရုံမှာ လူ ၂၀၀ ဆံ့ပြီးတော့ တစ်နေ့ သုံးကြိမ်ပြမယ်။ ပခုက္ကူမြို့က သီဟရုပ်ရှင်ရုံမှာ လူ ၃၀၀ ဆံ့တယ်။ တစ်နေ့ လေးကြိမ်ပြသွားမယ်။ သက်ဆိုင်ရာဒေသက အကြီးအကဲတွေဖိတ်ကြားပြီးတော့ ဖွင့်ပွဲတွေလုပ်ပါမယ်"ဟု မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးမှ ဌာနခွဲမှူး မကွေးတိုင်းဒေသကြီး တာဝန်ခံ ဦးလှကျော်ဦးက ပြောသည်။

"ကြီးမြတ်သောမြန်မာ"ရုပ်ရှင်ဇာတ်ကားကို မကွေးနှင့် ရေနံချောင်းမြို့များ၌ 3D စနစ်ဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ပြီး ကျန်ရုပ်ရှင်ဇာတ်ကားများကို 2D စနစ်ဖြင့်သာ ပြသသွားမည်ဖြစ်ကြောင်း၊ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် မြို့တွင်းလှည့်လည်ကြေညာမှုများ လုပ်ဆောင်ရန်ရှိပြီး စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် ဗီဒီယိုအခြေခံအဖွဲ့တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ရုံလုပ်ငန်း ကိုယ်စားလှယ်များအနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

**ဇေယျတု(မကွေး)**



## အိမ်ရှေ့မှာပဲ မွေးနေ့ပွဲကျင်းပခဲ့တဲ့ နေတိုး

မြန်မာစူပါမင်းသား နေတိုးက စက်တင်ဘာ ၉ ရက်တွင်ကျရောက်သော သူ၏(၃၆)နှစ်ပြည့်မွေးနေ့ကို အိမ်မှာပင် ကျင်းပခဲ့ပြီး သူ၏ပုံတူ ခဲပန်းချီကား၊ အရုပ်များ၊ သူ၏ပုံရိုက်နှိပ်ထားသည့် မက်ခွက်၊ ရေဘူးအပြင် ရေမွှေး၊ အဝတ်အထည်များစွာကို မွေးနေ့လက်ဆောင်အဖြစ် လက်ခံရရှိခဲ့သည်။

နေတိုးက "မွေးနေ့အတွက် ပရိသတ်ကြီးအားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော်ချစ်သော၊ ကျွန်တော့်ကို ချစ်ကြသော ပရိသတ်များအားလုံးအတွက် အနုပညာကို ဒီထက်မက ကြိုးစားသွားပါမယ်လို့ သစ္စာပြုရင်း ထာဝရများအားလုံးအတွက် ထာဝရနေတိုး" ဟု လက်ဆောင်ရရှိသောပစ္စည်းများကို ဓာတ်ပုံနှင့်တကွတင်ကာ ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။ ထို့ပြင် နေတိုးက ရခိုင်အမျိုးသား လူမှုကယ်ဆယ်ရေးအဖွဲ့သို့ မွေးနေ့အလှူအဖြစ် ကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

**(မေလှဲ့သင်း)**

# ဟံသာဝတီယူနိုက်တက်ဘောလုံးအသင်း အိမ်ကွင်းဖွင့်ပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၁၀**
ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းနှင့် ဟသ်ာလမ်းထောင့်ရှိ ယခင်တိုင်းဒေသကြီး ဘောလုံးအားကစားကွင်းနေရာ၌ စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဟံသာဝတီ ယူနိုက်တက်ဘောလုံးအသင်း၏ အိမ်ကွင်း Grand Royal Stadium ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက မိမိတို့ တိုင်းဒေသကြီးသည် တစ်ချိန်က မြန်မာ့ဘောလုံး အားကစားကို များစွာအထောက်အကူပြုသည့် သမိုင်းကြောင်းအစဉ်အလာ ကြီးမားသော တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ တစ်ချိန်က ဘောလုံးအစဉ်အလာကောင်းများရှိခဲ့ပြီး နိုင်ငံ့လက်ရွေးစင်အသင်းအတွက် အားထားရမည့် ဘောလုံးသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းစေရန်အတွက် ဟံသာဝတီယူနိုက်တက်အသင်းနှင့်အတူ အားလုံးဝိုင်းဝန်းကြိုးစားကြရန် လိုကြောင်း၊ တစ်နိုင်ငံလုံးစိတ်ဝင်စား အားပေးသည့် ဘောလုံးအားကစားကို ပဲခူးတိုင်းဒေသကြီးအတွင်းက ကျောင်းသားလူငယ်တွေ ပိုမိုလေ့လာလိုက်စားပြီး မလိုလားအပ်သော မူးယစ်ဆေးဝါးနှင့် မကောင်းမှုအလုပ်များကို မလုပ်မိအောင် ကျေးရွာတိုင်း၊ ကျောင်းတိုင်းတွင် ဘောလုံးကွင်းများ ရှိလာစေရန် အစိုးရအဖွဲ့မှ ရေရှည်စီမံချက်ချမှတ်ပြီး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး ဟံသာဝတီယူနိုက်တက်ဘောလုံးအသင်းပိုင်ရှင် ဦးအောင်မိုးကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် အခြေခံပညာကျောင်းများအတွက် ဘောလုံးအလုံး ၅၀၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံ ပေးအပ်လှူဒါန်းသည်။

ဟံသာဝတီယူနိုက်တက် ဘောလုံးအသင်း၏အိမ်ကွင်းသည် ပရိသတ် ၃၀၀၀ ကြည့်ရှုနိုင်သော ဘောလုံးကွင်းဖြစ်ပြီး အဆိုပါကွင်း၌ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင်ဘောလုံးပွဲစဉ်များ၊ တိုင်းဒေသကြီးအဆင့် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပွဲများ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင်နှင့် ဌာနဆိုင်ရာများ၊ ဟံသာဝတီယူနိုက်တက်အသင်းပိုင်ရှင် ဦးအောင်မိုးကျော်၊ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများမှ တာဝန်ရှိသူများ၊ ဘောလုံးပရိသတ်များ၊ အနုပညာရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ရေနုတ်မြောင်းများ တူးဖော်နေမှု ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား စက်တင်ဘာ ၁၀**
မြစ်ကြီးနားမြို့တွင်း မိုးရေဝင်ရောက်မှုကြောင့် ရပ်ကွက်များအတွင်း ရေဝပ်၊ ရေလျှံမှုမရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ပင်မရေနုတ်မြောင်းများနှင့် ချိတ်ဆက်လျက်ရှိသော ရေမြောင်းများ ဖောက်လုပ်နေမှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ စီတာပူရပ်ကွက်အတွင်းရှိ လမ်းသွယ်များတွင် ရေနုတ်မြောင်းများ ဖောက်လုပ်နေမှုနှင့် တက္ကသိုလ်လမ်းမကြီးတစ်လျှောက် ရေနုတ်မြောင်း ဖောက်လုပ်ဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး အေးစေတီရပ်ကွက်၊ ပြည်လုံးချမ်းသာပရဟိတကျောင်းမှတစ်ဆင့် ဖောက်လုပ်လျက်ရှိသည့် ရေနုတ်မြောင်း ဖောက်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ရပ်ပူရပ်ကွက်အတွင်း ဖြတ်သန်းဖောက်လုပ်ထားသည့် အမှတ် (၄) ပင်မရေနုတ်မြောင်း ကျောက်ရိုးစီခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့်ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့သစ်ကြီး ရပ်ကွက်အတွင်း ဖြတ်သန်းဖောက်လုပ်သွားမည့် ပင်မရေနုတ်မြောင်းကို ကျောက်ရိုးစီရေ နုတ်မြောင်း ဖောက်လုပ်သွားမည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့ပေါ်ရပ်ကွက်များအတွင်း ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် ရပ်ကွက်နေပြည်သူများအား အများအကျိုးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်းကို သဘောပေါက်နားလည်အောင် အသိပေးရှင်းလင်းသွားရန်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို ပြည်သူများနှင့်အတူ ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်ပြန်/ဆက်**



ထားဝယ်မြို့နယ် မေတ္တာမြို့ အခြေခံပညာ အထက်တန်းကျောင်း (မေတ္တာ)၌ ထားဝယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးဝင်း၊ ဒု-ရဲမှူး စံသောင်း အမှတ် (၃၃) မူးယစ်တပ်ဖွဲ့စု (ထားဝယ်) တို့က မှုခင်း အသိပညာပေးနှင့် လုံခြုံရေး အသိပညာပေးဟောပြောခြင်းများ၊ မူးယစ်ဆေးဝါး ပညာပေးဟောပြောခြင်းများကို စက်တင်ဘာ ၉ ရက် က ဆောင်ရွက်ခဲ့ရာ မေတ္တာမြို့ပေါ်ရပ်ကွက် (၁၊ ၂၊ ၃) တို့မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာကြည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၇၀ ခန့် တက်ရောက်ခဲ့သည်။

ဓာတ်ပုံ - ၅၂၆

# ဒလ-ဓနုတ် ကွန်ကရစ်ကားလမ်းကို အဆင့်မြှင့်တင်သွားမည်



**ရန်ကုန် စက်တင်ဘာ ၁၀**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ဒလ-ဓနုတ် ကွန်ကရစ်ကားလမ်းမ အပိုင်းရှိ အကျယ် ၁၂ ပေ၊ အရှည် ၁၃ မိုင် ၅ ဖာလုံ ခန့်ရှိသော ကွန်ကရစ်ကားလမ်းမအား အကျယ် ၁၈ ပေ၊ ထု ၇ လက်မ ခန့်ဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဒလမြို့ နာရီစင်ကားလမ်းအထွက်မှစတင်ပြီး ရခိုင်ချောင် ကျေးရွာအထိ ကွန်ကရစ်ကားလမ်းမအပိုင်းအား တိုးချဲ့ပြီး ယာဉ်နှစ်စီးတိမ်းရှောင် မောင်းနှင်သွားလာနိုင်သည့် ကားလမ်းမကြီးအဖြစ် အဆင့်မြှင့်တင် တိုးချဲ့ပေးခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဒလမြို့နယ် နာရီစင်ကားလမ်း အထွက်နေရာမှ စတင်ပြီး ကွန်ကရစ်ကားလမ်းမမှာ အလွန်ကျဉ်းမြောင်းခြင်းတို့ကြောင့် ယာဉ်နှစ်စီးမောင်းနှင်သွားလာရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး ကားလမ်းမတွင် ယာဉ်မတော်တဆမှုများ ကြုံတွေ့နေရပြီး တန်ပိုကားကြီးများ ဖြတ်သန်းမောင်းနှင်မှုတို့ကြောင့် လမ်းများ ပျက်စီးလျက်ရှိကာ မကြာခဏ လမ်းပိတ်ဆို့မှုများလည်း ကြုံတွေ့နေရခြင်းတို့ကြောင့် ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် ဆောက်လုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ကွန်ကရစ်ကားလမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကားလမ်းဝဲ/ယာ၌ မြေသားတာပေါင်ဖို့ခြင်းကို ယခုနှစ် မေလကစတင်ခဲ့ရာ ကွန်ကရစ်ကားလမ်းအဆင့်မြှင့်တင် တိုးချဲ့ပေးနိုင်ရေးအတွက် ယခုအခါ မြေသားခံနိုင်ဝန်ရှိအောင် တာပေါင်ဖို့ခြင်းလုပ်ငန်းများ ပြီးစီးသွားပါက အဆင့်ဆင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ ဒလ-သခွပ်-လက်ခုပ်ကုန်း-ကညင်းကုန်းအထိ အရှည် ၃၆ မိုင်ခန့်ရှိပြီး သက်ဆိုင်ရာ အပိုင်းကဏ္ဍအလိုက် မြို့နယ်ဆောက်လုပ်ရေး ဦးစီးဌာနမှ ကွန်ကရစ်ကားလမ်းမကို အဆင့်မြှင့်တင် တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ကားလမ်းမကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ဒလ-ဓနုတ်၊ လက်ခုပ်ကုန်း၊ ကညင်းကုန်း၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများနှင့် ဧရာဝတီတိုင်းဒေသများအထိ လမ်းမကြီး ပိုမိုကောင်းမွန်လာနိုင်ပြီး ယခင်ထက် ကုန်စည်များ ကူးသန်းသွားလာမှုနှင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် များစွာဖွံ့ဖြိုးတိုးတက်မြင့်မားလာမည်ဖြစ်သည်။

**နိုင်လင်းကျော်(ဒလ)**

# ရွှေဘို-မြစ်ကြီးနားမြို့တွင်းလမ်း နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး

**ရွှေဘို စက်တင်ဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို-မြစ်ကြီးနား မြို့တွင်းလမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ခရိုင်လမ်းဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း ၅၅၀ ဖြင့် ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးနေရဲလင်းနှင့် တာဝန်ရှိသူတို့က စက်တင်ဘာ ၇ ရက် နံနက် ၁၁ နာရီတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါလမ်းကို ၁ ဒသမ ၈ ကီလိုမီတာမှ ၃ ဒသမ ၂ ကီလိုမီတာအထိ စုစုပေါင်း ၁ ဒသမ ၄ ကီလိုမီတာကို အကျယ် ၄၈ ပေ နိုင်လွန်ကတ္တရာလမ်းခင်းခြင်း၊ တစ်ဖက်လျှင် အကျယ် သုံးပေ ကွန်ကရစ်လမ်းပခုံး ပြုလုပ်ခြင်း၊ ငါးပေရှိ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းနှင့် ကျောက်ရိုးစီမြေကာနံရံပြုလုပ်သွားမည်ဖြစ်ကြောင်း ခရိုင်လမ်းဦးစီးဌာနမှ သိရသည်။

**(ခင်ဦးစိုးဝေ)**

# သွားလာမှုအဆင်ပြေစေရေးစင်္ကြံနှင့်ကားရပ်နားရန်နေရာများဆောင်ရွက်

**ဗိုလ်တထောင် စက်တင်ဘာ ၁၀**
တောင်ပိုင်းခရိုင် အင်ဂျင်နီယာဌာန(လမ်း/တံတား) ခရိုင်မှူး ဦးတင်ထွန်းဦး၏စီမံမှုဖြင့် ဌာနစုမှူး ဦးမိုးထိန်လင်း ကြီးကြပ်လျက် လုပ်သားများသည် စက်တင်ဘာ ၈ ရက်က ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း (မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)၌ မိဘပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် လူသွားစင်္ကြံ အကျယ် ၅ပေ၊ အကျယ် ၁၄ ပေ ခွဲရှိ ယာဉ်ရပ်နားရန် နေရာနှင့် အကျယ် ၃ ပေ အနက် ၄ ပေ ရှိ ရေနုတ်မြောင်း အသစ် တည်ဆောက်ပေးခြင်း၊ ရေနုတ်မြောင်းဖုံးအကျယ် ၄ ပေခွဲ၊ ဒု ၄ လက်မ ပြုလုပ်ကာ ဖုံးအုပ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



“ပွင့်လင်းရာသီရောက်လာပြီဖြစ်တဲ့အတွက် မိဘပြည်သူတွေ သွားလာမှုအန္တရာယ်ကင်းစေဖို့၊ မော်တော်ယာဉ်တွေရပ်နားရန်နေရာများ ကွန်ကရစ်ခင်းပေးထားပါတယ်။ ဒီလုပ်ငန်းတွေကို ဩဂုတ်လလယ်က စပြီးဆောင်ရွက်တာပါ။ အောက်တိုဘာလကုန်ပိုင်းမှာ အားလုံးပြီးစီးမှာဖြစ်ပါတယ်။ ဝဲ/ယာနှစ်ဖက်ကို စနစ်တကျဆောင်ရွက်ပေးတာပါ”ဟု အင်ဂျင်နီယာဌာနစုမှူး ဦးမိုးထိန်လင်းက ပြောသည်။

**(၅၉၇)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၇–ခုနှစ်၊ စက်တင်ဘာလ (၆)ရက်၊ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ကျင်းပပြုလုပ်ခဲ့သော ASEAN နှစ်(၅၀)ပြည့်အထိမ်းအမှတ်၊ နှစ်ပေါင်း (၅၀)အတွင်း ပထမဆုံးနှင့် အမြင့်မားဆုံးဆု ဖြစ်သော **"နိုင်ငံအလိုက် ခေတ်အဆက်ဆက် အအောင်မြင်ဆုံးနှင့် ပြည်သူ့အကျိုးပြုဆုံး စီးပွားရေးလုပ်ငန်းရှင်ဆု (The Legacy Award)"** အား ချီးမြှင့်ခြင်းခံရသည့် မြန်မာနိုင်ငံမှ **KBZ BANK / KBZ GROUP**၊ **Founder and Chairman**၊ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ နာယက ဦးအောင်ကိုဝင်း** အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ASEAN နှစ်(၅၀)ပြည့်အထိမ်းအမှတ်၊ နှစ်ပေါင်း (၅၀)အတွင်း ပထမဆုံးအကြိမ်ချီးမြှင့်သည့် အမြင့်မားဆုံးဆု ဖြစ်သော **"နိုင်ငံအလိုက် ခေတ်အဆက်ဆက် အအောင်မြင်ဆုံးနှင့်ပြည်သူ့အကျိုးပြုဆုံး စီးပွားရေးလုပ်ငန်းရှင်ဆု (The Legacy Award)"** အား ချီးမြှင့်ခြင်းခံရသော KBZ BANK / KBZ GROUP၊ Founder and Chairman၊ **မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (MGJEA) ၏ နာယက ဦးအောင်ကိုဝင်း** အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (MGJEA)

# ဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S) သို့မဟုတ် (B.D.S) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ (Grading Certificate) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)နှင့် ပတ်စပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး၊ အောက်တိုဘာလ ၂၇ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

BAYER

Supradyn®

No.1 Brand in Europe

EMP

ISO 9001 : 2015

Coenzyme Q10 ပါဝင်တဲ့
Supradyn New Formula




ဂျာမနီနိုင်ငံ၏ ကမ္ဘာ့ထိပ်တန်း ဆေးဝါးကုမ္ပဏီ Bayer မှ
ထုတ်လုပ်သည့် International brand ဖြစ်သော Supradyn

စွမ်းအင်ဖြည့်တင်း ရူပရာဒင်း
အားဆေး

ရှေ့တော်သီးမှို့ ကင်းစင်သော
ကြက်ဖ တံဆိပ် ငရုတ်ဆီအမျိုးမျိုး

လူတန်းစားမရွေး ဝယ်ယူနိုင်မည့်
အရသာပြီးပြည့်စုံသည့်
အကောင်းစား ငရုတ်ဆီ

- ငရုတ်သီးမှို့ကင်းစင်ကြောင်း အာမခံသည်။
- အမေရိကန်ပြည်ထောင်စုတွင် ထုတ်လုပ်သည်။ မြန်မာနိုင်ငံ FDA မှ စမ်းသပ်စစ်ဆေး ထောက်ခံချက်ရရှိပြီးဖြစ်သည်။




ကြက်သွန်ဖြူပါဝင်သည့် ငရုတ်ဆီ

မည်သည့်ဟင်းလျာမျိုးနှင့်မဆို တွဲဖက်စားသုံး/ ချက်ပြုတ်နိုင်သည့် ငရုတ်သီးအနှစ်

ငရုတ်သီးစစ်စစ် ငရုတ်ဆီ (ဆိုးဆေးမပါ၊ အရောအနှောမပါ)



Authorized Distributor
Zar & Zar Co., Ltd.
Tel: (01)8604552, 8604553, 8604554

Huy Fong Food Inc, USA

MADE IN USA

ဆင်တူယိုးမှားသတိပြုပါ။ ပုလင်းပေါ်တွင် အသားတံဆိပ် "MADE IN U.S.A" ပါမှ ပစ္စည်းစစ်မှန်ပါသည်။

မ ဟာ ရေ ရာ ကု မ္ပ ဏီ လီ မိ တက်

ရေသည်လူ၏ အသက်
သင့် ကျန်းမာရေးဖြစ်သန့်ရှင်းသောရေကိုသောက်ပါ

- Sand filter
Carbon filter
Birm filter
Resin filter များဖြင့် ရေတွင်ပါဝင်သော အနည်၊ အရောင်၊ အနံ့၊ သံချေး၊ ထုံးဓာတ်များကို ဖယ်ရှား ပေးပါသည်။

ONE YEAR GUARANTEE!



၇၅ဂါလံ = 220000 Now = 198000
၇၅ဂါလံ = 250000 Now = 225000
၂၀၀ဂါလံ = 400000 Now = 360000
၄၀၀ဂါလံ = 730000 Now = 657000

ရန်ကုန် အမှတ်(၉၅)၊ရွှေတောင်တန်းလမ်း(အလယ်ဘလောက်)၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉-၇၇၇၄၁၄၁၁၆၊၀၉-၇၇၇၄၁၄၁၁၈၊၀၉-၇၇၇၁၈၈၀၃၂
မန္တလေး မ၂/၅၆၃-လမ်း၊ ၄၃-လမ်းနှင့်သိပ္ပံလမ်းကြား၊ မဟာအောင်မြေမြို့နယ်၊မန္တလေး။ဖုန်း -၀၉-၄၃၁၂၇၈၉၉ ၊၀၉ ၄၀၂၇၀၀၀၉၈၊၀၉-၂၅၀၀၂၇၂၉၁

ခနရာကောင်းတိုက်ခန်းရောင်းမည်
သုဝဏ္ဏ-ကမာကြည်လမ်းမကြီး
ဘေးပြင်ထွာ(၁၈'x၅၂')ညှိပြင်ပြီး
တိုက်သစ်၊ Viewအနေအထားကောင်း
ဈေးနှုန်းမှတ်တိုင်နီး (၃၅၁)သိန်း
09 799576201

အမြန်ရောင်းမည်။
မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်(၂)၊ အမှတ်(၃)လမ်းမှ (၁)လမ်းကျော်
၁။ 70'x100' (သစ်အဆောက်အဦး) ရေ မီးပါ (ဂရန်အမည်ပေါက်)
၂။ လမ်းမမှ (၂)လမ်းကျော် ကာယ(၃)လမ်း၊ 100'x100'
(မြေသီးသန့်) ဂရန်အမည်ပေါက် 09967 999888

GZ Real Estate Company

လူကြီးမင်းတို့၏ ကွန်ဒိုတိုက်ခန်း၊ လုံးချင်းအိမ်ရာနှင့် မြေကွက် ရောင်း၊ဝယ်၊ငှားရမ်း ခြင်းများကို အချိန်တိုအတွင်းထိရောက်အောင်မြင် စေရန်ကျွန်ုပ်တို့၏ GZ Real Estate Company (Japan Branch) မှ တာဝန်ယူပေးပါရစေ။

လူကြီးမင်းတို့ပိုင်ဆိုင်သောရန်ကုန်ဧရိယာအတွင်းရှိကွန်ဒို၊တိုက်ခန်း၊လုံးချင်းမြေကွက်များရောင်း၊ဝယ်၊ငှားရမ်းလို ပါကအမြန်ဆက်သွယ် အပ်နှံနိုင်ပါသည်။

*ဆက်သွယ်ရန် * 09-458285095, 09-424523234

အမှတ် (253/285) ,အခန်း (004-F) ,၄ လွှာ၊ Great Cairo ကွန်ဒို၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ရုံးချိန် - တနလ်ာ မှ သောကြာ (၈ နာရီ မှ ၅ နာရီ အထိ)

ကြော်ငြာ

## နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး

nurture preschool
We nurture tomorrow leaders!



Emotional Development (EQ)
Intellectual Development (EQ)
Moral Development
Physical Development
Social Development

လစဉ်ကျောင်းအပ် လက်ခံနေပါပြီ

| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ |
|---|---|---|---|---|
| 09262963774, 09262963775 | 09254148005, 09450694035 | 01-549590, 09254148006 | 09259822226, 09259822227 | 01-8011315 09259822220 |

## ဦးအောင်ဟိန်းကျော်

အတန်းအားလုံးစာအုပ်(လုံး၀) မကိုင်ဘဲသင်သည်

•Translation

အင်္ဂလိပ်စာရေးနည်း (အခြေခံ/ အဆင့်မြင့်)

စာကျက်စရာမလို

စာကျမ်းမြဲသင်၊ ဘွဲ့ခြေခံမှ လက်ရေးတွဲ့ လေ့ကျင့်သည်၊ ၃ လတွင်းရေးတတ်ရမည်

အင်္ဂလိပ်စကားပြော သင်တန်း

▪နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

စာကျမ်းမြဲသင်၊ စကားသင်သည်၊ ၁ လအတွင်းပြောနိုင်ရမည်

● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)စာအုပ်ထွက်ပြီ

▪ 392468 09517184l

၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း၊ လသာ၊ ရန်ကုန်

## ရွှေစံမှီ •တန်ဘိုးနည်း အထူးအစီအစဉ်

+ မြဝတီ၊ မဲဆောက်၊ ဘုရားအံ့ဂူဘုရားများ 45000 | ကျိုက်ထီးရိုး(သောကြာ)
+ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ 45000 | ချောင်းသာ (နေ့စဉ်)
+ ရှင်သီဝလိခြေတော်ရာ၊ ငါးထပ်ကြီးဘုရား၊ စပ်လဲရေတံခွန် 18000

09-420420761, 09-420420762,09-420420763 အပတ်စဉ်–သောကြာ

## ရေခဲမုန့်၊Snack၊ဖျော်ရည်၊သစ်သီးယို၊မုန့်ဖုတ်သင်တန်း

ဂျယ်လီ ၊ ငါးမုန့် ၊ ဆော့စ် ၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်

EAC

အပတ်စဉ် တနင်္လာနှင့်ကြာသပတေးနေ့တိုင်း သင်တန်းစတင်ပါသည်။

Dimsum

76,ဂိုလ်ဒ္ဒတ္တမလမ်း၊ ဟားဂရာမီးပွိုင့်အနီး ဘောဂရပ်ကျက်၊ ကြည့်မြင်တိုင်။09-952111261

09-402520073 09.791111261,01.2315072

## ဒေါ်ခင်မြတ်ဆု(ညှော်လမ်းညွှန်)

B.Sc(Chem.),Dip in Jpn(IFL)Noken(Japan)

ဂျပန်စကားပြောသင်တန်း

> ဂျပန် Kanji သီးသန့်သင်တန်း
> Basic N.5 /4 Skills သင်တန်းများ(အတန်းသစ်လစဉ်)
> ဂျပန်ဘာသာ ညှော်လမ်းညွှန် စကားပြောသင်တန်း

Tokyo, Osaka, Kobe, Fukuoka မြို့များတွင်

ကျောင်းတက်အလုပ်လုပ်လိုသောသူများအတွက် စီစဉ်ဆောင်ရွက်ပေးပါသည်။

183/3B, 51St, PH : 09-443103738, 09-5078996

## Khine ကိုရီးယားဘာသာသင်တန်းကျောင်း

(ကျောင်းခွဲမရှိပါ)

ကိုရီးယားနိုင်ငံတွင်လစာသိန်း(၂၀)ဝန်းကျင်ဖြင့်အလုပ်လုပ်ရန်

• လုပ်ငန်းအတွေ့အကြုံ၊ ပညာအရည်အချင်းမလိုပါ။
• E.P.S (TOPIK) စာမေးပွဲအောင်မြင်ရန်သာလိုပါသည်။
• စာမေးပွဲ Form တင်ခြင်း၊ ပတ်စပို့စ်လျှောက်ခြင်း၊ ဆေးစစ်ခြင်းအားလုံး ကျောင်းမှ စီစဉ်ပေးပါမည်။
• တစ်ကြိမ်တည်းဖြေဆိုအောင်မြင်ရန် အထူးတန်းခွဲများဖြင့် ထိရောက်စွာသင်ကြားပေးပါသည်။
• နယ်ကျောင်းသားများ အဆောင်နေ/စား စီစဉ်ပေးမည်။

အမှတ် - (၁၁၁)၊ ၁၅လမ်း(အလယ်)၊ ၃ - ထပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Ph : 09-73026940, 09-250641687
09-5162790

သင်တန်းဖွင့်မည့်ရက် – ၁၆.၉.၂၀၁၇

## ပညာချွန်



တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/သူများအတွက် လေ့လာရမည့် ဦးစိန်ဝင်း (ပညာချွန်)

အမြန်သုံး ဒသမတန်း၊ တက္ကသိုလ်ဝင်တန်း၊

ESSAYS & LETTERS ရေးနည်း VOLUME-I

နှင့်

GRAMMAR အမှတ်ကို အလွယ်တကူရယူနည်း လျှို့ဝှက်ချက်များ

အမြို့မြို့အနယ်နယ်မှ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပညာစိတ်(ပညာချွန်) စာအုပ်တိုက်

အမှတ်(၂၂၈)၊ အနော်ရထာလမ်း နှင့် ၃၉လမ်း(အထက်) ထောင့်ချိုး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

Ph: 01-253 143၊ 01-9190402၊ 09-5136746၊ 09-455160150

## အခြေခံယာဉ်မောင်းသင်တန်း

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မှ ဖွင့်လှစ်သောအခြေခံယာဉ်မောင်းသင်တန်းများကို လစဉ်လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto Manual) နှစ်မျိုးလုံးသင်ကြားပေးသည်။
အောက်တိုဘာလပုံမှန်သင်တန်း(၂-၁၀-၂၀၁၇)ဖွင့်မည်။
အောက်တိုဘာလအထူးသင်တန်း(၇-၁၀-၂၀၁၇)ဖွင့်မည်။
ဆက်သွယ်ရန် ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၀၉-၃၁၅၆၆၇၂၅၊ ၀၉-၇၉၅၆၁၀၉၇၀
Ocean Super Marketမဟာဗန္ဓုလတံတားအနီး (လူဦးရေကန့်သတ်ထားသည်)

## အမည်မှန်

နေပြည်တော်၊ အထက(၈)၊ ဒသမတန်း(ခ)မှ မောင်လ၀င်းရှိန်၏ အမည်မှန်မှာ မောင်လ၀န်းရှိန်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိုးလှခိုင်[၉/ပမန(နိုင်)၀၈၈၃၆၇]ဖြစ်ပါကြောင်း။
မောင်လ၀န်းရှိန်

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၈)၊ ဒသမတန်း(က)မှ မမြသက်ချယ်၏ ဖခင်အမည်မှန်မှာ ဦးဆန်းမြင့်[၁၂/ဥကမ(နိုင်)၁၇၃၅၁၆]ဖြစ်ပါကြောင်း။ **ဦးဆန်းမြင့်**

## VICTORIA UNIVERSITY COLLEGE

Partnership with
UNIVERSITY OF WOLVERHAMPTON
KNOWLEDGE • INNOVATION • ENTERPRISE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –

- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါသင်တန်းများအတွက် အခြေခံပညာအထက်တန်းအောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ် ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

သင်တန်းတွင် စာတွေ့လက်တွေ့ (၃)နှစ်ခွဲ သင်ယူရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာဆရာမများနှင့် UOW မှ ဆရာများမှ ပူးတွဲ သင်ကြားပို့ချမည်ဖြစ်သည်။

HND အောင်မြင်ပြီးသူများ၊ အစိုးရ BTech အောင်မြင်ပြီးသူများနှင့် အခြား နိုင်ငံတကာ အသိအမှတ်ပြု Level 5 အဆင့် အောင်မြင်ပြီးသူများသည် UK တွဲ့ နောက်ဆုံးနှစ် သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

**သင်တန်းကာလပြီးဆုံးပါက အင်္ဂလန်နိုင်ငံ (သို့) ပြည်တွင်းတွင် ကျင်းပမည့် ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရယူရမည်။**

မိဘများ၏ မေတ္တာရပ်ခံချက်အရ September တန်းခွဲအသစ်ကို ထပ်မံဖွင့်လှစ်ရန် စတင်လက်ခံပေးနေပါပြီ။

အသေးစိတ်အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာဌာန

ရန်ကုန် – အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower) ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၈၄။
မန္တလေး –အမှတ် (၁၅၁)၊ ၂၈လမ်း (၇၇ ထ ၇၈)၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၅၇၇၅၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။





## ဘင်္ဂါလီရွာတွေနဲ့ တိုင်းရင်းသားရွာအချို့ကို ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့နဲ့ ဘင်္ဂါလီကျေးရွာသားတချို့ ပူးပေါင်းမီးရှို့တာသေချာ ဘင်္ဂါလီတော်တော်များများ နေရပ်စွန့်ခွာပြီးနောက် မီးလောင်မှုလျော့နည်းသွားတာကို တွေ့ရ

ရဲမှူးချုပ် သူရစန်းလွင်

## မီးလောင်မှုနဲ့ပတ်သက်ပြီး အကြမ်းဖက်အဖွဲ့တွေအနေနဲ့ လုံခြုံရေးအဖွဲ့အစည်းတွေက မီးရှို့တယ်လို့ ပြည်ပမီဒီယာတွေကနေ စွပ်စွဲချက်တွေလုပ်ပြီး ထင်ယောင်ထင်မှားဖြစ်အောင် ပြောတယ်လို့ပဲယူဆ

ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်

မောင်တော စက်တင်ဘာ ၁၀

မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့တို့တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် တိုင်းရင်းသားကျေးရွာများနှင့် ဘင်္ဂါလီကျေးရွာများမှလူနေအိမ်များ မီးလောင်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရစန်းလွင်နှင့် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်တို့အား တွေ့ဆုံမေးမြန်းမှုများကို တင်ပြလိုက်ရပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းကို အပြင်းအထန် ဆန့်ကျင်ရှုတ်ချကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အကြမ်းဖက်မှုများ မဖြစ်ပွားရေး ပူးပေါင်းဆောင်ရွက်ရန် အစ္စလာမ်ဘာသာဝင်များသို့ အထူးအသိပေးပန်ကြား

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ သဘောထားကြေညာချက်နှင့် အစ္စလာမ်ဘာသာဝင်များသို့ အထူးအသိပေးပန်ကြားခြင်းတို့ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၉ ရက်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ သဘောထားကြေညာချက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးသည် အကြမ်းဖက်ဝါဒကို မည်သည့်အချိန်ကမှ လက်ခံခဲ့ခြင်းမရှိပါ၊ လုံးဝဆန့်ကျင်ပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐**

## ရန်ကုန်နှင့် ရှမ်းယူနိုက်တက်နိုင်ပွဲရ




ရန်ကုန်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၀**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၇) ဒုတိယနေ့ကို YUSC ကွင်းနှင့် ပုသိမ်ကွင်း၌ ကျင်းပသည်။

(YUSC) ကွင်း
ရန်ကုန် - နှစ်ဂိုး
GFA - ဂိုးမရှိ

နာမည်ကြီး ရန်ကုန်အသင်းသည် ရှုံးပွဲဆက်နေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး လက်ရှိချန်ပီယံ ရတနာပုံအသင်း၏ ရှုံးပွဲကြောင့် ဒုတိယနေရာကိုရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် အမာခံကစားသမားအစုံအလင် အသုံးပြုခဲ့သလို ဒဏ်ရာကြောင့် ကာလရှည်ကြာစွာ အနားယူနေရသည့် ကြည်လင်းကို ဒုတိယပိုင်းတွင် လူစားလဲအသုံးပြုခဲ့ပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



